

၂၀၀၃ ခုနှစ် စာပေဗိမာန်စာမူဆု

ကလေးစာပေ တတိယဆုရ

## “လရိပ်ညိုနှင့် ကြယ်ပျို တစ်သင်း ကလေးဝတ္ထုတိုများ”

ရေးသူ - စိုးတင့်ထူး (မအူပင်)


၁၉၅၄ ခုနှစ်တွင် အဖ ဦးဘစိ၊ အမိ ဒေါ်ငြိတို့မှ မအူပင်မြို့တွင် မွေးဖွားခဲ့သည်။ မအူပင်မြို့ရှိ အထက (၁)၊ အထက (၂) တို့တွင် ပညာသင်ကြားခဲ့သည်။

မအူပင်မြို့နယ်အဆင့် စာပေပြိုင်ပွဲများတွင် ဆု (၉) ကြိမ် ရရှိခဲ့သည်။ ရန်ကုန်မြို့၌ ကျင်းပသော ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲများတွင် ဆု (၇) ကြိမ် ရရှိခဲ့သည်။ တပ်မတော်နေ့ စာပေပြိုင်ပွဲများတွင် ဆု (၄) ကြိမ် ရရှိခဲ့ပြီး ၁၉၉၈၊ ၂၀၀၁၊ ၂၀၀၃ ခုနှစ်များအတွက် စာပေဗိမာန် စာမူပြိုင်ပွဲတွင် ဒုတိယဆု၊ တတိယဆုများ ရရှိခဲ့သည်။ စာပေဗိမာန် စီမံရေးရာဌာနတွင် တာဝန်ထမ်းဆောင်ရင်း စာနယ်ဇင်းများတွင် ဝတ္ထု၊ ကဗျာများ စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။

မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သော ဇာတ်လမ်းပဟေဠိ နားဆင်စရာ ကဏ္ဍတွင် ဝတ္ထုတို (၄) ပုဒ် အသံလွှင့်ပြီး ဖြစ်သည်။ ရွှေသွေးဂျာနယ်ပါ "မကျည်းတန်" အမည်ရှိ ကဗျာသည် မူလတန်းပြ ပြည်သူ့နီတိ ကျောင်းသုံးစာအုပ်တွင် ပြဋ္ဌာန်းခြင်းခံခဲ့ရသည်။

အမည်ရင်းမှာ - ဦးစိုးတင့် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် (၂၁၀)၊ အခန်း (၇ - ဘီ)၊ ဗိုလ်တထောင် ရှေးလမ်း၊ အမှတ် (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



၂၀၁၀ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)

တန်ဖိုး (၅၀၀) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ကလေးစာပေ၊ တတိယဆုရ

# လရိပ်ညိုနှင့် ကြယ်ပျိုတစ်သင်း
# ကလေးဝတ္ထုတိုများ

**စိုးတင့်ထူး (မအူပင်)**

**စီစဉ်တည်းဖြတ်သူ** – ဒေါ်ခင်ဝါဆွေ (ဝါဝါ – အင်းစိန်)
စာတည်း

**အဖုံးပန်းချီ** – ဇော်နိုင်ထွန်း

**စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်**

## ဒို့တာဝန်   အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- ☆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## မာတိကာ


| စဉ် | စာမူအမည် | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အမှာစာ | ...... | |
| ၂။ | ပထမလရောင် | ...... | ၁ |
| ၃။ | ဒုတိယလရောင် | ...... | ၄၅ |
| ၄။ | တတိယလရောင် | ...... | ၈၁ |
| ၅။ | စတုတ္ထလရောင် | ...... | ၁၁၁ |
| ၆။ | ပဥ္စမလရောင် | ...... | ၁၄၁ |


## အမှာစာ

အမှောင်ကိုဖြိုခွင်း၍ အလင်းဆောင်နိုင်သည်မှာ လရောင်၏ စွမ်းပကားပင်ဖြစ်၏။ ပူလောင်နွမ်းနယ်မှုကို ငြိမ်းအေးခြင်းဖြင့် ဆေးကြောပေးနိုင်သည်မှာလည်း လရောင်ပင်ဖြစ်သည်။

မကောင်းမှုအပေါင်းကို လရောင်က မောင်းထုတ်နိုင်စွမ်းရှိ၏။ ထို့ကြောင့် လရောင်ကို တစ်လောကလုံးက မျှော်လင့်တောင့်တခဲ့ကြ၏။ စင်စစ် ငြိမ်းအေးမှုကို ကိုယ်စားပြုသော လရောင်တွင် ကောင်းမှုများစွာတည်ရှိနေ၏။ ထိုကောင်းမှုများကို အနှစ်ချုပ်လိုက်လျှင် အဓိကအားဖြင့် ငါးပါးသီလကို ထိန်းသိမ်းခြင်းဖြစ်၏။

'လရိပ်ညိုနှင့် ကြယ်ပျိုတစ်သင်း' တွင် ငါးပါးသီလကို ထိန်းသိမ်းနိုင်ရေးအတွက် ဦးတည်ဖော်ဆောင်ထားသည်။ ယင်းငါးပါးသီလကို ယနေ့ ကလေးလူငယ်များ သိသင့်သည်။

ပင်လယ်သမုဒ္ဒရာတို့မှာ အနားသတ်ကမ်းစပ် ရှိကြသလို လူ့ဘောင်လောကမှာလည်း ကိုယ်ကျင့်တရား၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်စသည့် လူမှုကျင့်ဝတ် အနားသတ်တွေရှိ၏။

ကလေးသူငယ်တို့သည် လူ့ဘောင်လောကကြီးထဲ ရောက်လာကြသော လူသစ်ကလေးများ ဖြစ်ကြ၏။ ထိုအရွယ်

ကလေးများတို့သည် လူမှုကျင့်ဝတ် အနားသတ်များကို ဘာတစ်ခုမျှ နားမလည်ကြသေးချေ။ ဆင်ခြင်စဉ်းစားမှု နည်းပါးသည့် အရွယ်ကလေးများ ဖြစ်ကြသည်။

ထို့ကြောင့် ကလေးငယ်များ ဉာဏ်အားနှင့်စဉ်းစားလာကြရန် ပတ်ဝန်းကျင်က ပြုစုပျိုးထောင်ပေးရမည်။ အလေ့ကျသစ်ပင်နှင့် ပြုစုပျိုးထောင်သောသစ်ပင်ကလေးများ ဖွံ့ဖြိုးမှုကကွာခြားလှ၏။ စနစ်တကျပြုစုပျိုးထောင်ကာ ရေ၊ လေ၊ နေ၊ မြေသြဇာ ပြည့်ပြည့်ဝဝရရှိသည့် အပင်ငယ်ကလေးများ ဖွံ့ဖြိုးမှုက မြန်ဆန်လှ၏။

ထို့နည်းတူ ကလေးများကိုလည်း စနစ်တကျပြုစုပေးရန် နည်းစနစ်များစွာရှိ၏။ ထိုစနစ်ထဲမှ စာပေနှင့် ထူထောင်ပေးခြင်းသည် အထိရောက်ဆုံးဟု ထင်၏။ စာပေထဲတွင် ကိုယ်ကျင့်တရားတွေ၊ ယဉ်ကျေးမှုတွေ၊ ဘာသာတရားတွေရှိ၏။ ထိုအရာများကို ကလေးငယ်များစိတ်ဝင်စားဖတ်ရှုလာအောင် ရေးသားပြုစုနိုင်လျှင် ရှင်သန်ဖွံ့ဖြိုးမှုက မြန်ဆန်ကြီးထွားလာမှာ မလွဲပင်။

ယခုလည်း လရိပ်ညိုနှင့် ကြယ်ပျိုတစ်သင်း စာမူသည် ကလေးငယ်များ အသိတရားဆင်ခြင်ဉာဏ် ခွန်အားစွမ်းပကားကြီးမြင့်လာစေရန် ရည်ရွယ်ရေးသားထားသော စာမူဟုဆိုပါရစေ။ ။

**(စာရေးသူ)**

# ပထမလရောင်

**ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၏၊ အသက်တိုလျှ ပြစ်များစွသည်၊ ရှောင်ကအပြန်အကျိုးတည်း။ ။**

**အရှင်ဇနကာဘိဝံသ**
**အမရပူရတောင်မြို့ဆရာတော်**

"နောင် . . . နောင်. . . နောင် . . ."

ညနေစောင်းသည်နှင့် ဆီမီးခုံရွာကလေး၏ အနောက်ဘက်မှ ကြေးစည်သံကလေးပေါ်လာ၏။ ထိုအသံကလေးကြောင့် "ကြွက်ကလေး" တို့လူစု ကန်သင်းရိုးကြား ငါးရှာနေရာမှ ခေါင်းတထောင်ထောင် ဖြစ်သွား၏။

အမှန်တော့ . . . သူတို့လူစုကို ဘွားရွှေလက ကြေးစည်သံကလေးနှင့် အချက်ပေးလိုက်ခြင်းဖြစ်သည်။

ချိုတူးက ကြွက်ကလေးကိုကြည့်ပြီး မျက်လုံးပြူးမျက်ဆံပြူးနှင့် ပြောလိုက်၏။

"ဟာ. . . ဘွားရွှေလ ခေါ်နေပြီကွ၊ ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်ပါ့ကွာ . . .၊ မလာရင် ဘွားရွှေလ လိုက်လာမှာ သေချာတယ်ကွ"

"ဒါဆို ငါတို့မိထားတဲ့ ငါးရံ့ခေါင်းတိုတွေ ဘယ်လိုလုပ်ကြမလဲ. . .၊ ပြီးတော့ ဟိုဘက် ရိုးစပ်မှာ ခေါင်းတိုကြီးနှစ်ကောင် တွေ့လိုက်သေးတယ်ကွ. . ."

"ဟာ. . . ချိုတူးကလည်း လောဘကြီးနေပြန်ပြီကွာ၊ မင်းလက်ထဲက ငါးတွေကို မင်းအဖေဆီအမြန်ပြန်ပေးလိုက်လေကွာ. . .၊ ငါတို့ ဘွားရွှေလဆီ အရင်ဆုံးသွားနှင့်မယ်. . ."

"ဟင် . . . ဟို . . . ဘွားရွှေလ မေးရင်ကော. . ."

"မင်းအဖေခိုင်းထားတယ်လို့ ပြောမှာပေါ့ကွ . . ."

"ဟာ . . . ငါတို့ငါးရှာနေတာ. . . မိညက်တို့မြင်သွားတယ်နော်. .၊ တော်ကြာ ဘွားရွှေလကိုတိုင်ရင် ပြဿနာပဲ. . ."

"မကြောက်စမ်းပါနဲ့ကွာ. . .၊ ငါနဲ့ဖိုးကုလား အရင်ဆုံး သွားနှင့်မယ်ဟေ့. . ."

"အေးလေ. . . ဒါဆို ငါ့အဖေဆီပြေးတော့မယ်. . ."

ချိုတူးတစ်ယောက် ငါးနှိုက်ရင်းပေကျံနေသော ခန္ဓာကိုယ်ပေါ်မှရွှံ့များကို ရေနှင့်ဆေးကျောလိုက်ပြီး ဖမ်းမိထားသော ငါးခေါင်းတိုများကို နီးကြိုးနှင့်သီကာ ရွာပြင်ရှိထန်းတောများဆီ ပြေးသွားလေတော့၏။

ထိုအချိန်တွင် ဖိုးကုလားနှင့်ကြွက်ကလေးတို့နှစ်ဦးသည် ခြေထောက်တွေ၊ လက်တွေကို ဆေးကျောပြီးသည်နှင့် ဘွားရွှေလ နေထိုင်ရာ ရွာအနောက်ဘက်သို့ ထွက်ခဲ့ကြ၏။



စင်စစ် ဆီမီးခုံရွာကလေးတွင် ကြွက်ကလေးတို့ လူသိုက်အကြောက်ဆုံးမှာ ဘွားရွှေလပင်ဖြစ်သည်။ သွေးသားမတော်စပ်သော်လည်း သူတို့ အဖေအမေတွေကိုယ်တိုင် ဆုံးမသွန်သင်ဖို့ အပ်ထားခဲ့သဖြင့် ညနေစောင်းပြီးဆိုလျှင် ဘွားရွှေလဆီသွားပြီး ဘုရားရှိခိုးရ၏။

ဘွားရွှေလကား . . . အငြိမ်းစား ကျောင်းဆရာမကြီးဖြစ်ပြီး တစ်ချိန်က ဆီမီးခုံရွာ၊ မူလတန်းကျောင်းကလေးတွင် ကျောင်းအုပ်ကြီး လုပ်ခဲ့သူဖြစ်၏။ တစ်ရွာလုံးကလည်း ဘွားရွှေလ ဟေ့ဆိုတာနဲ့ နားရွက်ပင် မလှုပ်ရဲကြ . . .။

ရွာမှ ချိုတူးအဖေ ကိုပေါက်ကြီးက အဆိုးဆုံး။ အရက်သောက်၊ ဖဲရိုက်၊ နွားခိုး၊ ကြက်ခိုးနှင့် ထင်ရာလုပ်တတ်သောလူကြီး . . .။ သူ့နောက်မှာ ကာလသားတစ်သိုက်ကလည်း ရှိသည်မို့ တော်ရုံတန်ရုံလူတွေ မပြောရဲကြ . . .။

သို့သော် ဘွားရွှေလ ရွာကို ကျောင်းဆရာမအဖြစ် ရောက်လာကတည်းက ကိုပေါက်ကြီးတစ်ယောက်ပင် တုတ်တုတ်မလှုပ်ရဲတော့ . . .။ အမှန်တော့ ဘွားရွှေလက ဘယ်သူ့ကိုမှ နာအောင်၊ ကျင်အောင် ရိုက်နှက်တာလည်း မဟုတ်ပါချေ . . .။ အပြောအဆိုကအစ၊ ယဉ်ကျေးသိမ်မွေ့လှပြီး အနေအထိုင်ကလည်း တည်ကြည်လှ၏။

ချိုတူး၏ ပညာရေးကိစ္စနှင့် ပြောကြည့်ကြရာမှ ဘွားရွှေလ၏ မှန်မှန်ကန်ကန်ဒိုးဒိုးဒေါက်ဒေါက် ပြောပြခဲ့သော အချက်ကြောင့် ကိုပေါက်ကြီးလည်း ဘွားရွှေလပြောသမျှကို

ဘာတစ်ခွန်းမှ ပြန်မပြောရဲတော့ချေ . . .။ အမှန်မတော့ ကိုပေါက်ကြီးကိုယ်တိုင် ဘွားရွှေလ ကျောင်းတက်ခဲ့သည့် ကျောင်းသားမို့ တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောဝံ့ပါချေ . . .။

ကိုပေါက်ကြီးတို့ လက်ထက်က ဘွားရွှေလအား တစ်ကျောင်းလုံး ကြောက်ခဲ့ကြရသည်။ စည်းကမ်းရော၊ စနစ်ပါ ကောင်းမွန်လှပြီး အသင်အပြလည်း ကျွမ်းကျင်လှသည်မို့ ဘွားရွှေလ၏သတင်းက ရွာနီးချုပ်စပ်အထိ ကျယ်ပြန့်ခဲ့၏။

ထိုသို့ အသင်အပြကောင်း၍လည်း ကိုပေါက်ကြီးတို့ လက်ထက်က တန်းလုံးကျွတ်အောင်မြင်ခဲ့ဖူး၏။ ကိုပေါက်ကြီးက ငယ်စဉ်ကတည်းက မိုက်မိုက်ကန်းကန်းလုပ်တတ်၊ ကိုင်တတ်၊ ပြောတတ်၊ ဆိုတတ်သော်လည်း ဘွားရွှေလကိုတော့ ဖြုံ၏။

ထို့ကြောင့်လည်း ဘွားရွှေလကို ငယ်ကြောက်ဟု ဆိုရမည်ပင် . . .။ ကိုပေါက်ကြီးတို့ လေးတန်းအောင်ပြီးနောက် ဘွားရွှေလတစ်ယောက် ရာထူးတိုးပြီး မြို့ကျောင်း ပြောင်းသွားခဲ့၏။ ထိုရောအခါ နောက်ရောက်လာသည့် ဆရာမတွေနှင့် ကိုပေါက်ကြီး မပြေမလည် ဖြစ်ခဲ့၏။ ဘယ်သူ့စကားမှ နားမထောင်ဘဲ ကျောင်းသခ်န်းကို ကျောခိုင်းခဲ့၏။

သို့နှင့် ကိုပေါက်ကြီးတစ်ယောက် တဖြည်းဖြည်းနှင့် ရွာစဉ်တစ်လျှောက်မှာ လူဆိုးစာရင်းဝင် ဖြစ်ခဲ့၏။ သားဖြစ်သူ ချိုတူးကျတော့လည်း ကိုပေါက်ကြီး၏ ခြေရာကို မှီလုမှီခင်ပင် . . .။

ထင်ရာပြော ထင်ရာဆိုတတ်ပြီး၊ အတန်းပညာကို နည်းနည်းလေးမျှ ဂရုပြုသူမဟုတ်။ အမြဲတန်းကျောင်းပျက်နေ



တတ်ပြီး ဖားရှာ၊ ငါးရှာ၊ ငှက်ပစ်၊ ကြက်ပစ် စသည့်အလုပ်ကလေးများ လုပ်တတ်၏။ ချိုတူးကိုလည်း တစ်ရွာလုံးက ဖအေ့ခြေရာနင်းမည့်သားဟု ပြောစမှတ်ပြုထားကြ၏။

သို့သော် လွန်ခဲ့သောနှစ်ပိုင်းကစပြီး ချိုတူးငြိမ်ချက်သားကောင်းခဲ့ရသည်။ ထိုအချက်က တခြားမဟုတ်။ ရွာကိုပင်စင်ယူပြီးပြန်လာသည့် ဘွားရွှေလကြောင့်ပင် . . .။

ဘွားရွှေလက တပည့်တပန်းသံယောဇဉ်ကြီးလှ၏။ သူရွာရောက်သည်နှင့်ဦးဆုံးသတိရသူမှာ ကိုပေါက်ကြီးဖြစ်၏။ ထို့ကြောင့် ကိုပေါက်ကြီးသတင်းကို စုံစမ်းခဲ့ရာ ဖအေရောသားပါ ရွာ၏အော့ကြောလန်ဖြစ်နေသည်ကို သိခဲ့ရ၏။ ထိုသတင်းကြောင့် ဘွားရွှေလ စိတ်မကောင်းဖြစ်ခဲ့ရ၏။

ထိုသတင်းကြားလျှင်ကြားခြင်း ကိုပေါက်ကြီးဆီလိုက်ချသွားခဲ့၏။ သူ့ကိုမြင်တော့ အရက်တွေမူးနေသည်။ ဘွားရွှေလကို မြင်တော့ ကိုပေါက်ကြီးမှာ အိုးတိုးအမ်းတမ်းဖြစ်နေ၏။

သားဖြစ်သူ ချိုတူးကလည်း ကျောင်းမတက်ဘဲ ငါးရှာပြီး ပြန်အလာတွင် ဘွားရွှေလကိုမြင်တော့ ဖခင်ကြီး၏ ငယ်ဆရာမမို့ အကြီးအကျယ် ချောက်ခြားနေ၏။

ထိုစဉ် ဘွားရွှေလက ချိုတူးပခုံးကို ဖက်ပြီး ကိုပေါက်ကြီးကို နာနာလေးပြောပစ်လိုက်၏။ သူ့စကားတွေက မှန်ကန်လွန်းသဖြင့် ကိုပေါက်ကြီးမှာ တစ်ခွန်းပြန်မပြောရဲ . . .။ သူ့သားကို သူကိုယ်တိုင် ဒုက္ခရောက်အောင် လုပ်နေသည်ဟု မြင်လာသဖြင့် ဘွားရွှေလကိုပဲ ဆုံးမဖို့ အပ်နှံခဲ့၏။

သို့သော် ချိုတူးက ညဉ်မပျောက်ချင်။ ဖခင်နှင့်အတူ ပွေချင်လာ၏။ ဖားရှာ၊ ငါးရှာ၊ ငှက်ပစ်၊ ကြက်ပစ် လုပ်ချင်၏။ ယခုလည်း ဖခင်ကြီးက မူးမူးနှင့် ငါးရှာခိုင်းလိုက်သည်မို့ အကြိုက်တွေ့နေရာမှ ဘွားရွှေလ၏ ကြေးစည်သံကြောင့် ချက်ချင်း ဖခင်ကြီးဆီ ပြန်ပြေးသွားခြင်း ဖြစ်၏။

စင်စစ် ဘွားရွှေလက ရွာပြန်ရောက်လာစဉ်ကတည်းက စည်းကမ်းတစ်ခု လုပ်ထား၏။ ရွာထဲတွင် နာမည်ဆိုးကလေး ရှိနေကြသော ချိုတူးတို့လူသိုက်ကို သူ့ထံ ညနေစောင်း သည်နှင့် ဘုရားဝတ်ပြုရန် မှာကြားထား၏။ သူတို့အပြင် ရွာက ကလေးများလည်း ပါ၏။

သူတို့လူစု ရောက်သွားပြီဆိုလျှင် ဘွားရွှေလက သူ့တဲအို ကုတ်ကလေး၏ ခေါင်းရင်းဘက်ရှိ ဘုရားစင်ရှေ့တွင် စုဝေးထိုင် ခိုင်းပြီး ဘုရားဝတ်ပြု ခိုင်းတတ်၏။ ပြီးလျှင် ကျောင်းကပေးသော စာများကို လုပ်ခိုင်းတတ်၏။ ထို့နောက် သူတို့ အားလုံးကို ဗဟုသုတဖြစ်ဖွယ်၊ အားကျဖွယ်၊ လေးစားဖွယ်၊ အတုယူဖွယ် ကောင်းလှသော ပုံပြင်များ ရှေးခေတ် သူရဲကောင်းကြီးများ အကြောင်းကို ပြောပြတတ်၏။

ယခုလည်း ဖိုးကုလားနှင့် ကြွက်ကလေးတို့နှစ်ဦး ဘွားရွှေလအိမ်ကလေးသို့ အသွားတွင် အိမ်ဝင်ပြီး လွယ်အိတ် ယူကာ အပြေးသွားခဲ့ကြ၏။ သူတို့ရောက်ရှိသွားချိန်တွင် ဘွားရွှေလ၏ တဲကုတ်ကလေးရှေ့ရှိ မြေကွက်လပ်ဖြူဖြူလေး ပေါ်တွင် မိညက်တို့လူစုပင် ရောက်နှင့်နေကြပြီ ဖြစ်၏။



ဘွားရွှေလသည် အိမ်အောက်ဘက် တန်းလျားလေးပေါ် ထိုင်ကာ အကြမ်းသောက်နေ၏။ သူ့ကိုယ်ပေါ်တွင် ယောဂီ သဘက်လေးတစ်ထည် တင်ထား၏။

ကြွက်ကလေးသည် ဘွားရွှေလကိုမြင်သည်နှင့် ဖိုးကုလား ကိုလက်တို့လိုက်ပြီး အိမ်ဝိုင်းကလေးထဲ ဝင်ခဲ့၏။

"ဟဲ့ . . . ကြွက်ကလေးနဲ့ ဖိုးကုလားတို့လား . . ."

"ဟုတ်ပါတယ် ဘွားရွှေလ . . ."

"ချိုတူးရော ဘယ်မှာလဲ . . ."

"ဟို . . . သူ . . . သူ့အဖေဆီ သွားတယ် ဘွားရွှေလ"

"ဟုတ်လား . . . ဒီနားကို လာကြစမ်း . . ."

"ဟုတ်ကဲ့ . . . ဘွားရွှေလ . . ."

သူတို့နှစ်ဦး ဘွားရွှေလအနားသို့ ကုတ်ချောင်း ကုတ်ချောင်းနှင့် တိုးသွား၏။ မိညက်တို့၊ သိန်းကြည်မတို့ အုပ်စုက သူတို့နှစ်ဦးကိုကြည့်ပြီး မျက်စောင်းတထိုးထိုး လုပ်နေကြ၏။ ထိုစဉ် ဘွားရွှေလက . . .

"ဟဲ့ . . . ကြွက်ကလေး . . ."

"ဗျာ . . . ဘွားရွှေလ . . ."

"နင်တို့ ဘယ်က ပြန်လာကြသလဲ ပြောစမ်း . . ."

"ဟို . . . ဟို . . . ကျွန်တော်တို့ အိမ်ကထွက်လာကြ တာပါ . . ."

"ငါ့ကို မညာနဲ့နော် . . .၊ လိမ်တယ်ညာတယ်ဆိုတာ ကောင်းတာမဟုတ်ဘူး . . . မင်းတို့အရွယ်ဟာ ဘယ်တော့မှ လိမ်ညာမပြောသင့်ဘူး ကြွက်ကလေးရဲ့ ကြားလား . . ."

“ဟုတ်ကဲ့ . . . ဘွားရွှေလ . . .”

“ဒါဆို မှန်မှန်ပြောစမ်း . . .”

“ဟို . . . ဟို . . . အဲ . . .”

ကြွက်ကလေးမှာ ဘွားရွှေလ၏အကြည့်ကြားတွင် လိမ်ညာပြောဆိုရမှာကို မဝံ့မရဲဖြစ်နေ၏။ ဖိုးကုလားမှာ ပြောင်းဖူးမွှေးဆံပင်ကို တဗျင်းဗျင်းကုတ်နေ၏။

“ကဲ . . . ပြောလေ . . .”

“ကျွန်တော်တို့ ငါးသွားရှာတာပါ ဘွားရွှေလ”

“ဟုတ်လား . . . ငါးမရှာခင် မင်းတို့ ဘာလုပ်ကြသေးလဲ ပြောစမ်း . . .”

“ဗျာ . . .”

ကြွက်ကလေးမှာ ဘာဆက်ပြောလို့ ပြောရမှန်းမသိလိုက်ချိန်တွင် အိမ်ဝိုင်းထဲသို့ ချိုတူး အမောတကောနှင့် ရောက်လာ၏။ ဘွားရွှေလသည် သူ့ကိုမြင်သည်နှင့် အသံစူးစူးနှင့် လှမ်းခေါ်လိုက်၏။

“လာစမ်း. . . ချိုတူး. . .”

“ဟုတ် . . . ဟုတ်ကဲ့”

ချိုတူးသည် ဘွားရွှေလနားသို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကပ်လာ၏။

“ချိုတူး . . . ငါမေးတာ မှန်မှန်ပြောစမ်း . . .”

“ဟုတ် . . . ဟုတ်ကဲ့ ဘွားရွှေလ . . .”

“မင်းတို့လူစု ထမ်းတောဘေးက ဆီးပင်မှာ ငှက်သိုက် တက်နှိုက်တယ်ဆို . . .”



“ဗျာ . . .”

“မေးတာဖြေလေ . . .”

“ဟုတ် . . . ဟုတ်ပါတယ် ဘွားရွှေလ . . .”

“မင်းတို့ကို ငါဘယ်လိုပြောထားသလဲ ချိုတူး . . .”

“ဟို . . . အဲ . . .”

“ပြောလေ . . .”

“အဲ . . . သူများအသက်ကို မသတ်ရဘူးလို့ ပြောထားပါတယ် ဘွားရွှေလ . . .”

“အေး . . . ဒါဆို ဘာလို့များ သတ်ချင်၊ ဖြတ်ချင် စိတ်တွေ ကြီးနေကြတာလဲကွယ် . . . ပြောစမ်း ချိုတူး . . .”

“ဟို . . အဖေက ချိုး . . ချိုးကြော်စားချင်လို့တဲ့ . .”

“တိတ်စမ်း . . . နင့်အဖေပေါ် လွှဲမချနဲ့ မင်းတို့ ဘာလုပ်လုပ် ဘွားရွှေလပြောတာကို မမေ့ရဘူးလို့ ပြောထားတယ်မဟုတ်လား . . .”

“ဟုတ် . . . ဟုတ်ပါတယ် ဘွားရွှေလ . . .”

“အေး . . ဒီတစ်ခါတော့ ရှိပါစေ . . နောက် ဒီသတင်း ကြားရင် မင်းတို့အားလုံး အရိုက်ခံရပြီသာမှတ် ကြားလား . .”

“ဟုတ် . . . ဟုတ်ကဲ့ . . .”

“ကဲ . . . . ဒါဆို မင်းတို့အားလုံး ဘုရားဝတ်ပြုဖို့ ပြင်ကြ . . .”

“ဟုတ်ကဲ့ . . .”

ကြွက်ကလေးတို့လူစု ဘွားရွှေလကို ရဲရဲမကြည့်ဝံ့ကြဘဲ တဲကုတ်ကလေးပေါ် တက်သွားကြ၏။ တအောင့်အကြာတွင်

မိညွှက်တို့လူစုလည်း တက်လာကြပြီး ဘုရားဝတ်ပြုဖို့ ပြင်ဆင်လိုက်ကြ၏။ ထိုအချိန်တွင် ဘွားရွှေလတက်လာကာ ချိုတူးတို့ဘေးတွင် ကျုံ့ကျုံ့ကလေးထိုင်ပြီး ဘုရားဝတ်ပြုလိုက်ကြလေသည်။

ချိုတူးတို့လူစုမှာ ဘွားရွှေလသင်ပေးခဲ့သည့် ဩကာသကို ပီသကျယ်လောင်စွာ ရွတ်ဆိုလိုက်၏။ ဘွားရွှေလသည် ဘုရားစင်ရှေ့မှ ကြေးစည်လေးကို ယူကာ တနောင်နောင်နှင့် ထုနေ၏။

သို့နှင့် ညဦးပိုင်းအရောက်တွင် ဘွားရွှေလသည် သူတို့လူစုကို ဆုံးမစကားပြောဆိုပြီး ပြန်လွှတ်လိုက်လေ၏။ ဘွားရွှေလအိမ်ဝိုင်းအဝမှထွက်သည်နှင့် ချိုတူး၏ ငုပ်နေသော ဗီဇပေါ်လာ၏။ သူ့ဘေးနားတွင် ကုပ်ချောင်းချောင်းနှင့်ပါလာသော ဖိုးကုလားနှင့် ကြွက်ကလေးတို့ကို ကြည့်ပြီး -

"ဟေ့ကောင်တွေ . . . ငါတို့ မနက်ဖြန်ကြရင် စံပယ်ချောင်းဘေးက သရက်ဖြူပင်ကြီးဆီ သွားကြမယ်ကွာ . . ."

"ဟင် . . . ဘာလုပ်ဖို့လဲ ချိုတူးရ . . ."

"ဟာ . . . ငါ အဲဒီဘက်ကို မနေ့က ရောက်သွားတယ်ကွ . . .၊ အဲဒီ သရက်ဖြူပင် အခေါင်းကြီးထဲမှာ ကျီးသိုက်ရှိတာ ကျိန်းသေတယ်ကွ . . ."

"မလုပ်စမ်းပါနဲ့ ချိုတူးရာ . . .၊ တော်ကြာ ဘွားရွှေလကြားသွားရင် ငါတို့ကိုခေါ်ပြီး ရိုက်မှာကွ"

"ဟာ . . ဖိုးကုလားကလည်း ဘွားရွှေလမမြင်အောင်သွားမှာပေါ့ကွ . . .၊ ငါ သေသေချာချာကြည့်ထားတာကွ . . ."



ချိုတူးက တက်တက်ကြွကြွဖြင့် ကျီးသိုက်အကြောင်းကို ပြောပြလိုက်၏။ သူ့စကားကြောင့် ဖိုးကုလားရောကြွက်ကလေးပါ စိတ်ပါလာကြ၏။ သူတို့နားထဲတွင် ဘွားရွှေလ၏စကားတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏။

ဖိုးကုလားသည် ပြောင်းဖူးမွှေးဆံပင်ကို အားပါးတရ ပွတ်သပ်ရင်း -

"အေးကွ . . . ဒါဆို ကျောင်းမတက်ဘဲ သွားကြရအောင်ကွာ . . .၊ ကျီးသိုက်ထဲမှာ ဥဩဥတွေဘာတွေရှိရင်ရှိမှာကွ . . ."

"အေးဟုတ်တယ် . . .၊ ဖိုးကုလားပြောတာမှန်တယ် ငါတို့ကို အရီးလေးကျော့မေလည်း ပြောဖူးတယ်ကွ. . ."

"ဟင်. . . တကယ်လား ကြွက်ကလေး. . ."

"တကယ်ပေါ့ ဖိုးကုလားရ. . ."

ဖိုးကုလားရော ကြွက်ကလေးပါ စိတ်ပါလာကြ၏။ ချိုတူးမှာသူငယ်ချင်းနှစ်ယောက်စလုံး သဘောတူလာကြသဖြင့် နောက်တစ်နေ့ ကျောင်းမတက်ဘဲ ကျီးသိုက်နှိုက်ရန် စီစဉ်လိုက်ကြ၏။

♦♦♦♦♦♦♦♦♦♦♦

စံပယ်ချောင်းသို့ ကြွက်ကလေးတို့သုံးဦး ကျောင်းမတက်ဘဲ ခိုးကြောင်ခိုးဝှက်နှင့် ထွက်ခဲ့ကြ၏။ စံပယ်ချောင်းကလေးမှာ သူတို့နေထိုင်သော ဆီမီးခုံရွာနှင့် သရက်ထည်ရွာကလေးကို ခြားထားသော ချောင်းကလေးဖြစ်၏။

ချောင်းအကျယ်မှာ ဝါးသုံးရိုက်ခန့်ရှိပြီး လှေ၊ မော်တော်များ ဖြတ်သန်းဖြတ်လာရှိ၏။ သူတို့သုံးဦး ချောင်းစပ်အရောက်တွင် ချိုတူးက သရက်ပင်ကြီးရှိရာကို လက်ညှိုးထိုးရင်း -

"ဟို. . . ဟိုမှာကွ. . .၊ အဲဒီအပင်ရဲ့ အခေါင်းထဲမှာရှိတယ်ကွ. . ."

"သေချာရဲ့လား ချိုတူးရာ . . ."

"ဟာ. . . ကြွက်ကလေးကလည်း. . . ငါတို့ကိုင်းချောင်းစပ်မှာငါးရှာရင်း ကျီးကန်းတစ်ကောင် သစ်ခေါင်းထဲဝင်သွားတာကွ"

"ဒါဆိုလည်းသွားမယ်. . ."

"ဟော့ကောင်တွေ . . . . ချောင်းဆိပ်လည်းကြည့်ဦးနော်. . .၊ တော်ကြာ. . . ဘကြီးတာတို့ ကိုကျောက်အိုးတို့ လှေတွေတွေ့ရင် ဘွားရွှေလကို သွားတိုင်မှာစိုးရတယ်ကွ"

ဖိုးကုလားဟာ ချောင်းဆိပ်ကို ပြူးတူးပြဲတဲကြည့်ရင်း ပြောလိုက်သဖြင့် ချိုတူးတို့နှစ်ဦး တွန့်ကနဲဖြစ်သွား၏။ ထို့ကြောင့် ချောင်းဆိပ်ဘက်ကို ကြည့်လိုက်ကြ၏။

လှေတစ်စင်း၊ နှစ်စင်းရပ်ထားသော်လည်း လှေထိုးသားကို မတွေ့ရသဖြင့် သူတို့သုံးဦး ချောင်းဘက်ရှိ သရက်ဖြူပင်ကြီးဆီသို့ ခပ်သွက်သွက်လျှောက်ခဲ့ကြ၏။

အပင်ကြီးက အတော်ကလေးအိုလှပြီး ပင်စည်ကြီးမှာ လူတစ်ဖက်စာခန့်ရှိ၍ ကျီးပေါင်းတက်ကာ အထွတ်အထွတ်ဖြစ်နေ၏။



ချိုတူးသည် အပင်အောက်ရောက်သည်နှင့် အပင်ပေါ်မော့ကာ -

"ဟို. . . ဟိုမှာကွ . . ."

"ဘယ်မှာလဲ . . ."

"ဟိုမှာလေကွာ သစ်ကိုင်းကြားထဲကို ကြည့်လိုက် . ."

ချိုတူးက ဖိုးကုလားနှင့်ကြွက်ကလေးတို့နှစ်ဦးကို လက်ညှိုးတထိုးထိုးနှင့် ညွှန်ပြလိုက်၏။ ကြွက်ကလေးတို့ကလည်း အပင်ပေါ်မော့ကာ မျက်လုံးအပြူးသားနှင့် ဖြစ်နေကြ၏။

"ဟာ. . . ဟုတ်တယ်ကွ . . ."

"မြင်ပြီမဟုတ်လား . . ."

"အေးကွ . . . ဒါပေမယ့် အပင်ကမြင့်တယ်ကွ . . .၊ ငါက သစ်ပင်မတက်တတ်ဘူး . . ."

ဖိုးကုလားက အပင်ကိုကြည့်ပြီး ရွံ့နေ၏။ ချိုတူးနှင့်ကြွက်ကလေးကတော့ သူ့လိုမဟုတ်။ အပင်ပေါ်တက်ဖို့ ပျာယာခတ်နေကြ၏။

နောက်ဆုံး ချိုတူးနှင့် ကြွက်ကလေးတို့နှစ်ယောက် သစ်ပင်ကြီးပေါ်သို့ ရှေ့ဆင့်နောက်ဆင့် တက်ခဲ့ကြ၏။ ချိုတူးညွှန်ပြသော ကျီးကန်းသိုက်အခေါင်း၏ အမြင့်က လူကြီးနှစ်ရပ်စာခန့်ရှိ၏။

ချိုတူးကအပင်ပေါ်ကို ဦးဆောင်ပြီးတက်ခဲ့၏။ သူ့နောက်မှာ ကြွက်ကလေးက ကုတ်ခြစ်တွန်းထိုးရင်း တက်ခဲ့၏။ ပင်စည်ပေါ်တွင် ပုရွက်ကောင်တွေက တန်းစီပြေးလွှားနေပေရာ သူတို့ တက်လာသည်နှင့် တရွရွခိုကပ်လာကြ၏။

“ဟာ . . . ပုရွက်ကောင်တွေကွ . . .”

“ဟာ . . . ကိုက်တယ်ကွ . . . ဟူး . . . ဟူး. . .”

နှစ်ယောက်သား ကိုယ်ပေါ်တက်လာသည့် ပုရွက်ကောင်များကို တဖူးဖူးမှုတ်ရင်း မရမက တက်ခဲ့ကြရာ ကျီးသိုက်အခေါင်းကြီးနားသို့ ရောက်လာ၏။

ပင်စည်ဘေးဘက်တွင် သစ်ကိုင်းသစ်ခက်များ ဖြာထွက်နေသဖြင့် ချိုတူးသည် သစ်ကိုင်းတစ်ကိုင်းပေါ်သို့ လွှားခနဲ ခုန်ကူးလိုက်၏။ ထိုစဉ် ကြွက်ကလေးက တစ်ချစ်ချစ်နှင့် ကုတ်ဖက်တက်လာရာ ချိုတူးက သစ်ကိုင်းပေါ် ခွထိုင်ရင်း ကြွက်ကလေးဘက်သို့ကြည့်ကာ အသံမပေးရန် သတိပေးလိုက်၏။

“ရှူး . . . ရှူး . . .”

“ဟင် . . .”

ကြွက်ကလေးမှာ ပုရွက်ကောင်တွေကို ခါထုတ်နေရင်း တက်နေရသဖြင့် ဆက်တက်ဖို့ မဝံ့မရဲဖြစ်နေ၏။ ထိုစဉ် ချိုတူး ရောက်နေသောနေရာမှာ ကျီးသိုက်သစ်ခေါင်းနှင့် လက်တစ်ကမ်းသာသာ၌ရှိနေ၏။

ချိုတူးသည် ကြွက်ကလေးကို သတိပေးရင်း ကျီးသိုက်အခေါင်းထဲကို ခေါင်းငဲ့ကြည့်လိုက်၏။ မှောင်နှင့်မည်းမည်းမို့ ဘာမှမမြင်ရ။ ထိုအခါ သစ်ကိုင်းပေါ်တွင် မတ်တပ်ရပ်လိုက်ပြီး သစ်ခေါင်းပေါက်ထဲကို လှမ်းနှိုက်လိုက်၏။

“အား . . .”



“ဟာ . . . ဘာဖြစ်တာလဲကွ . . .”

“ဟာ . . . ဟို . . .”

“ဟင် . . .”

ချိုတူး၏လက်က သစ်ခေါင်းပေါက်ထဲအရောက်တွင် တစ်ကောင်ကောက်ကိုက်လိုက်သဖြင့် ဆစ်ခနဲနာကျဉ်သွား၏။ ထိုအခါလက်ကို အတင်းထုတ်ကြည့်လိုက်ရာ သွေးစတွေက လက်တွင်စို့နေ၏။

“ဘာ . . . ဘာ . . . ဖြစ်တာလဲ ချိုတူး . . .”

“မပြောတတ်ဘူးကွ . . .၊ ဘာကောင်ကိုက်တာလဲ မသိဘူး . .”

“ဟာ . . . ကျီးကန်းဆိတ်တာဖြစ်မှာပေါ့ . . .”

“ဟူး . . . နာတယ်ကွာ . . .”

“ ဟင် . . .”

ချိုတူး ကျီးသိုက်ထဲကို လက်မထည့်ရဲတော့။ တဆစ်ဆစ်ကိုက်ခဲလာသည့်ဒဏ်ကြောင့် သစ်ကိုင်းခွကိုထိုင်ချလိုက်ရာ ခေါင်းထဲမူးနောက်နောက်ဖြစ်သွား၏။ အရိပ်အခြည်ကိုကြည့်နေသော ကြွက်ကလေးမှာ ချိုတူးကိုကြည့်ပြီး စိတ်ပူသွား၏။

“ဟေ့ကောင် . . . ချိုတူး ဘာဖြစ်တာလဲ . . .”

“မူး . . . မူးတယ် . . .”

“ထောက် . . . ဖြောင်း . . . ဝုန်း . . .”

“ဟာ . . . ချိုတူး ကျပြီ . . .”

“ဝုန်း . . . ဘုတ် . . .”

နင်းထားသောသစ်ကိုင်းက ဖြောင်းကနဲကျိုးသွားကာ ချိုတူးတစ်ယောက် ကားယားကြီးပြုတ်ကျသွား၏။ သစ်ပင်အောက်တွင်စောင့်နေသော ဖိုးကုလားမှာ မျက်လုံးပြူးမျက်ဆံပြူး အော်ဟစ်လေတော့သည်။

"ဟာ . . . ချိုတူး သစ်ပင်ပေါ်က လိမ့်ကျလို့ . . . လုပ်ကြပါဦးဗျို့"

ဖိုးကုလား၏ အော်သံက ပွက်လောညံသွား၏။ ကြွက်ကလေးမှာလည်း ကျီးသိုက်ဆက်မနှိုက်ရဲတော့ဘဲ သစ်ပင်ပေါ်မှ လျှောတိုက်ဆင်းချလိုက်၏။

ထိုအချိန်တွင် ချိုတူးမှာ မြေပြင်ပေါ်သို့ မှောက်ခုံကြီးပြုတ်ကျသွားပြီး သတိမေ့သွားလေတော့၏။ ကြွက်ကလေးမှာ မြေပြင်ပေါ်ရောက်သည်နှင့် ချိုတူးအနားပြေးလာ၏။

"ဟာ . . . လုပ်ကြပါဦး . . ."

"ဟေ့ကောင် . . . ဖိုးကုလား သမ္ဘန်ဆိပ်ဘက် အမြန်သွားကွ . . ၊ အဲဒီမှာ ကိုရင်ကျောက်အိုး ရှိရင်ခေါ်ခဲ့ကွာ . ."

"အေး . . . အေး . . ."

ဖိုးကုလားက တဖုံးဖုံး ပြေးထွက်သွား၏။ ကြွက်ကလေးမှာ ချိုတူးကိုယ်ကြီးကို ဆွဲလှန်လိုက်၏။

"ဟာ . . . အမြှုပ်တွေ ထွက်နေပါလား . . ."

ချိုတူးပါးစပ်မှာ အမြှုပ်တွေ ထွက်နေသဖြင့် ကြွက်ကလေးမှာ အကြီးအကျယ် ထိတ်လန့်သွား၏။

"လာ . . လာကြပါဦးဗျို့ . . ၊ ဒီ . . ဒီမှာ ချိုတူး . . ."



ကြွက်ကလေးလည်း ကြောက်လန့်ပြီး အသံနက်ကြီးနှင့် အော်ဟစ်လေတော့သည်။ ထိုစဉ် ချောင်းဆိပ်ဘက်မှ ဖိုးကုလားနှင့်ကိုကျောက်အိုးတို့ အပြေးရောက်ရှိလာ၏။

"ဟာ . . လာပါ . . လာပါ . . ကိုကြီးကျောက်အိုး. . ဒီ . . . ဒီမှာ . . ."

"ဟင် . . . ချိုတူး ဘာဖြစ်လို့လဲ . . ."

"မပြောတတ်ဘူး . . ၊ ပါးစပ်မှာလည်း အမြှုပ်တွေနဲ့ . ."

"ဟင် . . ."

ကိုကျောက်အိုးသည် ချိုတူးဘေးနား ဒူးထောက်ထိုင်ချကာ ကြည့်လိုက်၏။ ပါးစပ်က အမြှုပ်တစီစီမို့ မျက်လုံးအပြူးသားဖြစ်သွား၏။

"ဟေ့ကောင် . . . ကြွက်ကလေး . . ."

"ဗျာ . . ."

"ချိုတူး ဘာဖြစ်တာလဲကွ . . ."

"ဟို . . . ဟို . . . ကျီးသိုက်တက်နှိုက်တာ အဲဒီအသိုက်ထဲက ဘာကောင်ကိုက်လိုက်လဲ မသိဘူးဗျ . . ၊ မူးတယ်ဆိုပြီး ပြုတ်ကျသွားတာ . . ."

"ဟင် . . . ဘုရား . . . ဘုရား . . . ဒုက္ခပါပဲ၊ ဒါမြွေကိုက်တာဖြစ်လိမ့်မယ်ကွ . . ."

ကိုကျောက်အိုးသည် ချိုတူး ညာဘက်လက်ကိုကြည့်လိုက်ရာ သွေးစို့နေသော အစွယ်ရာနှစ်ပေါက်ကို တွေ့လိုက်ရသဖြင့် ချက်ချင်းပင် ချိုတူး၏လက်ကို သစ်ကိုင်းဖြောင့်ဖြောင့်

တစ်ချောင်းနှင့် ကြပ်စည်းလိုက်၏။ ထို့နောက် ဖြတ်ခနဲ ကောက်ပွေ့လိုက်ပြီး ချောင်းဆိပ်ဖက်သို့ ပြေးခဲ့၏။

"ပိုးထိလို့ဗျို့ . . . လုပ်ကြပါဦး . . ."

ကိုကျောက်အိုးသည် ချောင်းစပ်နားရောက်သည်နှင့် အော်ဟစ်အကူအညီတောင်းလိုက်သဖြင့် လှေသမားများ အလျင်အမြန်ရောက်ရှိလာ၏။ ထိုအခါ ချိုတူးကို လှေတစ်စီးပေါ် တင်လိုက်ပြီး ချောင်းရိုးကိုဖြတ်၍ လျင်မြန်စွာ လှော်ခတ်ခဲ့ကြလေ၏။ ကြွက်ကလေးနှင့် ဖိုးကုလားတို့မှာလည်း သူငယ်ချင်းအတွက် စိတ်မချလှသဖြင့် လှေကြုံလိုက်ခဲ့ကြရာ မကြာမီ သရက်ထည်ရွာကလေးဘက်သို့ ရောက်ခဲ့၏။ ချောင်းဆိပ်ရောက်သည်နှင့် ကိုကျောက်အိုးသည် ချိုတူးကိုထမ်းကာ ရွာလည်ပိုင်းရှိ ဆေးပေးခန်းသို့ အပြေးအလွှား ရောက်ခဲ့လေ၏။

ကြွက်ကလေးနှင့် ဖိုးကုလားတို့မှာလည်း နောက်မှ အမောတကောလိုက်ခဲ့ကြရာ မကြာမီ ဆေးပေးခန်းသို့ ရောက်ရှိလာကြ၏။ ကျန်းမာရေးမှူး ဦးဘသာက ချိုတူးကို ချက်ချင်းပင် စမ်းသပ်ကြည့်လိုက်ပြီး စိုးရိမ်တကြီးနှင့် ပြောလိုက်၏။

"ဟာ . . . ဒါ မြွေကိုက်တာပဲကွ . . . ဒီမှာ . . ."

"ဟုတ်တယ်ဗျာ . . .၊ ဖြေဆေးထိုး . . ."

"အဲ နေဦး . . . ငါ့ဆီမှာ အဲဒီ မြွေဆိပ်ကာကွယ်ဆေးတွေ မနေ့ကရောက်လာတယ်ကွ . . . အတော်ပဲ . . ."

ပြောပြောဆိုဆိုနှင့် ကျေးလက်ကျန်းမာရေးမှူး ဦးဘသာက ချိုတူး၏ ဒဏ်ရာကို ဆေးကြောကာ မြွေဆိပ်ကာကွယ်ဆေးထိုးပေးလိုက်၏။



"မင်းတို့ရောက်လာတာ မြန်လို့ပေါ့ . . . မဟုတ်လို့ကတော့ နောက်ထပ် ငါးမိနစ်နောက်ကျပြီး ရောက်လာရင် အသေပဲကွ . . ."

"ဟုတ်လား . . . တော်သေးတာပေါ့ဗျာ . . ."

ကျန်းမာရေးမှူး၏စကားကြောင့် ကျောက်အိုးရော ကြွက်ကလေးတို့နှစ်ဦးပါ အထိတ်တလန့်ဖြစ်သွားကြ၏။ ချိုတူးကတော့ မြွေဆိပ်ဒဏ်ရာကြောင့် ကုတင်ပေါ်မှာ သတိမရသေးချေ . . .။ ကိုကျောက်အိုးသည် ကြွက်ကလေးတို့ဘက်လှည့်ပြီး -

"ဟေ့ကောင် ကြွက်ကလေး . . ."

"ဗျာ . . ."

"မင်းတို့နှစ်ယောက် ရွာကို လှေကြုံနဲ့ အမြန်ပြန်လိုက်သွားကြစမ်းကွာ . . .၊ သူ့အဖေ ကိုပေါက်ကြီးကို လိုက်ရှာပြီး ခေါ်ခဲ့ကြစမ်း . . ."

"ဟုတ်ကဲ့ . . . ကိုကြီးကျောက်အိုး . . ."

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဆေးပေးခန်းထဲမှ ထွက်ခဲ့ကြကာ ချောင်းဆိပ်သို့ အမြန်ပြေးခဲ့ကြ၏။ လှေဆိပ်ရောက်သည်နှင့် လှေကြုံရသဖြင့် ရွာဘက်သို့ အမြန်ဆုံးပြန်ခဲ့ကြလေတော့၏။ ထိုအချိန်တွင် ချိုတူးအဖေ ကိုပေါက်ကြီးမှာ ထန်းတောထဲတွင် မူးမူးနှင့် အိပ်ပျော်နေ၏။

ကြွက်ကလေးနှင့် ဖိုးကုလားတို့နှစ်ဦးသည် ကိုပေါက်ကြီးရှိနိုင်မည့်နေရာကို ရှာရင်းဖွေရင်းနှင့် ထန်းတောဘက်သို့ အမောတကော ရောက်ရှိလာကြ၏။

"ဦးပေါက်ကြီး . . . ဗျို့ . . . ဦးပေါက်ကြီး . . . "

သူတို့နှစ်ဦး၏အသံက ထန်းတောတစ်တောလုံး ညံစီနေ၏။ ထန်းပင်ပေါ်တွင် ထန်းနို့လှီးဖြတ်ကာ ထန်းပြင်နေကြသော အလုပ်သမားများမှာလည်း အထိတ်တလန့်ဖြစ်ကုန်၏။

"ဟေ့ကောင်တွေ . . . မင်းတို့ ဘာလို့အော်နေကြတာလဲကွ . . . "

"ဟို . . . ဦးပေါက်ကြီး . . . "

"ဟာ . . . . ပေါက်ကြီးက ထန်းတဲထဲမှာ အိပ်နေတယ်ကွ . . . "

ထန်းသမားတစ်ဦးက ပြောလိုက်သဖြင့် အရှေ့ဘက်ထန်းတဲသို့ တဖုံးဖုံးနှင့် ပြေးချသွား၏။

"ဦး . . . ဦးပေါက်ကြီး . . . ဦးပေါက်ကြီး . . . "

"အင်း . . . "

"ထ . . . ထပါဦးဗျ . . . "

"ဘာလဲကွာ . . . ဘယ်သူတွေလဲ . . . "

"ဟာ . . . ချိုတူး ပိုးထိလို့ဗျ . . . "

"ဘာကွ . . . "

ကြွက်ကလေး၏ စူးရှရှအသံကြောင့် ကိုပေါက်ကြီးမှာ ကျူဖျာပေါ်တွင် မှုးမှုးနှင့် အိပ်ပျော်နေရာမှ လူးလဲထလာ၏။ ကျွတ်နေသောပုဆိုးကို ပြင်ဝတ်ရင်း သူ့ရှေ့တွင် မိုးတိုးမတ်တတ်ရပ်နေသော ကြွက်ကလေးကို မျက်လုံးအပြူးသားနှင့်ကြည့်လိုက်၏။



"ဟေ့ကောင်လေးတွေ . . ပြန် . . ပြန်ပြောစမ်း . . "

"ဟို . . . ဟို . . . ချိုတူး ပိုးထိလို့ဗျ . . . "

"ဘာ . . . ခု . . . ခု . . . ဘယ်မှာလဲ . . . "

"ဟို . . . သရက်ထည်ဘက်မှာဗျ . . . "

"ဟင် . . ဟုတ်လား . . ၊ ဒါဆို သွားရအောင်ကွာ . . လာလာ"

ပြောပြောဆိုဆိုနှင့် ကိုပေါက်ကြီး လူးလဲထလိုက်ကာ မြူအိုးထဲကရေနှင့် မျက်နှာသစ်လိုက်၏။ ထို့နောက် ကြွက်ကလေးတို့ကိုခေါ်ကာ သရက်ထည်ရွာဘက်သို့ သုတ်ခြေတင်ခဲ့ကြလေ၏။

ဆေးပေးခန်းရောက်တော့ ချိုတူးတစ်ယောက် ကုတင်ပေါ်တွင်ငူငူလေးထိုင်နေသည်ကို တွေ့လိုက်ရ၏။ ကိုပေါက်ကြီး ချိုတူးကို မြင်သည်နှင့် -

"သား . . . "

"အဖေ . . . "

"ဘယ်လိုဖြစ်တာလဲကွာ . . . "

ကိုပေါက်ကြီးသည် ချိုတူးကို အတင်းပြေးဖက်ပြီး စိုးရိမ်တကြီးနှင့် မေးလိုက်၏။ ချိုတူးရော ကြွက်ကလေးတို့ပါ မဖြေရဲကြ။ ထိုစဉ် ကိုကျောက်အိုးက ဝင်၍ ရှင်းပြလိုက်၏။

"ဟာ . . . ခင်ဗျားကောင် စပယ်ချောင်းဘေးက သရက်ပင်ပေါ်မှာ ကျီးသိုက် တက်နှိုက်တာဗျ . . . ၊ အဲဒါ သစ်ခေါင်းထဲကမြွေ ထွက်ပေါက်တယ်ထင်ပါရဲ့ဗျာ . . . "

"ဟင် . . . "

ကိုကျော်အိုး၏စကားကြောင့် ကိုပေါက်ကြီးမှာ ချိုတူးကိုကြည့်ရင်း ပါးစပ်အဟောင်းသားဖြစ်သွား၏။

"အဲဒါဗျာ သစ်ပင်ပေါ်ကပြုတ်ကျတာ ကံကောင်းလို့မသေတယ် . . .၊ ကျုပ်ရောက်သွားတော့ပါးစပ်က အမြှုပ်တစီစီ ထွက်နေပြီဗျ . . .၊ အဲဒါ ကျုပ်လည်း ဒီကောင်ကို ပွေ့ပြီး ဒီပြေးခဲ့ရတာဗျို့ . . .၊ တော်သေးတာပေါ့ဗျာ . . .၊ နောက် ငါးမိနစ်သာနောက်ကျရင် ခင်ဗျားသားတော့ အသက်တောင်မီမှာ မဟုတ်ဘူး . . ."

"ဟင် . . . ဟုတ်လား . . . ဘုရား ဘုရား . . . တော်တော်မိုက်တဲ့ကလေးပါလား . . ."

ကိုပေါက်ကြီးက ချိုတူးကို မျက်စောင်းတထိုးထိုးကြည့်ပြီးပြောလိုက်၏။ ထိုစဉ် ကျန်းမာရေးမှူး ဦးဘသာ ဝင်လာကာ ချိုတူးအခြေအနေကို စမ်းသပ်လိုက်၏။

"အင်း . . အချိန်မီလို့ပေါ့ဗျာ . .၊ ဒီကလေး ကံကောင်းတယ်ဆိုရမယ် . . ."

"ဟုတ် . . . . ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာရယ် . . ."

"ကလေးတွေကို ဂရုစိုက်ကြဗျို့၊ ငယ်သေးတော့ ထင်ရာလျှောက်လုပ်ကြတာ အသက်ပါ ဒုက္ခပေးနိုင်တယ်ဗျ . . ."

"ဟုတ် . . . ဟုတ်ကဲ့ပါခင်ဗျာ . . .၊ ဒါ . . . ဒါထက် သူ့အခြေအနေ . . ."

"ကောင်းသွားပါပြီဗျ . . . တအောင့်ကြာရင် ပြန်ခေါ်သွားလို့ရပါပြီ . . .၊ ဖြေဆေးမီလိုက်တာမို့ စိတ်မပူရတော့ပါဘူး . . ."



"ကျေးဇူးပါပဲ ဆရာရယ် . . ."

ကိုပေါက်ကြီးလည်း ကျန်းမာရေးမှူး ဦးဘသာ၏စကားကြောင့် ရင်ထဲမှာ တစ်ဆို့နေသောအလုံးကြီး ဟင်းချနိုင်ခဲ့လေ၏။

သို့နှင့် သူတို့လူစု မိနစ်သုံးဆယ်ခန့်အကြာတွင် ချိုတူးကို ထမ်း၍ ဆီမီးခုံရွာသို့ ပြန်ခဲ့ကြလေတော့၏။

♦♦♦♦♦♦♦♦♦♦♦

"ဘယ်လိုဖြစ်တာလဲ ချိုတူး . . .၊ မင်း ဘွားရွှေလ စကားကိုမှ နားမထောင်ပဲကွယ်"

အိမ်ပေါ်တက်လာသော ဘွားရွှေလက ချိုတူးဘေးနား ထိုင်ရင်း ကရုဏာဒေါသောနှင့် ဆူလိုက်၏။ ချိုတူးမှာ ဘွားရွှေလကို မျက်လုံးပင် လှန်၍ မကြည့်ရဲ . .။ ကိုပေါက်ကြီးမှာ ဘွားရွှေလအနားသို့ ကပ်မထိုင်ရဲ . .။ သူ့ပါးစပ်က ထန်းရည်နံ့ တထောင်းထောင်းထွက်နေသဖြင့် ဘွားရွှေလ ရိပ်မိသွားမှာ စိုးရိမ်၏။ ထိုစဉ် ဘွားရွှေလက သူ့ဘက်လှည့်ပြီး -

"ဟဲ့ . . . ငပေါက် . . ."

"ဗျာ . . . ဆရာမ . . ."

"မင်းသား ခုလိုဖြစ်ရတာ မင်းကြောင့်ဆိုတာသိရဲ့လား . ."

"သိပါတယ် . . . ဆရာမရယ် . . ."

"ဘာသိပါတယ်လဲ . . .၊ ကလေးကိစ္စကို မင်းခေါင်းထဲ နည်းနည်းမှ မထည့်ဘူး . . .၊ အမေမရှိရင် မင်းဟာ အမေအဖေပဲ ငပေါက်ရဲ့ . . .၊ ခုတော့ မင်းဟာ အမေ့ကိစ္စမပြောနဲ့ အဖေ့ကိစ္စတောင် ခေါင်းထဲမထည့်ဘူး . . .၊ တော်တော်ပစ္စလက်ခတ်နိုင်တာပဲကွယ်"

"ကျွန်တော့်အပြစ်ပါ ဆရာမရယ် . . ."

"အေး . . ခု မသေကောင်းမပျောက်ကောင်းကွယ် . . ၊ ငါဖြင့် ဒီသတင်းကြားကြားခြင်း စိုးရိမ်လိုက်တာ ခုအခြေအနေ ဘယ်လိုလဲ ပြောစမ်း . . ."

"ဟို . . . ဆရာလေး ဦးဘသာက ဖြေဆေးထိုးပေးလိုက်တယ် . . .၊ တကယ်လို့ ကိုကျောက်အိုးတို့သာ အပို့နောက်ကျရင် ချိုတူးအခြေအနေကမလွယ်ဘူးတဲ့ ဆရာမ . ."

"အို . . . ဘုရား ဘုရားကွယ် ကလေးခမျာ အတော့်ကို ခံရမှာပဲ . . . ချိုတူး . . . လူကလေး . . ."

"ဗျာ . . . ဘွား . . . ဘွားရွှေလ . . ."

"သက်သာရဲ့လား လူကလေး . . ."

"ဟုတ်ကဲ့ . . ခုတော့ ကောင်းသွားပါပြီ ဘွားရွှေလ . ."

"အေးကွယ် . . . မင်းကို ဘွားရွှေလပြောခဲ့တဲ့စကား တောင်မဆုံးသေးဘူး . . .၊ မင်းက လုပ်ချင်ရာလုပ်တာကိုးကွယ့် . . . .၊ ကဲ ခုတော့ ဘယ့်နှယ်ရှိစ . . .၊ သူများအသက်ကိုသတ်ရင် ဒုက္ခဖြစ်မယ်ဆိုတာ ယုံပြီလား"

"ယုံ . . . ယုံပါပြီ ဘွားရွှေလ . . ."

"အင်း . . . ချိုတူး . . . ချိုတူး . . . မမိုက်ချင်စမ်းပါနဲ့ လူကလေးရယ် . . .၊ ဟဲ့ ငပေါက်"

"ဗျာ . . . ဆရာမ . . ."

"ဟောဒီမှာ ချိုတူးအတွက် ငါးရံ့ခြောက်တစ်ပြားနဲ့ ကြက်ဥ ငါးလုံးယူထားလိုက် ကလေးကို ကျွေးနော် . . .၊ နင် အမြည်းမလုပ်ပစ်နဲ့"



"စိတ်ချပါ . . . ဆရာမ . . ."

"ကဲ . . ဒါဆို . . ငါ ဘုရားဝတ်ပြုရဦးမယ် မင်းကလေးနေကောင်းရင် ငါ့ဆီလွှတ်လိုက် ကြားလား ငပေါက် . . ."

"ဟုတ်ကဲ့ ဆရာမ . . ."

ဘွားရွှေလသည် ချိုတူးအတွက်ယူလာသည့် စားသောက်ဖွယ်ရာများကိုပေးကာ သူတို့သားအဖနေထိုင်သည့် တဲကလေးထဲမှ ပြန်ထွက်သွား၏။ ကိုပေါက်ကြီးမှာ ဝါးကြမ်းခင်းပေါ်တွင် စောင်စုတ်ကလေးနှင့် လှဲနေသော ချိုတူးကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမိ၏။

ချိုတူးခုလိုဖြစ်ရသည်မှာ သူ့ကြောင့်ပါလားဆိုတာတွေးရင်း သားအပေါ် လစ်ဟင်းခဲ့မှုတွေကို ဘယ်ပုံဘယ်နည်းဖြည့်တင်းရမယ်ဆိုတာ တွေးနေမိ၏။

ထိုအချိန်တွင် ကွက်ကလေးနှင့် ဖိုးကုလားတို့နှစ်ဦး ကုတ်ချောင်းချောင်းဖြင့် ရောက်ရှိလာ၏။

"ဟော . . ကွက်ကလေးတို့ပါလား . . လာကြ . . လာကြ . . ."

"ဟုတ်ကဲ့ . . . ဦးကြီးပေါက် . . ."

နှစ်ဦးသား ချိုတူးအနားတွင် ထိုင်လိုက်၏။ ဖိုးကုလားသည် သူ့ပြောင်းဖူးမွှေးဆံပင်ကို ပွတ်ရင်း -

"ဟေ့ကောင် ချိုတူး . . ."

"ဟင် . . ."

"မင်း ကောင်းသွားပြီလား . . ."

"အေးကွာ . . . နည်းနည်းတော့ ကောင်းသွားပြီကွ . .၊ ဟို ဘွားရွှေလတောင် လာသွားသေးတယ်ကွ . . ."

"ဟင် . . ဘွားရွှေလက မင်းကို ရိုက်သွားသေးလား . ."

"ဟာ . . မရိုက်ပါဘူးကွ. .၊ ငါ့ကို နောက်ဒီလို မလုပ်ဖို့ ပြောပြီး စားဖို့ဟင်းစားတွေတောင် ပေးသွားတယ်ကွ . . ."

"ဟုတ်လား . . တော်သေးတာပေါ့ကွာ . .၊ ဘွားရွှေလ ပြောတာမှန်တယ်ကွ . .၊ သူများအသက်ကိုသတ်ရင် ကိုယ်လည်း အဲဒီလိုခံရမယ်ဆိုတာ ဟုတ်သားကွ . . ."

"အေး ဟုတ်ပါ့ကွာ . . .၊ ငါတို့က ဘွားရွှေလစကားကိုမှ နားမထောင်တာကိုးကွ . . ."

"တော်ပြီကွာ . . .၊ နောက်ဆို ဘွားရွှေလပြောတာကို နားထောင်တော့မယ် . . ."

ချိုတူးက မျက်နှာရှုံ့မဲ့မဲ့နှင့်ပြောလိုက်ရာ ကြွက်ကလေးတို့ကပါ ခေါင်းတညိတ်ညိတ် လုပ်လိုက်ကြ၏။ ထိုစဉ် ကိုပေါက်ကြီးရောက်လာပြီး သူတို့ဘေးတွင် ဝင်ထိုင်လိုက်၏။

"အေးကွ . . . မင်းတို့ပြောတာ ဦး ကြားပါတယ်ကွာ. . ဘွားရွှေလပြောတာ အမှန်ပဲကွ . . .၊ သူများအသက်ကို သတ်ဖြတ်ညှဉ်းဆဲရင် ကိုယ်လည်းခံရမှာ ကြိမ်းသေတယ်ကွ . .၊ အဲဒီအဖြစ်က ငါကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့တာဆိုရင် မင်းတို့ ယုံကြမလား . . ."



ကြွက်ကလေးတို့သုံးဦးမှာ အဆီပြန်မျက်နှာအစ်အစ်ကြီးနှင့် ပြောင်းဖူးဖက်ဆေးလိပ်ကြီး တဖွာဖွာလုပ်နေသော ကိုပေါက်ကြီးကို မီးခိုးငွေ့များကြားမှ ကြည့်နေကြ၏။

ထိုစဉ် ကိုပေါက်ကြီးသည် ဖက်ဆေးလိပ်ကြီးကို ဆေးလိပ်ခွက်ထဲထိုးထည့်လိုက်ပြီး သူ့ကိုယ်တွေ့ဖြစ်ရပ်လေးကို ပြောပြလိုက်၏။

"ဒီလိုကွ . . . ငါ ငယ်ငယ်တုန်းက မင်းတို့ထက် ဆယ်ပြန်သောင်းကျန်းတာကွ . .၊ အဲဒါ ဘယ်လောက်ဆိုးသလဲဆို ပုစဉ်းလေးတွေဖမ်း တောင်ပံတွေဖြုတ် ခြေထောက်တွေဖြုတ်နဲ့ လုပ်ခဲ့တာကွ . .၊ ပြီးတော့ ငှက်ကလေးတွေ၊ လိပ်ပြာလေးတွေမိရင် ခြေထောက်မှာ ကြိုးတပ်ပြီး ပြန်လွှတ်တာကွ . . . အဲဒီလို လုပ်ရတာကို ငါအရမ်းပျော်တာကွ . .၊ ပြောရရင် သူတစ်ပါးကို မတရားနှိပ်စက် ဒုက္ခပေးရတာကို ပျော်ခဲ့တယ်ပေါ့ကွာ . . .၊ အဲဒါ . . . ဟောဒီခြေထောက်ကိုကြည့် . . ."

ပြောပြောဆိုဆိုနှင့် မသန်မစွမ်းဖြစ်နေသည့် သူ့ခြေထောက်ကို ညွှန်ပြလိုက်၏။

"အဲဒါ ဘယ်လိုဖြစ်တာလဲ ဦးကြီးပေါက်"

"အေး . . . အဲဒီ ဒဏ်ရာက ငါ ချိုတူးလိုပဲ သစ်ပင်ပေါ်တက်ပြီး ငှက်သိုက်နှိုက်ရင်း ပြုတ်ကျတာကွ . . . ဟောဒီ ခြေထောက် သွင်သွင်ကျိုးသွားသလို လမ်းတောင် ကောင်းကောင်းလျှောက်လို့မရတာ ခုထိပဲလေ . .၊ ဒီတော့ အဲဒီလို ဘာကြောင့်ဖြစ်ခဲ့ရသလဲဆိုတာတွေးမိတော့ ငါဟာ ငှက်ကလေးတွေ၊ ပုစဉ်း

လေးတွေရဲ့ ခြေထောက်တွေ၊ တောင်ပံတွေကို ချိုးဖဲ့ဖျက်ဆီးခဲ့လို့ပဲကွ . . . ”

“ဟုတ်လား . . . ”

“အဟုတ်ပဲပေါ့ကွာ . . .၊ ကဲ ခု မင်းတို့ သူငယ်ချင်းဟာလည်း သူတစ်ပါးကို သတ်ချင်ဖြတ်ချင်လို့ ခုလို ခံရတာပေါ့ကွာ၊ ဒီတော့ မင်းတို့ဘွားရွှေလပြောတာ အမှန်ပဲကွ၊ ဒီတော့ ဦးကြီးပေါက်လို မမိုက်ချင်စမ်းပါနဲ့ကွာ၊ ကဲ . . ကဲ . . မင်းတို့သူငယ်ချင်းတွေ ပြောကြဆိုကြဦး . . .၊ ဦးကြီး ထန်းတောဘက်သွားဦးမယ် . . . ”

“ဟုတ်ကဲ့ . . . ဦးကြီးပေါက် . . . ”

“လူကလေး . . . ချိုတူး . . . ”

“ဗျာ . . . အဖေ . . . ”

“သား နေကောင်းရဲ့လား . . . ”

“ကောင်းသွားပါပြီ အဖေ . . . ”

“အေး . . . ဒါဆို အဖေ ခဏသွားဦးမယ်ကွာ . . . ”

“ဟုတ်ကဲ့ . . . ”

ပြောပြောဆိုဆိုနှင့် ကိုပေါက်ကြီး ဆင်းသွားပေရာ ချိုတူးတို့လှူသိုက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သူတို့အမှားကို သူတို့ နားလည်လာကြ၏။

“မင်း အဖေပြောသွားတာ အဟုတ်ကွ၊ သူလည်း ငါတို့လိုပဲ ဆိုးတာကွ . . .၊ ဒီတော့ ငါတို့လည်း မင်းအဖေလိုဖြစ်မှာကြောက်တယ်ကွာ . . . ”



“အေးကွာ . . . ငါလည်း ကြောက်တယ် . . . ”

ချိုတူးက ကြွက်ကလေး၏စကားကို ထောက်ခံပြောဆိုလိုက်၏။ ထိုအချိန်တွင် အိမ်ပေါ်သို့ မိညှက်တို့လူသိုက်ရောက်လာ၏။

“ဟာ . . . မိညှက် နင်တို့ဘာလာလုပ်တာလဲ . . . ”

“လာကြည့်တာပေါ့ ကြွက်ကလေးရဲ့၊ ချိုတူးလည်း ငါတို့သူငယ်ချင်းပဲဟာ . . .၊ ဒီမှာ ချိုတူးအတွက် စားစရာတွေယူလာတယ်ဟဲ့ . . . ”

“ဟင် . . . ”

ထန်းပလက် ခြင်းတောင်းလေးထဲမှ ကောက်ညှင်းထုပ်များ၊ ကြက်ဥများကို ထုတ်ပေးလိုက်၏။ မိညှက်နှင့်ပါလာသော ပိစိနှင့် ပူစူးမတို့ကလည်း ချိုတူးအတွက် စားသောက်ဖွယ်ရာများ ထုတ်ပေးလာ၏။

ကြွက်ကလေးတို့လူသိုက်မှာ မိညှက်တို့၏လုပ်ရပ်ကိုပါးစပ်အဟောင်းသားနှင့် ကြည့်နေကြ၏။ အမှန်တော့ မိညှက်တို့အပေါ် သူတို့သုံးယောက်စလုံးက အကောင်းမမြင်ခဲ့ကြ။

သူတို့မဟုတ်တာလုပ်သမျှ ဘွားရွှေလကို မကြာခဏပြန်ပြောကုန်းချောတတ်သော မိညှက် . . .။ ကွယ်ရာတွင် သူတို့သုံးဦးက မိညှက်ကို ကုန်းညှက် ကုန်းညှက်နှင့် နာမည်ပြောင်းပေးခဲ့ကြ၏။ ယခုတော့ မိညှက်က စားသောက်ဖွယ်ရာများနှင့်ရောက်ရှိလာသဖြင့် သူတို့အမှားကို သူတို့မြင်လာခဲ့ကြ၏။

မိညက်တို့ ပြန်သွားပြီးနောက် သူတို့သူငယ်ချင်းသုံးဦး ဘွားရွှေလ၏စေတနာ မိညက်တို့၏စေတနာကို ကောင်းကောင်း ကြီးနားလည်ခဲ့ပြီဖြစ်၏။

သို့နှင့် သုံးလေးရက်ခန့်အကြာတွင် ချိုတူးတစ်ယောက် သွားနိုင်လာနိုင်ဖြစ်လာ၏။ ထိုအခါ ဘွားရွှေလ၏ ကြေးစည် သံကလေးကြားသည်နှင့် အိမ်ခေါင်းရင်းမှ လွယ်အိတ်ကလေး လွယ်ကာ ဘွားရွှေလအိမ်ကလေးရှိရာသို့ ထွက်ခဲ့၏။

ညနေစောင်းမို့ နွားတစ်အုပ်က ရွာလယ်လမ်းမကြီး အတိုင်း တဝုန်းဝုန်းနှင့် ပြန်လာကြပြီဖြစ်၏။ ဖုန်တွေကလည်း လမ်းမကြီးပေါ်တွင် တထောင်းထောင်းထနေ၏။

ချိုတူးသည် လွယ်အိတ်ကလေးလွယ်ကာ နွားအုပ်ဘေးမှ ဖြတ်သန်းခဲ့ပြီး ဖိုးကုလားနှင့် ကြွက်ကလေးကို ဝင်ခေါ်လိုက်၏။ သူတို့သုံးဦးဆုံသည်နှင့် မိညက်တို့အိမ်ဘက် လျှောက်ခဲ့ကြ၏။

"မိညက်ရေ . . . ဟေ့ မိညက် . . ."

"ဟဲ့ . . . ဘယ်သူတွေတုန်း . . ."

"ကျွန်တော်တို့ပါ . . . အဘွားညို . . ."

"ဩော် . . . ချိုတူးတို့လား . . ."

"ဟုတ်ပါတယ် ဘွားညို မိညက်ရော . . ."

"လာပြီဟေ့ . . . လာပြီ . . ."

နောက်ဖေးမီးဖိုချောင်ဘက်မှ မိညက်တစ်ယောက် ပြေးထွက်လာ၏။ ချိုတူးတို့ကိုမြင်တော့ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ စင်စစ် သူ့ကို တစ်သက်လုံး မုန်းတီးနေခဲ့ကြသော



ချိုတူးတို့လူစုက ယခုတော့ ဘွားရွှေလအိမ်သွားဖို့ လာခေါ် နေကြပြီဖြစ်၏။

"ဘွားရွှေလဆီ သွားမယ်လေဟာ . . ."

"ဩော် . . . အေး . . . အေး ခဏနော် . . ."

မိညက်သည် သူငယ်ချင်းများက သူ့သဘောကို နားလည် လာသဖြင့် ဝမ်းသာအားရဖြစ်နေ၏။ ထို့ကြောင့် လွယ်အိတ်ကို အမြန်ယူကာ ဖိုသီဖတ်သီနှင့် ထွက်ခဲ့လေ၏။

သူတို့လူစု ဘွားရွှေလဆီအရောက်တွင် လူသူစုံနေပြီ ဖြစ်၏။

"ဟော . . . လာကြ . . . လာကြ . . ."

"ဟုတ်ကဲ့ . . . ဘွားရွှေလ . . ."

ဘွားရွှေလက ပုခုံးပေါ်ကို ယောဂီသဘက်ကလေးတင် လိုက်ပြီး ရှေ့မှ ဦးဆောင်ထွက်သွား၏။ ဘုရားစင်ရှေ့ရောက် သည်နှင့် ကျုံ့ကျုံ့ကလေးထိုင်လိုက်ပြီး ဘုရားဝတ်ပြုလိုက်ကြ လေ၏။

ဘွားရွှေလမှာ အမူအရာကအစ ယဉ်ကျေးလာသော ချိုတူးတို့အသွင်ကိုကြည့်ပြီး ဝမ်းသာအားရဖြစ်နေ၏။ ဘုရား ဝတ်ပြု အမျှဝေပြီးကြသည်နှင့် သူတို့လူစု ဘွားရွှေလနားတွင် ဝိုင်း၍ ထိုင်လိုက်ကြ၏။

"ချိုတူး သက်သာရဲ့လား လူကလေး . . ."

"သက်သာပါတယ် ဘွားရွှေလ . . ."

"အေး . . . အေး . . . ဘုရားမ,လို့ ပေါ့ကွယ် . . .၊

နောက်ဆို အဲဒီစိတ်တွေ မမွေးနဲ့တော့နော် . .၊ လောကမှာ လူရယ်လို့ဖြစ်လာရင် ဦးဆုံးစောင့်ထိန်းရမှာက ဘာတွေလဲ အဲဒါတွေကို မင်းတို့သိကြရဲ့လား . . . ”

“ဟို . . . အဲ . . . အဲဒါ . . . ”

“ဘာလို့မှတ်မထားလဲ ချိုတူးရယ် . .၊ ကဲ . . . သူ့ရှေ့မှာ ပြောပြလိုက်စမ်း . . . ”

“ဟုတ်ကဲ့ ဘွားရွှေလ၊ ဟို . . . တစ်အချက် သူတစ်ပါး အသက်ကို မသတ်ရ၊ နှစ်အချက်ကတော့ သူတစ်ပါးဥစ္စာ ပစ္စည်းကို မခိုးရ၊ သုံးအချက် လိမ်ညာမုသားစကား မပြောရ၊ လေးအချက်က သူတစ်ပါးသားမယားအား မပြစ်မှားရ၊ ငါးအချက်ကတော့ အရက်သေစာနဲ့ မူးယစ်သေစာ မသုံးစွဲရပဲ ဖြစ်ပါတယ် ဘွားရွှေလ . . . ”

“အေး ဟုတ်တယ် . . .၊ မင်းတို့ ကြားကြပြီလားကွဲ့”

“ဟုတ်ကဲ့ ဘွားရွှေလ . . . ”

“အေး . . အဲဒါကို လူတိုင်းကျင့်အပ်တဲ့ ပဉ္စသီတရား တစ်ပါးပဲ ကလေးတို့ အဲဒီကျင့်ကြံမှုကို လူသားတိုင်း ကျင့်သင့်တယ်ကွဲ့ . . .၊ ပဉ္စသီတရားကိုသာ သေသေချာချာထိန်းသိမ်းစောင့်ရှောက်ရင် ဘယ်တော့မှ အန္တရာယ်ဆိုးတွေနဲ့ မကြုံတွေ့ရဘူးကွယ် . . . ”

“ဟုတ်ကဲ့ . . ဘွားရွှေလ . .၊ ဟို စောစောက မိညက်ရွတ်သွားတဲ့အချက်မှာ သူတစ်ပါးအသက်ကို မသတ်ရဆိုတာ . . ”

“အဲဒီပထမအချက် မင်းတို့နားလည်အောင် အဘွား ဗုဒ္ဓဝင်ထဲက အဖြစ်အပျက်တွေနဲ့ ပြောပြမယ် . . . ”



“ပြောပြပါ ဘွားရွှေလ . . . ”

“အေး ခဏနေကြဦး . . .၊ ကလေးတို့စားဖို့ မုန့်ကလေး ပဲကလေး ယူလိုက်ဦးမယ် . . . ”

ပြောပြောဆိုဆိုနှင့် နောက်ဖေးမီးဖိုချောင်ဘက်သို့ဝင်သွား၏။ တစ်အောင့်အကြာတွင် ယွန်းဗန်းအနက်ကလေးနှင့်အတူ မြေပဲကြော်များ၊ ထန်းလျက်ခဲများကို ယူလာလေ၏။

“ကဲ . . . စားလည်းစားကြ . . . ပြောတာလည်း နားထောင်ကြပေါ့ကွယ် . . . ”

ချိုတူးတို့လူစုမှာ စုဝေးထိုင်လိုက်ကြပြီး မြေပဲကြော်ဝါးရင်း၊ ထန်းလျက်ဝါးရင်းနှင့် ဘွားရွှေလအပြောကို နားစွင့်နေကြ၏။

“ဒီလို ကလေးတို့ရဲ့၊ တို့ဘုရားရှင်လက်ထက်ကပေါ့ကွယ် . . .၊ မဟိန္ဒလို့ခေါ်တဲ့သူငယ်လေးဟာ ဒိသာပါမောက္ခကြီးတစ်ဦးဆီမှာ ပညာသင်တုန်း စာတော်လွန်းတော့ သူ့ကို သူ့သူငယ်ချင်းတွေက မနာလိုကြဘူးတဲ့ . .၊ ဒါကြောင့်လည်း သူနဲ့ဆရာကြီးကြားမှာ အထင်မှားအမြင်မှားဖြစ်အောင်လုပ်ကြရင်း နောက်ဆုံးတော့ အဲဒီမဟိန္ဒဆိုတဲ့ သူငယ်ကို ဒိသာပါမောက္ခကြီးက စိတ်ထဲမှာ အထင်လွဲသွားတာပေါ့ကွယ် . . . .၊ ဒါကြောင့်လည်း သူ့ကို ကြည်ညိုလေးစားရင် လူတွေရဲ့လက်ညှိုးတစ်ထောင်ကို ဖြတ်ယူခဲ့လို့ပြောတာပေါ့ . . . ”

ဘွားရွှေလသည် စကားရှည်ကြီးကို ပြောလိုက်ပြီး တအောင့်နားကာ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးညှိ ဖွာရှိုက်

လိုက်၏။ ခဏအကြာတွင် မီးခိုးငွေ့များကို မှုတ်ထုတ်ရင်း သူ့စကားကို ဆက်လိုက်၏။

“အဲဒီတော့ ဆရာကြီးအပေါ် ကြည်ညိုလွန်းလှတဲ့ မဟိန္ဒလေးဟာ သူ့ဆရာခိုင်းတဲ့အတိုင်း လက်ညှိုးတစ်ထောင်ရအောင် ဖြတ်ဖို့ ဆုံးဖြတ်လိုက်သတဲ့ . . .”

“ဘွားရွှေလ . . .”

“ဟေ . . . ဘာလဲ ချိုတူးရဲ့ . . .”

“ဟို . . . လူတွေရဲ့လက်ညှိုးဆိုတာ လူသေရဲ့လက်ညှိုးတွေလားဟင် . . .”

“ဘယ်က ဟုတ်ရမှာလဲကွယ် . . .၊ သက်ရှိလူသားတွေရဲ့ လက်ညှိုးကို ပြောတာပေါ့ကွယ် . . .”

“ဟင် . . . . ဒါဆို . . . . အဲဒီလူတွေ သနားပါတယ်နော် . . .”

“ဒါပေါ့ကွယ် . . ၊ သူတစ်ပါးလက်ညှိုးမပြောနဲ့ ကိုယ့်လက်ကိုတောင် အပ်နဲ့ထိုးကြည့်စမ်း ထိုးရဲလားမိညက် . . .”

“ဟင် . . . မထိုးရဲပါဘူး ဘွားရွှေလ . . .”

“ဒါပေါ့ကွယ် အဲဒီလိုမဟိန္ဒဆိုတဲ့သူငယ်ဟာ သူ့ကိုယ်သူ အင်္ဂုလိမာလလို့ တောပုန်းကြီးဘွဲ့ခံပြီး တွေ့ရာလူတွေရဲ့ လက်ညှိုးကို အတင်းလိုက်ဖြတ်တာပေါ့ကွယ် . . .”

“ဟာ . . . ရက်စက်လိုက်တာနော် ဘွားရွှေလ . . .”



“ဒါပေါ့ကွယ် . . .၊ အဲဒီလိုနဲ့ အင်္ဂုလိမာလဟာ တွေ့သမျှလူတွေရဲ့ လက်ညှိုးတွေကိုဖြတ် ဖြတ်ပြီး ဟိုနေရာထား ဒီနေရာထားနဲ့ ထားခဲ့တာကြောင့် ကျီးဆွဲ၊ ခွေးဆွဲ ဆွဲကုန်တာပေါ့ . .”

“ဟင် . . . သူကဖြတ်ပြီးသားလက်တွေကို ပစ်ထားလို့လားဟင် . . .”

“ပစ်တော့ ပစ်မထားဘူးပေါ့ကွယ် . . .၊ ဟိုနေရာတင် ဒီနေရာတင်နဲ့ ထားမိတော့ စောစောကပြောသလို ကျီးတွေ၊ ခွေးတွေ ဆွဲကုန်တာပေါ့ . . .”

“ဩော် . . .”

“အေး ဒီလိုနဲ့ . . . . သူဟာ . . . . လက်ညှိုးပေါင်းတစ်ထောင်ကို စုဆောင်းလို့မရဘူးဖြစ်နေသတဲ့ ဒါနဲ့ သူဟာ အကြံဉာဏ်တစ်ခုရလာသတဲ့ . . .”

“ဘာအကြံအစည်လဲ ဘွားရွှေလ . . .”

“သူကဖြတ်ပြီးသားလက်ညှိုးတွေကို ကြိုးနဲ့လည်ပင်းမှာသီထားတာပေါ့ကွယ်၊ သူ့ရဲ့သတင်းကလည်း တောရောမြို့ပါ နာမည်ကြီးလာသတဲ့ . .၊ အင်္ဂုလိမာလပေါ့ဆိုရင် လူတွေအားလုံးအကြီးအကျယ်ချောက်ချားကုန်ကြသတဲ့. . .၊ သူလာပြီဆိုရင်လည်း ပြေးကြ၊ ပုန်းကြ၊ ရှောင်ကြ၊ ရှားကြပေါ့ကွယ် . . .၊ အဲဒီလိုနဲ့ သူ့သတင်းဟာ နေပြည်တော်အထိတောင် သူ့သတင်းဆိုးက ကျော်ကြားလာသတဲ့ကွယ် . . .”

“ကြောက်စရာကြီးနော် ဘွားရွှေလ . . .”

“ဒါပေါ့ ကြွက်ကလေးရယ် . . .”

ကြွက်ကလေးရော ဖိုးကုလားပါ ဘွားရွှေလပြောသမျှကို မျက်လုံးပြူးမျက်ဆံပြူးဖြင့် နားထောင်နေကြ၏။ ထိုအချိန်တွင် ဘွားရွှေလသည် ထန်းလျက်တစ်ခဲကို ကောက်မြုံ့လိုက်ပြီး စကားဆက်လိုက်၏။

“အဲဒီလိုနဲ့ လက်ညှိုးတွေဖြတ်ဖြတ်ပြီး လူတွေအပေါ် နှိပ်စက်နေတဲ့သတင်းဟာ တစ်တိုင်းပြည်လုံးကျော်ကြားလာတဲ့ အခါမှာတော့ ဘုရင်ကိုယ်တိုင်ဦးစီးပြီး သူ့ကို ဖမ်းဖို့လုပ်ခဲ့ သတဲ့ကွယ်. . .၊ ဒါပေမယ့် . . . အင်္ဂုလိမာလဟာ ခွန်အား ကြီးမားလွန်းလှပြီး သတ္တိ၊ ဗျတ္တိရှိလွန်းတာမို့ သူ့ကို ဘယ်သူမှ ဖမ်းလို့မရဘူးတဲ့ . . .”

“ဟင် . . . ဒါဆို အဲဒီလူကြီးဟာ လူတွေကို သူ့စိတ်ရှိ သလို သတ်နေမှာပေါ့နော် ဘွားရွှေလ . . .”

“ဒါပေါ့ကွယ် . . .၊ အဲဒီလိုတွေ့သမျှ လူတွေသတ်ပြီး လက်ညှိုးဖြတ်နဲ့ လုပ်လာလိုက်တာ သူ့လည်ပင်းမှာဆွဲထားတဲ့ လက်ညှိုးပန်းကုန်းဟာလည်း တစ်ထောင်ပြည့်ဖို့ တစ်ချောင်းပဲ လိုတော့တာပေါ့ကွယ် . . .”

“ဟာ . . . ဒါဆို လူပေါင်းကိုးရာ့ကိုးဆယ့်ကိုးယောက် တိတိသတ်ပြီးပြီပေါ့နော် . . .”

“ဒါပေါ့ကွယ် . . . ဒီလိုနဲ့ နောက်ဆုံးတစ်ယောက်ရဲ့ လက်ညှိုးပဲကျန်တော့တာပေါ့ကွယ် . .၊ ဒါကြောင့် သူဟာတွေ့



သမျှလူကို သတ်တော့မယ်လို့ဆုံးဖြတ်ခဲ့တာပေါ့၊ ဒီအချိန်မှာ သူ့ကိုကြောက်လွန်းလို့ မြို့ရောတောပါမကျန်လူတွေအားလုံး ပြေးလွှား ပုန်းအောင်းနေကြတာပေါ့. . .၊ နောက်ဆုံး လူတစ်ယောက်ကိုမျှ ရှာမတွေ့နိုင်ဘူးဖြစ်နေတာပေါ့ . . .၊ ဒီအချိန်မှာ အဲဒီဆိုးသွမ်းလွန်းလှလို့ ဘုရင့်နေပြည်တော်ကပါ ဖမ်းဖို့ ကြံစည်နေတဲ့သတင်းကို အင်္ဂုလိမာလရဲ့ အမေကြီးက ကြားသွားသတဲ့ကွယ်. . .၊ အဲဒီလိုလည်းကြားရော သားဖြစ် သူကို ဘုရင့်စစ်သည်တော်တွေက ဖမ်းမှာစိုးတာနဲ့ သားရှိရာ နေရာကို သတိပေးဖို့ရောက်လာတာပေါ့ . . .”

“ဟင် . . . ဒါဆို . . . ဟို လူဆိုးအင်္ဂုလိကြီးက. . .”

“ဟာ. . . အင်္ဂုလိမာလပါ ကြွက်ကလေးရယ်. . .”

“အဲ . . . ငါသိပါတယ် မိညက်ရာ နင်က သိပ်ဆရာလုပ် တာပဲ . . .”

“အို . . . ကြွက်ကလေးကလည်း မိညက်ကဝင်ပြီး ပြင်ပေး တာအမှန်ပဲလေ. . . ၊ ဒီတော့ လူကလေးပြောတာ မှားနေရင် လက်ခံပြီးပြုပြင်ရဲရမှာပေါ့ကွယ် . . .”

“ဟုတ် . . . ဟုတ်ကဲ့ ဘွားရွှေလ . . .”

“ကဲ . . . ဒါဆို ဘာမေးမလို့လဲ ပြောပါဦး . . .”

“ဒီလိုပါ ဘွားရွှေလ. . . ဟို. . . အဲဒီလူဆိုးကြီးရှိရာကို သူ့အမေက သတိပေးဖို့ရောက်လာတယ်ဆိုတော့ ဟိုလူဆိုးကြီး ကလည်း နောက်ဆုံးလက်ညှိုးတစ်ချောင်း ဖြတ်ဖို့လိုနေပြီ ဆိုတော့ သူ့အမေကြီးကို ဖြတ်မှာပေါ့နော် . . .”

"ဒါပေါ့ ကြွက်ကလေးရဲ့. . .၊ သားကို စိုးရိမ်ဇောနဲ့လိုက်လာတဲ့အမေကြီးဟာ သားကိုလည်းမြင်ရော သားရေပြေးပေတော့. . ပြေးပေတော့ဆိုပြီး အော်ဟစ်သတိပေးသတဲ့. .၊ ဒါကို အင်္ဂုလိမာလကလည်း ဂရုမစိုက်နိုင်ဘူးကွယ့်၊ သူဟာ မိခင်ကြီးမှန်းသိနေပေမယ့် လက်ညှိုးတစ်ချောင်းလိုနေတာမို့ အတင်းဖြတ်တော့မယ်ဆိုပြီး လိုက်တော့တာပေါ့ကွယ် . . . "

"ဟာ . . . တော်တော် ကြောက်စရာကောင်းတဲ့လူကြီးနော် ဘွားရွှေလ၊ ကျွန်တော်တောင် အဖေ့ကို ရဲရဲတောင် ပြန်မပြောဝံ့ပါဘူးဗျာ . . . "

"ဒါပေါ့ ဖိုးကုလားရယ် . . .၊ အဲဒီလိုကြောက်စရာကောင်းလှတဲ့ အင်္ဂုလိမာလကြီးဟာ သူ့အမေရဲ့လက်ညှိုးကို ဖြတ်ဖို့အတင်းလိုက်လာတုန်း တို့ဘုရားသခင်က သူတို့နှစ်ဦးကြားထဲကို ရောက်လာတယ်ကွယ့်. . . "

"ဟင်. . . ဒါဆို အင်္ဂုလိမာလကြီးက ဘုရားရှင်ကို သတ်မှာပေါ့ . . . "

"ဒါပေါ့ ချိုတူးရဲ့၊ သူဟာ ဘုရားရှင်လည်းမြင်ရော သူ့မိခင်ကြီးနောက်မလိုက်တော့ပဲ ဘုရားရှင်ကြီးဂေါတမနောက်ကို လက်ညှိုးဖြတ်ဖို့ အတင်းလိုက်တာပေါ့ကွယ် . . .၊ အဲဒီလိုနဲ့ လိုက်ရင်းလိုက်ရင်းနဲ့ အင်္ဂုလိမာလဟာ မောဟိုက်လာသတဲ့၊ အဲဒီအခါမှာ သူက . . . အို . . . ဘုရားရှင် သင်ကြောက်ရွံ့ပြီး ဘာကြောင့်ပြေးနေသလဲလို့ဆိုသတဲ့ . .၊ ဒီအခါမှာ ဘုရားရှင်က 'အိုချစ်သား အင်္ဂုလိမာလ ကျွန်ုပ်မပြေးပါ၊ ပြေးနေသူဟာ



သင်သာဖြစ်ပါတယ် . . .၊ သင်ဟာ သံသရာတစ်လျှောက်လုံး မကောင်းမှုတွေနောက် အပြေးလိုက်နေသူပဲ. . ' လို့ ဆိုလိုက်သတဲ့ . . . "

"ဟာ . . . ဒါဆို ဘုရားရှင်က မပြေးဘူးနော် ဘွားရွှေလ. . . "

"ဒါပေါ့ကွယ် . . . .၊ ဘုရားတန်ခိုးတော်ကြောင့် အင်္ဂုလိမာလဟာ ဘယ်လိုမှဖမ်းမရဘူး ဖြစ်နေတာပေါ့ . . .၊ နောက်ဆုံးတော့ သူဟာ သံသရာမှာမကောင်းမှုတွေနောက်ကို အပြေးလိုက်နေသူပါလားဆိုတဲ့ စကားကိုကြားရတော့ အင်္ဂုလိမာလဟာ သူ့ရဲ့အမှားတွေကို အကြီးအကျယ်နောင်တရသွားသတဲ့. .၊ ဒါကြောင့်လည်း ဘုရားရှင်ရှေ့မှာ ဒူးထောက်ပြီး 'မှားပါပြီဘုရား တပည့်တော်အမှားကို တပည့်တော်သိပါပြီ သံသရာမှာမကောင်းမှုတွေနဲ့ ဆက်မပြေးပါရစေနဲ့တော့' လို့ ဝန်ချတောင်းပန်လိုက်သတဲ့၊ ဒီအခါမှာတော့ တို့ဘုရားရှင်ဟာ အင်္ဂုလိမာလဆိုတဲ့ လူဆိုးကြီးကို ကျောင်းသင်္ခမ်းဆီ ခေါ်သွားတာပေါ့ကွယ်. . .၊ အဲဒီလည်းရောက်ရော အင်္ဂုလိမာလကြီးကို ချက်ချက်ပဲ ကတုံးရိတ်ပြီး သင်္ကန်းစည်းစေသတဲ့ . . . "

"တော်ပါသေးရဲ့နော် . . . မဟုတ်ရင် အဲဒီလူဆိုးဟာ မလွယ်တော့ဘူး . . . "

"ဒါပေါ့ကွယ် . . ဘုရားရှင်နဲ့တွေ့မှဘဲ အကျွတ်တရားရခဲ့ပြီး ရဟန်းစည်းခဲ့တာပေါ့၊ ဒီလိုနဲ့ အင်္ဂုလိမာလရဟန်းကြီးဟာ

သပိတ်တစ်လုံးပိုက်ပြီး ရွာစဉ်အနှံ့ဆွမ်းခံထွက်တဲ့အခါမှာတော့ ရွာသူရွာသားတွေက အဲဒီမထေရ်ကြီးကို. . 'ဟာ. . လက်ညှိုး ဖြတ်တဲ့ရဟန်းကြီးလာနေပြီဟေ့. .၊ ဆွမ်းမလောင်းကြနဲ့ ရှိမခိုး ကြနဲ့. . မောင်းကြထုတ်ကြ' ဆိုပြီး ရွာသူရွာသားတွေက သူ့ကို ခဲတွေနဲ့ပေါက် တုတ်တွေနဲ့ရိုက်ပြီး မောင်းထုတ်ကြတာပေါ့. . ဒီအခါမှာ အင်္ဂုလိမာလမထေရ်ကြီးဟာ ခုလိုရိုက်ပုတ်ခံရတာ တစ်ချိန်က သူ လူတွေအပေါ် သတ်ဖြတ်ညှဉ်းဆဲလို့ပါလား ဆိုတာကို သိလာသတဲ့. . .၊ ဒါကြောင့် သူဟာရွာသူရွာသား တွေလုပ်သမျှ ခေါင်းငုံ့ခံပြီး သွေးသံရဲရဲနဲ့ သပိတ်ထဲမှာလည်း ဆွမ်းမရဘဲ ပြန်ခဲ့ရတာပေါ့ကွယ် . . ."

"ဟင် . . . ဒီလိုဆိုတော့လည်း သနားပါတယ်နော် . . ."

"ဒါပေါ့ကွယ် . . .၊ တကယ်တော့ ဘွားရွှေလပြောခဲ့တဲ့ ပထမသီလက သူတစ်ပါးအသက်ကို မသတ်နဲ့တဲ့. . .၊ အဲဒီလို သတ်ခဲ့ရင် ကိုယ်လည်းအဲဒီလိုပဲ တစ်နေ့ပြန်ခံရမှာပေါ့ . . . ချိုတူးရယ် . . ."

"ဟာ. . . ဟုတ်တယ် အဘွား. .၊ ကျွန်တော် ကျီးကန်းဥ လိုချင်လို့ တက်နှိုက်တာ၊ အဲ. . သူများအသက်ကို သတ်သလို ပေါ့နော် . . ."

"ဒါပေါ့ကွယ်. . ."

"ဒါကြောင့် ကျွန်တော် မြွေပေါက်ခံရတာ ဖြစ်မှာ ပေါ့နော်. . ."



"အမှန်ပေါ့ကွယ် . . .၊ ဒါဟာ လူကလေးလက်တွေ့ကြုံ လိုက်ရတဲ့ တုံ့ပြန်မှုပဲကွယ့်၊ ကဲ. . စောစောကအကြောင်း ပြန်ဆက်ရအောင် . . ."

"ဟုတ်ကဲ့ ဘွားရွှေလ . . ."

"အဲဒီလိုနဲ့ အင်္ဂုလိမာလမထေရ်ကြီးဟာ ခေါင်းကွဲ ထိပ်ပေါက်နဲ့ ပြန်လာတာမြင်တော့ ဘုရားရှင်က ကရုဏာသက် သွားသတဲ့. .၊ ပြီးတော့ ဘယ်နေရာသွားသွား ခုလိုပဲ သွေးရဲရဲ သံရဲရဲနဲ့ အမောင်းထုတ်ခံရတာမို့ တို့ ဘုရားရှင်ဟာ အင်္ဂုလိမာလ မထေရ်ကြီးကို ဒါဟာ သင်ပြုခဲ့တဲ့ မတရားရက်စက်မှုကြောင့် တစ်လှည့်ပြန်ခံခဲ့ရတာပဲလို့ ဆုံးမသတဲ့. . .၊ နောက်ဆုံးတော့ တို့ ဘုရားရှင်ဟာ အင်္ဂုလိမာလမထေရ်ကြီးကို ကိုယ်ဝန်သည် မိခင်တွေ ကလေးလျှောလျှောရှူရှူနဲ့ အမြန်ဆုံးမွေးဖွားနိုင်မယ့် ဂါထာလေးကို သင်ပေးလိုက်သတဲ့ . .၊ အဲဒီဂါထာကို အင်္ဂုလိ မာလသုတ်လို့ ခေါ်တာပေါ့ကွယ်. .၊ ဒီအခါမှာ အင်္ဂုလိမာလ မထေရ်ကြီးဟာ ဘုရားရှင်ပေးလိုက်တဲ့ အင်္ဂုလိမာလသုတ်ကို အလွတ်ကျက်ပြီး ကိုယ်ဝန်ဆောင်ရှိတဲ့ အိမ်တွေကို အရောက် သွားသတဲ့. . .၊ ပထမတော့ လူတွေက သူ့ကို မကြည်ဖြူကြ ဘူးပေါ့ကွယ် . . . .၊ ဒီအချိန်မှာ အင်္ဂုလိမာလမထေရ်ဟာ ခေါင်းရင်းဘက်မှာထိုင်ပြီး ရေသန့်သန့်တစ်ခွက် တောင်းလိုက် သတဲ့၊ အဲဒီလိုလည်းတောင်းပြီးရော လက်ထဲရောက်လာတဲ့ ရေခွက်ကို သူ့ရှေ့မှာထားပြီး အင်္ဂုလိမာလသုတ်ကို ရွတ်တော့

တာပေါ့၊ ပြီးတာနဲ့ မီးမဖွားနိုင်တဲ့ ကိုယ်ဝန်သည်ကို သောက် ခိုင်းလိုက်ရော လျှောလျှောရှူရှူနဲ့ မွေးဖွားနိုင်တာပေါ့ကွယ်"

"ဟင်း. . . တော်ပါသေးရဲ့"

"ဒါပေါ့ကွယ်. . . ကလေးမမွေးနိုင်တဲ့ လူရဲ့ဒုက္ခကို ကိုယ်တော်ကြီးက မေတ္တာရှေ့ထားပြီး ဘုရားရှင်ပေးလိုက်တဲ့ အင်္ဂုလိမာလသုတ်ကို ရွတ်လိုက်တာကိုး၊ ဒီအခါမှာ လူတွေ အားလုံးဟာ အဲဒီမထေရ်ကြီးရဲ့အပေါ် တဖြည်းဖြည်းတလေး တစားဖြစ်လာကြသတဲ့၊ ကြည်ညိုလာကြသတဲ့ကွယ်. . .၊ အဲဒီလိုနဲ့ မီးမဖွားနိုင်တဲ့ မိခင်တွေရဲ့ အိမ်မှန်သမျှကိုကြွပြီး မီးဖွားနိုင်အောင် မေတ္တာနဲ့ရွတ်ဖတ်ပေးခဲ့တာမို့ အဲဒီကောင်း သတင်းက တစ်တိုင်းပြည်လုံး ကျော်ကြားသွားသတဲ့. . .၊ အဖြစ်ကတော့ ဒီနေရာမှာပဲ အဆုံးသတ်သွားပြီကွယ့်. . .၊ ဒီတော့ ဘွားရွှေလပြောခဲ့တာကို လူကလေးတို့အားလုံး ပြန်စဉ်းစားကြစမ်း၊ သူတစ်ပါးအသက်ကို သတ်တာ၊ ဖြတ်တာ ကောင်းကြသလားကွယ့်"

"မကောင်းပါဘူး. . . ဘွားရွှေလ"

ဘွားရွှေလ၏စကားကို သူတို့ တညီတညွတ်တည်း ဖြေလိုက်ကြ၏။ ထိုအခါ ဘွားရွှေလက သူတို့အားလုံးကို ပြုံးပြုံး တုံ့တုံ့နှင့် လှမ်းကြည့်ရင်း -

"အေး. . . မကောင်းဘူးဆိုရင် ခုကတည်းကစပြီး အဲဒီ တရားကို စောင့်ထိန်းကြနော်၊ တရားမစောင့်ထိန်းတဲ့သူကတော့



မကောင်းတဲ့အကျိုးပဲ ခံစားရမှာ ကျိန်းသေတယ်ကွယ့်၊ ကြား ကြရဲ့လား"

"ကြားပါတယ်. . . ဘွားရွှေလ"

"ကဲ. . . ဒီညတော့ ဒီလောက်နဲ့ တော်လောက်ပြီပေါ့ ကွယ်. . .၊ ညလည်းနက်လှပြီ၊ ကလေးတို့တစ်တွေလည်း အိပ် ချင်လှပြီပေါ့၊ ဒီတော့မပြန်ခင် ဒီတရားနဲ့ ပတ်သက်တဲ့ သံပေါက် လေးကို ဘွားရွှေလ သင်ပေးလိုက်မယ်. . .၊ လိုက်ဆိုကြနော်"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

ပြောပြောဆိုဆိုနှင့် သူတို့လူစု ဘွားရွှေလ၏ ဆုံးမကဗျာ လေးကို နားစွင့်နေကြ၏။ ထိုစဉ် ဘွားရွှေလ၏ ဆုံးမကဗျာ ရွတ်သံလေး ပေါ်လာလေတော့၏။

- **သူများအသက်ကို သတ်ဖို့ကြံလျှင်**<br>**ဒဏ်ပြန်ဒုက္ခ တွေ့လိမ့်မယ်. . .။**
- **ဒါကြောင့်ပဲလေ၊ သတိတရားနဲ့**<br>**ကိုယ့်အသားကိုယ် ဆိတ်ကြည့်ကွယ်. . .။**
- **နာတာသိရင် ပြန်စဉ်းစားလို့**<br>**မတရားတာ မကြံနဲ့ကွယ်. . . .။**
- **မှန်တာကျင့်တာ၊ မှန်တာတွေးမှ**<br>**လူတော်လူကောင်း ဖြစ်လိမ့်မယ်. . . .။**
- **မှတ်ကွယ်. . . မှတ်ကွယ်. . . .။**

"ကဲ. . . ထပ်ဆိုကြစမ်း. . ."

"ဟုတ်ကဲ့. . . ဘွားရွှေလ"

သူတို့လူစု ဘွားရွှေလချပေးသော သံပေါက်ကလေးကို သံပြိုင်သီဆိုလိုက်ကြပြီးသည်နှင့် ဘွားရွှေလကို ဦးချကာ အိမ်ပေါ်မှ ဆင်းခဲ့ကြလေတော့သည်။ ။

♦♦♦♦♦♦♦♦♦♦♦

# ဒုတိယလရောင်

**အဒိန္နဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်ဆီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ကအပြန်အကျိုးတည်း။ ။**

**အရှင်ဇနကာဘိဝံသ**

**အမရပူရတောင်မြို့ဆရာတော်**

ပူစူးမတစ်ယောက် အမေကြီးသိမ်းထားတဲ့ လက်ဖက်အုပ်ကို ဖွင့်ပြီးစားမိသဖြင့် တစ်ညလုံးအိပ်မရဖြစ်နေ၏။ ထို့ကြောင့်လည်း အိပ်ရာထဲတွင် လူးလူးလိမ့်လိမ့်ဖြစ်နေ၏။

ထိုအချိန်တွင် သူတို့အိမ်အောက်ထပ်ရှိ ဆိတ်တဲဘက်မှ ဆိတ်ပေါက်ကလေးတစ်ကောင်၏ အော်သံကို ကြားလိုက်ရသဖြင့် သူအိပ်နေသည့် အခန်းခေါင်းရင်းဘက်မှ ချောင်းကြည့်လိုက်၏။

လရောင်မှုန်မှုန်အောက်တွင် ဆိတ်တဲကလေးကိုမြင်လိုက်ရ၏။ တစ်ရွာလုံးအိပ်မောကျနေပြီး အသံဗလံပင်မကြားရသည့်အချိန်တွင် ဆိတ်ကလေးအော်သံကို ကြားလိုက်ရသဖြင့် စိတ်ထဲတွင် အထူးအဆန်းဖြစ်နေ၏။

ထို့ကြောင့်လည်း စိုးရိမ်းတကြီးနှင့် တိတ်တဆိတ်ကြည့်လိုက်ခြင်းဖြစ်၏။

“ဟင်. . . သူ. . . သူခိုးပါလား. . .”

မြင်ကွင်းကြောင့် ပူစူးမပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဆိတ်ခြံထဲတွင် ကုန်းကုန်းကုန်းကုန်းနှင့် လျှောက်နေသော လူကြီးတစ်ဦး၊ ခြေထောက်ကလည်း ထော့နင်းထော့နင်းနဲ့မို့ ဘယ်သူဆိုတာ ချက်ချင်းသိလိုက်၏။

“ဟင်. . . ဒါဆို. . . ချိုတူးတို့အဖေ ဦးပေါက်ကြီးပဲ ဖြစ်ရမယ်. . .”

သူသေသေချာချာထပ်ကြည့်လိုက်၏။ ထိုအခါ ချိုတူးတို့အဖေ ကိုပေါက်ကြီးမှန်း ပူစူးမ သေသေချာချာ ရိပ်မိသွား၏။ အော်မယ်လုပ်သော်လည်း မအော်ဝံ့။ သူ့အသံကြောင့် တစ်အိမ်လုံးနိုးသွားလျှင် ကိုပေါက်ကြီးကို ဝိုင်းရိုက်မှာ ကြိမ်းသေ၏။

ထိုအဖြစ်မျိုးကိုတော့ ပူစူးမ မလိုလား။ သူ့သား ချိုတူးက သူ့သူငယ်ချင်း။ ဆင်းရဲလှသည်မို့ ယခုလို ခိုးသည်ပဲဟု စိတ်ထဲက ယူဆမိ၏။ ထို့အပြင် သူအော်လိုက်၍ ကိုပေါက်ကြီးကို သူခိုးဆိုပြီးဖမ်းကြလျှင် ချိုတူးသည် သူခိုးကြီး၏ သားဖြစ်သွားမှာကို မလိုလား။

သို့ပေသည့် ကိုပေါက်ကြီးလက်ထဲတွင် ပိုက်ထားသော ဆိတ်ဖြူလေးက သူ့ဖခင်၏ အသည်းစွဲ၊ မွေးတာ သုံးလပင် မပြည့်သေး။ ဖခင်ကြီးက ဆိတ်ဖြူလေးကို ‘ဘိုဖြူ’ ဟု အမည်ပေးထား၏။

ဘိုဖြူသာမရှိလျှင် ဖခင်ကြီး စိတ်မကောင်းဖြစ်မှာ ကျိမ်းသေ၏။ အမှန်မတော့ ယင်းဆိတ်တစ်အုပ်က ဖခင်ကြီး



တယုတယ မွေးထားခဲ့ရသည်မို့ သူတစ်ပါး ခိုးသွားမှာကို နှမြောမိတာအမှန်။

ပူစူးမမှာ အော်ရအခက်၊ မအော်ရအခက် ဖြစ်နေ၏။ နောက်ဆုံး ချိုတူး၏မျက်နှာကို မြင်ယောင်လာတော့ အော်မည်လုပ်သည့်အကြံအစည်ကို ဖျက်ပစ်လိုက်ပြီး အိပ်ပျော်အောင် အိပ်စက်လိုက်လေ၏။

နောက်တစ်နေ့ နံနက်ခင်းရောက်သည်နှင့် ဖခင်ကြီး ဦးဖိုးထွေးတစ်ယောက် ပွစိပွစိလုပ်လေတော့၏။

“ဟာ. . ငါ့ဆိတ်ကလေးဘိုဖြူ ဘယ်ရောက်သွား ပါလိမ့်၊ ဟေ့. . . တစ်အိမ်လုံး မသိကြဘူးလားကွ”

“အိုတော်. . . ကျုပ်တို့လည်းကြည့်နေတာပဲ၊ မနေ့ညကတောင်မြင်ပါသေးရဲ့တော် . . .၊ သူခိုးများ ဝင်ခိုးသွားသလား မသိဘူး”

“ဟာ. . . တော်တော်မိုက်ရိုင်းတဲ့ သူခိုးပါလား၊ ဘိုဖြူက ကလေးလေးပဲ ရှိပါသေးတယ်ကွာ. . .၊ ဘာဖြစ်လို့များ ခိုးသွားရပါလိမ့်”

“သူခိုးပဲရှင်. . . ရောင်းစားဖို့၊ ဒါမှမဟုတ် သတ်စားဖို့ နေမှာပေါ့တော်”

“ဟာကွာ. . တော်တော်ယုတ်မာတဲ့သူခိုးပဲ၊ ငါ တစ်ရွာလုံး ပတ်ရှာဦးမယ်. . .၊ မိရင်တော့ အသေပဲဟေ့”

ပူစူးမမှာ အိပ်ရာထဲက မထသေးဘဲ ဖခင်နှင့် မိခင်ကြီးတို့၏ စကားကို နားစွင့်နေမိ၏။ ဖခင်ကြီး ဦးဖိုးထွေးက ပြောရင်

ပြောသလိုလုပ်တတ်၏။ ဒေါသလည်းကြီး၏။ စိတ်လည်းတိုတတ်၏။

ထို့ကြောင့် ချိုတူးတို့အဖေဆီမှာ ရှာတွေ့သွားလျှင် လုံးဝလွယ်မည့်ကိစ္စမဟုတ်။ သူ ချိုတူးအတွက် စိတ်ပူသွားမိ၏။ ဘွားရွှေလ ပြောခဲ့သလို အဖေရိုက်လိုက်သဖြင့် သူတစ်ပါးခံရမှာကိုလည်း ပူစူးမ မလိုလား။ ထို့ကြောင့်လည်း အိပ်ရာထဲမှာပင် အကြံအစည်ထုတ်နေမိ၏။

နောက်ဆုံး ချိုတူးတို့ဆီ အမြန်ပြေးပြောမှ ဖြစ်ချေတော့မည်ဟု တွက်မိ၏။ ထို့ကြောင့်လည်း အိပ်ရာထဲက လူးလဲထလိုက်ပြီး ချိုတူးတို့ နေထိုင်သည့် ရွာပြင်ထန်းတောကို အိမ်သားတွေမသိအောင် အပြေးနှင်ခဲ့လေ၏။

သူရောက်သွားတော့ ချိုတူးပင် အိပ်ရာက ထကာစရှိသေး၏။ တဲရှေ့တွင် မြူအိုးသုံးလေးအိုးကို တိုက်ချွတ်ဆေးကျောနေတာ တွေ့လိုက်ရသဖြင့် -

"ဟဲ့. . . ချိုတူး"

"ဟင်. . . ပူစူးမပါလား၊ နင်ဘာလာလုပ်တာလဲ . . . ကျောင်းသွားမလို့လား၊ ကျောင်းက အစောကြီးပဲရှိသေးတဲ့ဥစ္စာ"

"အို. . . အဲဒီကိစ္စ မဟုတ်ပါဘူးဟယ်"

"ဒါဆို. . . ဘာကိစ္စလဲ ပြောစမ်း"

"ဟို. . . နင်တို့အဖေရော"

"ဟာ. . . ဘာလုပ်မလို့လဲဟ. . . "



ပူစူးမက တဲထဲကြည့်ပြီး ချိုတူး၏ ဖခင်ကို မေးလိုက်၏။ ချိုတူးမှာ ဘုမသိဘမသိနှင့် အူကြောင်ကြောင် ဖြစ်နေ၏။

"ဟဲ့. . . မေးတာဖြေလေ ချိုတူးရဲ့ နင့်အဖေ တဲထဲမှာ မရှိဘူးလားလို့"

"မရှိဘူးဟ. . . ညထဲက တဲထဲပြန်မအိပ်တာ ငါတောင် ဒီမနက် လိုက်ရှာမလို့ဟဲ့"

"ဒုက္ခပဲ. . . နင်တို့အဖေ ဦးပေါက်ကြီးတော့ ငါတို့အဖေနဲ့သာတိုးရင် မလွယ်ဘူးဟဲ့"

"ဟင် . . . ဘာ. . . ဘာဖြစ်လို့လဲဟ"

"ဘာဖြစ်ရမှာလဲ ချိုတူးရဲ့. . ၊ နင့်အဖေ ဦးပေါက်ကြီးက သိပ်ဆိုးတာပဲ"

"ဟင်. . . နင်က အသားလွတ်ကြီးပါလားဟဲ့. . . ၊ ငါတော့ နင်ပြောတာ နားမလည်ဘူးဟာ"

"ဒီလို ချိုတူးရဲ့. . . "

ပူစူးမသည် ညက ကြုံခဲ့ရသည့်အဖြစ်နှင့် သူ့ဖခင်ကြီး ဆိတ်ပျောက်ရှာပုံတော်ကို ပြောပြလိုက်၏။ သူ့စကားကြားရတော့ ချိုတူးမှာ မျက်လုံးအပြူးသား ဖြစ်သွား၏။

"ဟင်. . . နင်ပြောတာ တကယ်လား ပူစူးမရဲ့. . . "

"တကယ်ပေါ့ဟယ်၊ ငါကိုယ်တိုင် မျက်လုံးနဲ့ မြင်တာဟဲ့၊ အဲဒါ ငါလည်း ဘာပြောလို့ ပြောရမှန်းမသိဘူး. . ၊ ပြီးတော့ ငါ့အဖေက နင့်အဖေ ဆိတ်ခိုးသွားတာသိရင် ကျိန်းသေလာ ရိုက်မှာ. . . ၊ ငါက အဲဒီလိုလည်း မဖြစ်စေချင်ဘူးဟယ်. . . ၊

ပြီးတော့ နင်နဲ့ငါကသူငယ်ချင်းတွေ . .၊ ဒီတော့ နင့်ကို သူခိုးကြီး ဦးပေါက်ကြီးသား မဖြစ်စေချင်တာ အမှန်ဘဲ. . .၊ အဲဒါ ငါတို့ ဘယ်လိုလုပ်ကြမလဲဟင်. . .”

“အေးကွာ. . . အဖေကလည်း ဘာလို့မျှား သူများဆိတ်ကိုခိုးရပါလိမ့်. .၊ အဖေကွာ မနက်ကလည်း အရက်တွေအရမ်းမူးလာတာဟဲ့. .၊ ဟိုဘက် သရက်ထည်ရွာက ကိုချာတိတ်တို့လည်းလာကြတယ်. . .၊ နင်လည်း သိသားပဲ၊ ကိုချာတိတ်က အကျင့်ကောင်းတာမဟုတ်ဘူးဟ၊ ဒီတော့ အဖေနဲ့ပေါင်းပြီး နင်တို့ဆိတ်ကို ခိုးတာဖြစ်မှာပဲ. .”

“အေး. . . အဲဒါဖြစ်နိုင်တယ်၊ ဒီတော့ ဘယ်လိုလုပ်ကြမလဲဟင်. . .”

“ခက်တယ်ကွာ. . .”

ချိုတူးမှာ ဖခင်ကြီးအတွက် အလွန်အမင်း စိတ်ပူနေ၏။ ဘာလုပ်လို့ ဘာကြံရမှန်းမသိ။ ပူစူးမမှာလည်း အဖြစ်မှန်ကို သိထားသော်လည်း ဖော်ထုတ်ပြောဖို့ မဝံ့မရဲဖြစ်နေ၏။

ထိုစဉ် ပူစူးမတစ်ယောက် ဘွားရွှေလကို သတိရလာ၏။

“ဟာ. . . တို့ဘွားရွှေလဆီ သွားရအောင်ဟယ်. .”

“ဟင်. . . ဘာလုပ်မလို့လဲ ပူစူးမရဲ့. . .”

“အို. . ခုဖြစ်နေတာ အကျိုးအကြောင်းပြောပြရမှာပေါ့၊ ဒီတော့ ဘွားရွှေလက တို့ကိုဘာလုပ်သင့်တယ်ဆိုတာ ပြောမှာပေါ့ချိုတူးရဲ့”

“အေး. . နင့်အကြံမဆိုးဘူး၊ ဒါဆိုသွားကြရအောင်ဟာ”



ပြောပြောဆိုဆို ပူစူးမနှင့် ချိုတူးတို့နှစ်ယောက် ဘွားရွှေလအိမ်သို့ သုတ်ခြေတင်ခဲ့ကြသည်။ သူတို့ ရောက်သွားချိန်တွင် ဘွားရွှေလသည် အိမ်ရှေ့မြေတလင်းတွင် ဇကောတစ်ချပ်နှင့် ဆန်ပြာနေ၏။ သူတို့နှစ်ဦး အိမ်ဝိုင်းထဲ ဝင်လာတာတွေ့တော့ ဘွားရွှေလသည် လှမ်းခေါ်လိုက်၏။

“ဟဲ့. . ပူစူးမတို့ချိုတူးတို့ပါလား. . . လာကြလေ”

“ဟုတ်ကဲ့. . . ဘွားရွှေလ”

နှစ်ဦးသား တုံ့ဆိုင်းတုံ့ဆိုင်းနှင့် အိမ်ဝိုင်းထဲသို့ ဝင်လာကြ၏။ ဘွားရွှေလသည် ဆန်ဇန်းကို ရေကပြင်ပေါ်တင်လိုက်ပြီး ပခုံးပေါ်မှသဘက်ကလေးနှင့် မျက်နှာကိုသုတ်လိုက်၏။ ထို့နောက် သူတို့နှစ်ဦးကိုကြည့်ရင်း -

“မင်းတို့နှစ်ယောက်၊ မတွဲစဖူး အတွဲထူးလှချည့်လားကွယ့်၊ ပြောစမ်းပါဦး. . .၊ ကဲ. . . ပူစူးမအရင်ပြော”

“ဟို. . . ဒီ. . ဒီလိုပါဘွားရွှေလ၊ ချိုတူးအဖေလေ. . .”

“ဟင်. . . ချိုတူးအဖေဟုတ်လား. . . ပြောပါဦး၊ ကိုပေါက်ကြီး ဘာဖြစ်သလဲ. . .”

“ဟို. . . ဟို”

“အို. . . ဘာဖြစ်တာတုန်းပူစူးမရဲ့. . . ဟဲ့. . . ချိုတူး ပြောပါဦး၊ ဘာတွေဖြစ်နေကြသလဲ”

“အလိုတော်. . နှစ်ယောက်စလုံး၊ ကြောင်စီစီနဲ့၊ ဘယ်လိုဖြစ်နေကြသတုန်း၊ အဘွားကို. . ရှင်းရှင်းပြောကြစမ်းပါကွယ်”

ဘွားရွှေလသည် ပူစူးမနှင့် ချိုတူးတို့နှစ်ဦးကို ကြည့်ပြီး လေသံအေးအေးနှင့် မေးလိုက်၏။ ထိုအခါ ပူစူးမ၏ ခပ်ညက် ညက်အသံလေး ထွက်လာ၏။

“ဟို. . . ဒီလိုပါဘွားရွှေလ၊ ချိုတူးအဖေဦးပေါက်ကြီးက သမီးတို့ခြံထဲက. . . ဆိတ်ပေါက်ကလေးဘိုဖြူကို မနေ့ညက ခိုးသွားလို့အဘွားရဲ့၊ အဲဒါ သမီးအဖေလည်း. . ဒေါတွေပွနေ တယ်၊ ဒါနဲ့သမီးလည်း ဘာလုပ်ရမှန်းမသိလို့ ဘွားရွှေလဆီ ရောက်လာတာပါ”

“အလိုတော်. . . ဒါထက် ပူစူးမက ကိုပေါက်ကြီးခိုးတယ် ဆိုတာမြင်လို့လား. . . ”

“ဟုတ်ကဲ့. . . ဒီလိုပါဘွားရွှေလ. . . ”

ပူစူးမက မနေ့ညကအဖြစ်ကို ပြောပြလိုက်၏။ ချိုတူးမှာ ဖခင်ကြီး၏အကြောင်းကို ကြားနေရသဖြင့် ခေါင်းတောင် မဖော်ရဲပါချေ။

“အို. . ဒုက္ခပါပဲ၊ နေပါဦး ချိုတူးရဲ့၊ မင်းအဖေအကြောင်း မင်းသိမှာပေါ့. . . ပြောပါဦး”

“ဟို. . . အဖေ သရက်ထည်ရွာက ကိုချာတိတ်တို့နဲ့ ပေါင်းနေတယ် ဘွားရွှေလ၊ ဟို . . . အဲဒီကိုချာတိတ်ဆိုတဲ့ လူက . . . ခိုးမှုနဲ့ ထောင်ကထွက်လာတာ၊ မကြာသေးဘူး ဘွားရွှေလရဲ့”

“ဩော် . . . ဒီလိုလား”

“အဲဒါ. . . . သမီးတို့လည်း ဘယ်လိုလုပ်ရမှန်း မသိ တော့ဘူး . . .၊ ဟို. . . အဖေကရွာလူကြီးကို တိုင်မယ် တန်းမယ် လုပ်နေတယ်”



“ဒုက္ခပါပဲ. . . ပေါက်ကြီးက ငါ့စကားကို နားမှမထောင် ဘဲကိုး၊ သူလုပ်ချင်တာ စွတ်လုပ်နေပါလား ဟင်၊ ဒင်းကြောင့်. . ချိုတူးခမျာ ခေါင်းတောင်မဖော်နိုင်ပါလားကွယ်. . . ချိုတူး”

“ဗျာ. . . ဘွားရွှေလ”

“အဘွား မင်းအဖေကို ဆုံးမပါမယ်ကွယ်. . . ရှက်မနေ ပါနဲ့”

“ဟို. . . အဖေခုလိုလုပ်တာ. . အရက်သောက်နေလို့ ဘွားရွှေလရဲ့”

“အေးပါကွယ်. . . အဘွားသိပါတယ်၊ ကဲ. . ကဲ ပူစူးမ အမှန်တော့ ငါ့သမီးဟာ သူငယ်ချင်းအပေါ်မှာ စာနာစိတ်ရှိလို့ သာပေါ့ကွယ်. .၊ မဟုတ်ရင် ညကတည်းက အော်ဟစ်လိုက်ရင် ချိုတူးတို့အဖေ ခုဆို. . . ခေါင်းပေါက်ထိပ်ပေါက်နဲ့ အချုပ်ထဲ ရောက်နေမှာ ကျိန်းသေပဲကွယ့်. . .၊ ဒါပေမယ့် ဒီကိစ္စကို ကွယ်ဝှက်ထားလို့လည်း မသင့်တော်ပြန်ဘူးကွယ့်. . .၊ ဒီတော့ ငါ့သမီးပြန်နှင့်၊ အဘွားနဲ့ချိုတူးတို့ ပေါက်ကြီးကိုရှာလိုက်ဦးမယ်”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ဘွားရွှေလ”

ပူစူးမသည် ချိုတူးကို တစ်ချက်လှမ်းကြည့်ရင်း အိမ်ဝိုင်း ထဲမှ ထွက်သွား၏။ ဘွားရွှေလသည် ပူစူးမထွက်သွားသည်နှင့် ရေကပြင်ပေါ်မှ အိုးတစ်လုံးကိုယူ၍ အိမ်ရှေ့အင်တုံထဲတွင် ဆေးကျောလိုက်ပြီး ဇကောထဲက ဆန်တွေကို လောင်းထည့် လိုက်၏။ ပြီးသည်နှင့် ရေကပြင်ပေါ်ရှိ ကြောင်အိမ်စင်ပေါ် တင်လိုက်၏။

ထို့နောက် ခေါင်းကြီးငိုက်စိုက်နှင့် ထိုင်နေသော ချိုတူး အနား လျှောက်လာ၏။

"လူကလေး. . ."

"ဗျာ. . . ဘွားရွှေလ"

"မင်းအဖေ . . . ဘယ်မှာရှိတယ်ဆိုတာ အဘွားတို့ သွားရှာကြရအောင်ကွယ်"

"အဖေက ကျွန်တော့်ကိုတွေ့ရင် ဆူမှာ. . ဘွားရွှေလရဲ့"

"မဆူပါဘူးကွယ်. . . ကဲ. . . လာ. . လာ"

ပြောပြောဆိုဆိုနှင့် တဲထောင့်တွင် ထောင်ထားသော တောင်ဝှေးကို လှမ်းယူလိုက်ပြီး ရွာထဲသို့ ထွက်ခဲ့ကြ၏။

ချိုတူးမှာ ဖခင်ကြီးကို အလွန်ပင် ကြောက်ရသူဖြစ်၏။ ယခုလည်း သူပြော၍ သိတာဆိုလျှင် ဖခင်ကြီးက သူ့ကိုမူးမူး နှင့်ရိုက်နှက်လာမှာကို စိုးရိမ်နေ၏။

သို့သော် ဘွားရွှေလရှိနေ၍တော်သေးသည်ဟု တွေးမိ၏။ သို့နှင့် သူတို့နှစ်ဦး ရွာထဲသို့ထွက်ခဲ့ကြ၏။ ရွာထဲမှာတော့ ဘိုဖြူပျောက်တဲ့သတင်းက ပြန့်နေ၏။

ချိုတူးခမျာ၊ သူ့အဖေကို ရွာထဲကလူတွေက သူခိုးကြီး အပြောခံရမှာ အလွန်အမင်း စိုးရိမ်နေ၏။ ထို့ကြောင့်လည်း ရွာထဲရောက်တော့ ရွာသားတွေမျက်နှာကို ရဲရဲပင်မကြည့်။ နှစ်ဦးသား ဟိုမေးသည်မေးနှင့် လျှောက်ခဲ့ကြရာ ရွာတောင် ဘက်ရှိ ဖိုးကံလှထန်းတောထဲသို့ ရောက်ရှိလာ၏။



မီးခိုးတအူအူနှင့် ထန်းလျက်ချက်နေသော တဲကလေးရှေ့ အရောက်တွင် တဲထဲမှ ပြောသံဆိုသံကို ကြားလိုက်ရသဖြင့် ဘွားရွှေလအော်ခေါ်လိုက်၏။

"ပေါက်ကြီး. . . ဟဲ့. . . ပေါက်ကြီးရှိလား"

"ဗျာ. . ."

"ပေါက်ကြီး. . . လာစမ်းပါဦးဟယ်. . ."

"ဟုတ်ကဲ့. . . ဆရာမ"

တဲထဲမှ ပုဆိုးမနိုင်၊ ပုဝါမနိုင်နှင့် ကိုပေါက်ကြီးပြေးထွက် လာ၏။ ဘွားရွှေလဘေးတွင် ချိုတူးကိုမြင်တော့ အူကြောင် ကြောင်ဖြစ်နေ၏။ ချိုတူးကတော့ ဖခင်ဖြစ်သူကို ခေါင်းပင် မော့မကြည့်ရဲ။ ဘွားရွှေလသည် ကိုပေါက်ကြီး၏ လက်ကိုဆွဲကာ အခြောက်လှမ်းထားသော နှမ်းကိုင်းများနားသို့ ခေါ်သွား၏။ ကိုပေါက်ကြီးမှာ ဆရာမလုပ်သူကိုမြင်တော့ တအံ့တသြ ဖြစ်နေ၏။

စင်စစ် သူထန်းတဲထဲရောက်တာ မကြာသေးချေ။ တစ်မြူပင် မကုန်သေးသမို့မမူးသေးဟု ဆိုရမည်။

"ဆ. . . ဆရာမ. . . ဘာကိစ္စလဲဟင်. . ."

"ပေါက်ကြီး"

"ဗျာ. ."

"မင်းငါ့ကို လိမ်ဖို့ညာဖို့. . . မကြိုးစားနဲ့နော်"

"ဘာဖြစ်လို့လဲ. . . ဆရာမ"

"မင်းငါ့ကို အမှန်ပြောမလား. . ."

"ပြော. . . ပြောပါ့မယ်ဆရာမ၊ ကျွန်တော်ဆရာမကို မလိမ်ရဲပါဘူးဗျာ"

ခုတော့လည်း ကိုပေါက်ကြီးအသွင်က တကယ့် ကလေး လေးအသွင်ပင်။ ဘွားရွှေလရှေ့တွင် ကုတ်ချောင်းချောင်းရပ် နေ၏။

"ပေါက်ကြီး"

"ဗျာ. . . ဆရာမ"

"မင်း ပူစူးမတို့အိမ်က ဘိုဖြူဆိုတဲ့ဆိတ်ကလေးကို၊ မနေ့ညက ခိုးလာတယ်မဟုတ်လား"

"ဗျာ"

"ငါမေးတာဖြေလေ. . . မလိမ်နဲ့နော်"

ဘွားရွှေလ၏ အသံက ကြည်လင်ပြတ်သားလှ၏။ ကိုပေါက်ကြီးမှာ ဘွားရွှေလ၏ အကြည့်စူးစူးတွေကို ရင်မဆိုင်ရဲ။ ဘွားရွှေလက ထပ်တလဲလဲမေးနေတော့ ကိုပေါက်ကြီး တစ်ယောက် သက်ပြင်းကြီးချရင်း ခေါင်းညိတ်အဖြေပေးလိုက် ရ၏။

"ဟုတ်. . ဟုတ်ကဲ့. . ဆရာမ၊ ကျွန်တော်ဘိုဖြူကို ခိုးခဲ့ ပါတယ်"

"လုပ်ရက်လိုက်တာပေါက်ကြီးရယ်. .၊ မင်းကဘာဖြစ် လို့ဒီအလုပ်ကို လုပ်နေတာလဲဟင်. .၊ မင်းလုပ်တာ မင်းသား ရဲ့အနာဂတ်ကိုပါ နင်းချိုးချေမွပစ်လိုက်သလိုပါလား"

"ဗျာ. . ဟို. . . ဒီကိစ္စ. . . "



"အေး. . ဟောဒီကလေးကိုကြည့်စမ်း. .၊ မင်းလုပ်လို့ သူ့ခမျာ ခေါင်းတောင်မဖော်ရဲရှာဘူးကွယ့်. . .၊ တကယ်တော့ ပူစူးမက မင်းဆိတ်ခိုးတာကို မြင်တယ်ကွယ့်. .၊ အော်လိုက်ရင် မင်းဒုက္ခရောက်မှာစိုးလို့တဲ့၊ ပြီးတော့. . . သူ့သူငယ်ချင်းချိုတူး လည်းမျက်နှာငယ်ရမယ်ဆိုပြီးမအော်ဘဲ ငြိမ်နေလိုက်တာ၊ အဲဒါ မနက်လည်းကျရော ချိုတူးခေါ်ပြီး ငါ့ဆီရောက်လာ တာပဲဟေ့"

"ဟင်. . . ဒုက္ခပါပဲ"

"မင်းကို ငါငယ်ငယ်က ဘာတွေသင်ပေးခဲ့လဲပေါက်ကြီး၊ သူများအသက်မသတ်ရ၊ သူများဥစ္စာမခိုးရလို့ သင်ပေးခဲ့တယ် မဟုတ်လား၊ မင်းက ငါ့စကားမှ နားမထောင်ပဲကိုး. . .၊ အဲဒီ တရားတွေကို မင်းခေါင်းထဲ မထည့်သ၍ကာလပတ်လုံး. . . မင်းဘဝ ဘယ်တော့မှကောင်းမှာမဟုတ်ဘူး. . ပေါက်ကြီး၊ ငါပြောတာနားလည်ရဲ့လား"

"နား. . . နားလည်ပါတယ်. . . ဆရာမ"

"အေး. . အေး. . နားလည်တယ်သာပြောတာ လုပ်တော့ တစ်လွဲချည်းပဲကွယ်၊ ခုလည်းမင်းလုပ်ရပ်ကြောင့် ဒီကလေး လည်း . . . . ခေါင်းတောင်မဖော်ရဲတော့ဘူးကွယ် . . . .၊ မင်းဘယ်လိုလုပ်မလဲ. . . . ပြောလေ"

"ဟင်. . . ဟို. . . ကျွန်တော်"

"ဆိတ်ကလေးရော ဘယ်မှာလဲ"

"ဟို. . . ဟို. . . ကိုချာတိတ်ဆီမှာ ရှိသေးတယ်ဆရာမ၊ သူကရောင်းပေးမယ်ပြောလို့. . . ကျွန်တော်ပေးထားတယ်"

"ဟင်. . . ဒါဆို အဲဒီချာတိတ်က ဘယ်မှာလဲ"

"တဲထဲမှာ ထန်းရည်သောက်နေတယ် ဆရာမ"

"ဆိတ်ကလေးရော. . ."

"ရှိပါတယ် ဆရာမ. . . သူဝှက်ထားပါတယ်"

"ဟုတ်လား. . . ဒါဆို ခုချက်ချင်း၊ ပြန်ယူလာခဲ့စမ်း"

"ဟုတ်ကဲ့. . . ဟို. . . ဟို"

"သွားယူစမ်းပါကွယ်"

ပေါက်ကြီးသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် တဲထဲပြေးဝင်သွားပြီး တအောင့်အကြာတွင် ကြိုးတုပ်ထားသော ဆိတ်ကလေးကိုယူလာ၏။

"ပေးစမ်း. . . ပေါက်ကြီး"

"ဟုတ်. . . ဟုတ်ကဲ့. . . ဒီဥစ္စာ ကျွန်တော်ခိုးတယ်လို့ မပြော. . . မပြောပါနဲ့ ဆရာမရယ်၊ ကျွန်တော်နောက်မလုပ်တော့ပါဘူး"

"အေး. . ဒါနောက်ဆုံးပဲ ရှိပါစေနော်. . .၊ နောက်တစ်ခါလုပ်ရင်တော့ မင်းကိုငါကိုယ်တိုင် ဆိုင်ရာပို့ပစ်မယ်ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့"

"ပြီးတော့ကလေးကိုလည်း မဆူနဲ့မရိုက်နဲ့နော်. . ဆူတာရိုက်တာ ငါကြားရင်တော့. . . မင်းအသေပဲ"

"ဟုတ်ကဲ့ပါ. . . ဆရာမ"

"မင်းနားလည်ထားဖို့က. . . မင်းမှာ ဒီချိုတူးဆိုတဲ့သားကလေးရှိတယ်ဆိုတာပဲကွယ့်. .၊ ဒီတော့ မင်းသားဟာအညွန့်တလူလူရှိကာစမှာ မင်းကြောင့် သူ့အညွန့်မကျိုးပါစေနဲ့ကွယ်၊ ပြောတာကြားလား ပေါက်ကြီး"



"ကြားပါတယ်. . . ဆရာမ"

"မင်းသားကို. . . မင်းသိပ်ချစ်တယ်မဟုတ်လား"

"ချစ်ပါတယ်. . . ဆရာမ"

"ချစ်ရင် မင်းသားမျက်နှာငယ်ရမယ့် အလုပ်ကိုမလုပ်ရဘူးကွယ့်. . .၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားကား၊ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏တဲ့၊ ဒီတော့ မင်းဟာ ချိုတူးရဲ့ဖခင်၊ တစ်နည်းအားဖြင့် ပြောရရင် ရှေ့ကသွားနေတဲ့ ခေါင်းဆောင်။ ဒီတော့. . . မင်းကဟိုကွေ့ဒီချိုးနဲ့ စိတ်ထင်ရာလုပ်မယ်ဆိုရင် မင်းသားလည်း မင်းခြေရာကို တစ်နေ့မဟုတ်တစ်နေ့ နင်းလာမှာ ကျိန်းသေပဲကွဲ့. . .၊ ဒီတော့ မင်းဘာလုပ်လုပ် သတိထားဖို့လိုနေပြီ ပေါက်ကြီး၊ ဆရာမပြောတာကြားလား"

"ကြား. . . ကြားပါတယ်. . . ဆရာမ"

"ကဲ. . . ဒါဆိုရင် ငါတို့သွားမယ်. .၊ ဟိုအရည်တွေလည်း အရမ်းကာရော သောက်မနေနဲ့ဦး"

"ဟုတ်ကဲ့. . . ဆရာမ"

"ကဲ. . . . သွားမယ်"

ပြောပြောဆိုဆိုနှင့် ဘွားရွှေလသည် ချိုတူး၏လက်ကိုဆွဲကာ ရွာဘက်သို့ပြန်လာခဲ့၏။ လမ်းတွင် ချိုတူးက ဘွားရွှေလကို မဝံ့မရဲကြည့်ရင်း –

"ဘွား. . . ဘွားရွှေလ"

"ဟေ"

"ဒီဆိတ်ကလေးကို ဘာလုပ်ရမလဲ"

"အို. . . ပူစူးမတို့ဆီ. . . သွားပို့လိုက်ပေါ့ကွယ်"

"ဟင်. . . ဒါဆို ကျွန်တော်ဘယ်လိုပြောရမလဲ. . . . ဘွားရွှေလ၊ အဖေခိုးလာတာလို့ ပြောရမှာလား"

"အင်း. . အမှန်တော့ ဒီအတိုင်းပြောသင့်တာပေါ့ကွယ်၊ ဒါပေမယ့် လူကလေးမျက်နှာငယ်ရမှာပေါ့ကွယ်. . .၊ ဒီတော့ အဘွားကိုယ်တိုင်သွားပေးမယ် ပြောရင် အဘွားကကြားထဲက လိမ်ပြီး ပြောသလိုတော့ ဖြစ်နေတာပေါ့ကွယ်. . .၊ ဒါပေမယ့် လူကလေးမျက်နှာငယ်မှာမို့. . . အဘွားပြောရတော့မှာပေါ့၊ ဒါပေမယ့် တစ်ခုရှိတာက ခုလိုလုပ်တာ တစ်ဖက်အကျိုးလည်း ရှိစေဖို့ ပါတယ်ဆိုတာတော့ လူကလေးမှတ်ထားရမယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့. . . ဘွားရွှေလ"

ချိုတူးမှာ ဘွားရွှေလ၏ကူညီမှုကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

ဘွားရွှေလသည် ဘိုဖြူလေးကိုပိုက်ရင်း ရွာထဲသို့ဝင်လာခဲ့ပြီး ပူစူးမတို့အိမ်ဝိုင်းရှေ့အရောက်တွင် လှမ်းပြောလိုက်၏။

"ဟဲ့. . . ပူစူးမ မရှိဘူးလား၊ ဟေ့. . . ဟေ့. . နင်တို့ ဆိတ်ကလေး ငါ့ဝိုင်းထဲရောက်နေလို့ လာပေးတာဟဲ့"

ဘွားရွှေလ အသံကြောင့် ပူစူးမ၏ဖခင် ဒရောသောပါး နှင့်ပြေးထွက်လာ၏။



"ဟာ. . . ဘွားရွှေလ ဒီဆိတ်ကလေးက မနေ့ညထဲက ပျောက်သွားတာဗျာ. . .၊ တော်ပါသေးရဲ့ဗျာ"

"အေး. . . အဲဒါ ဟောဒီက ချိုတူးကိုမေးတော့၊ မင်းတို့ ခြံက ဆိတ်ကလေးဆို. . . "

"ဟုတ်ပါတယ်. . . ဘွားရွှေလ"

"ကဲ. . . ရော့. . . ရော့"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲ ဘွားရွှေလရယ်"

"ကဲ. . . ဒါဆို သွားဦးမယ်ဟေ့"

"အို. . . အကြွမ်းလေးဘာလေး သောက်ပါဦးအဘွားရဲ့"

"တော်ပါပြီကွယ်. . . ဟို ပူစူးမရော"

"ရှိပါတယ် ဘွားရွှေလ၊ ကျောင်းသွားဖို့ပြင်ဆင်နေတယ်"

"အေး. . . အေး. . . ညနေကျရင် ငါ့ဆီလည်း လွှတ်လိုက်ဦး"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

"ကဲ. . . သွားမယ် ချိုတူး"

"ဟုတ်. . . ဟုတ်ကဲ့"

သူတို့နှစ်ဦး ပူစူးမတို့ အိမ်ဝိုင်းရှေ့မှ ထွက်ခဲ့ကြ၏။ ထိုအချိန်တွင် အိမ်ဝိုင်းပြူတင်းပေါက်မှ တိတ်တခိုးလှမ်းကြည့်နေသော ပူစူးမမှာ ဘွားရွှေလဖြေရှင်းပေးလိုက်၍ ဘိုဖြူပြသနာ ပြေလည်သွားသဖြင့် သူငယ်ချင်းချိုတူး၏မျက်နှာလေး ရွှင်လန်းသွားပုံကိုကြည့်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

ချိုတူးကတော့ အိမ်ကထွက်လာသည့်ပုံနှင့် လုံးလုံးမတူ တော့။ ဘွားရွှေလကိုလည်း အလွန်အမင်း ကျေးဇူးတင်နေ မိ၏။ ထိုစဉ် ဘွားရွှေလက -

"ကဲ. . . လူကလေးချိုတူး"

"ဗျာ. . . ဘွားရွှေလ"

"ကျောင်းတက်ဖို့သွားတော့. . ကျောင်းမပြေးနဲ့နော်"

"ဟုတ်. . . ဟုတ်ကဲ့ အဘွား"

"ကဲ. . . ဒါဆိုသွား. . . သွား"

ပြောပြောဆိုဆိုနှင့် ရွာတောင်ဘက်လမ်းချိုးအရောက်တွင် ချိုတူးကို လွှတ်လိုက်လေ၏။ ချိုတူးသည် ဘွားရွှေလလက် အောက်ကလွတ်သည်နှင့် ဝမ်းသာခုန်ပေါက်၍ အိမ်ဘက်သို့ ပြေးသွားလေတော့၏။

♦♦♦♦♦♦♦♦♦♦♦

"မင်းပြောတာ တကယ်ပဲလား. . . ချိုတူး"

"ဟာ. . ငါတကယ်ပြောတာကွ. .၊ မဟုတ်ရင်ငါလည်း သူခိုးလေးဖြစ်နေတာ ကြာပြီကွာ၊ အဖေ့ကို ဘွားရွှေလက ဆူငေါက်ပြောမှ ကိုချာတိတ်ဆီက ဆိတ်ကလေးကိုထုတ် ပေးတာ ဖိုးကုလားရ"

"တော်သေးတာပေါ့ကွာ. . . မဟုတ်ရင် တစ်ရွာလုံး သိပြီး မင်းလည်းလွယ်မှာမဟုတ်ဘူး"



"အေးကွာ. . . ဘွားရွှေလကြောင့်ပေါ့ကွာ၊ မဟုတ်ရင် ငါလည်း ရွာထဲတောင်ဝင်ရဲမှာ မဟုတ်ဘူးကွ"

"အေး. . . ဘွားရွှေလပြောတာအမှန်ပဲကွ၊ သူတစ်ပါး ဥစ္စာခိုးတယ်ဆိုတာ သိပ်ရှက်စရာကောင်းတာကွ၊ ငါလေ အတန်းထဲမှာတုန်းက စားပွဲပေါ်တင်ထားခဲ့တဲ့ ခဲဖျက်လှလှ လေးတွေ၊ ခဲတံလှလှလေးတွေဆို ဘယ်သူမှမသိအောင် ယူခဲ့ ဘူးတယ်ကွ၊ ဒါပေမယ့် ဘွားရွှေလစကားကို ကြားကတည်းက ငါမယူရဲတော့ဘူးကွ"

"ဒါပေါ့ ကွက်ကလေးရာ"

"ဒါဆို တို့ဒီည ဘွားရွှေလကို သူများဥစ္စာခိုးရင် ဘယ်လို ဖြစ်မယ်ဆိုတာ မေးကြည့်ရအောင်"

"အေးကွာ. . . တို့လည်းနားထောင်ချင်တယ်"

သူငယ်ချင်းသုံးဦး ကျောင်းကအလွှတ်တွင် ရွာထိပ်ခရေ ပင်ကြီးအောက် ခရေပန်းကောက်ရင်း စကားပြောကြခြင်း ဖြစ်၏။

အမှန်တော့ ဘွားရွှေလက သူတို့ကို အကျင့်လုပ်ထား ခြင်းဖြစ်၏။ ကျောင်းကပြန်လည်း ခရေပင်ကြီးအောက်ဝင်ပြီ ခရေပန်းကောက်ရ၏။

ရလာသည့်ခရေပွင့်ကလေးများကို ကိုယ်တိုင်သီကုံးပြီး ဘွားရွှေလထံ ယူသွားကြ၏။ ထိုအခါ ဘွားရွှေလက သူတို့ ယူလာသော ခရေပန်းကုံးလေးများကို ဘုရားရှင်ထံ ကပ်လှူ လေ့ရှိ၏။

ယခုလည်း သူတို့လက်ထဲတွင် ခရေပွင့်တွေအဖွေးသား ရနေပြီမို့ သူတို့သုံးဦး လမ်းခွဲ အိမ်ပြန်ခဲ့ကြ၏။ ချိုတူးသည် တဲထဲရောက်သည်နှင့် အဝတ်အစားလဲကာ နောက်ဘက်စဉ့်အိုး ထဲမှ ရေချိုးလိုက်၏။ ပြီးသည်နှင့် အဝတ်အစားလဲကာ သူမနက်က ဖခင်ကြီးနှင့်အတူ ချက်ပြုတ်ထားသော ဟင်း၊ ထမင်းများကို ခူးခပ်စားဖို့ပြင်လိုက်၏။

ထိုအခါ ချိုတူးသည် ဘွားရွှေလဆုံးမစကားကို ကြား ယောင်လာ၏။ အစားအသောက်စားလျှင် လူကြီးသူမကို အမြဲ တမ်းဦးချရမည်ဟု မှာထားသဖြင့် သူသည် ထမင်းအိုး၊ ဟင်းအိုးထဲမှ ဟင်းထမင်းများကို ပုဂံတစ်ခုစီထဲ ခူးခပ်ထည့် လိုက်ပြီး အုပ်ဆောင်းနှင့် အုပ်ထားလိုက်၏။

ထိုအချိန်တွင် တဲတွင်းသို့ ဖခင်ကြီးဝင်လာ၏။ ချိုတူးသည် ထမင်းစားမည်လုပ်ရင်း ဖခင်ကြီး၏ အခြေအနေကို တစ်ချက် လှမ်းကြည့်လိုက်၏။

အသွင်က မူးလာသည့်အသွင်မရှိသဖြင့် ချိုတူး ဝမ်းမြောက် ဝမ်းသာဖြစ်သွား၏။

"အဖေ"

"ဟင်. . . ဘာလဲ လူလေး"

"အဖေ. . . ထမင်းစားတော့မလား"

"အေးကွာ. . . အဖေဆာပြီ လူလေးရာ၊ မနက်က ဖိုးစိန်လှတို့ယာတဲမှာ ပေါင်းထိုးလိုက်ခဲ့သေးတယ်ကွ"

"ဟင်. . . ဟုတ်လား"



"အေး. . လူကလေးကျောင်းဘုံကထိန်အတွက် ပိုက်ဆံ ပေးရဦးမယ် မဟုတ်လား"

"ဟုတ်တယ်. . အဖေ၊တောင်းနေတာတော့ကြာပါပြီ၊ ဒါပေမယ့် ဆရာမက ဖြည်းဖြည်းမှပေးရင် ရတယ်တဲ့"

"အို . . . မနက်ကျရင်ယူသွားပါ လူလေးရယ် . . . အဖေ့မှာ ပေါင်းထိုးခတွေပါ,ပါတယ်"

"ဟင်. . . တကယ်လား အဖေ"

"တကယ်ပေါ့သားရယ်. . . ကဲ. . ကဲ. . အဖေရေချိုး လိုက်ဦးမယ်၊ အဖေ့ဖို့ ခူးထားဦး"

"ဒီမှာလေအဖေရဲ့. . . သားခူးထားပြီးပါပြီ"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်အဖေ၊ ဘွားရွှေလက ကိုယ်မစားခင် လူကြီး သူမကို ဦးဆုံးခူးခပ်ပေးရမယ်လို့ ပြောခဲ့တယ်အဖေရဲ့"

"ဩော်. . အေး အေး လူကလေးကလိမ္မာတာပေါ့ကွယ်၊ အဖေဝမ်းသာပါတယ်. . ၊ ကဲ. . အဖေရေချိုးလိုက်ဦးမယ်ဟေ့"

"ဟုတ်ကဲ့ အဖေ၊ မြန်မြန်လုပ်လေ၊ ထမင်းတွေဟင်းတွေ အေးကုန်မယ်"

"အေးပါကွာ"

ကိုပေါက်ကြီးမှာ သားဖြစ်သူချိုတူးစကားကြောင့် စိတ်ထဲ မှာကြည်နူးခြင်းတစ်ဝက်၊ ကြေကွဲခြင်းတစ်ဝက် ခံစားခဲ့ရ၏။

ကြည်နူးခြင်းကားတခြားမဟုတ်၊ ဘွားရွှေလ၏သွန်သင် မှုကြောင့် အနေအထိုင်၊ အစားအသောက်ကအစ ပြုပြင် ပြောင်းလဲလာသည်မို့ ဝမ်းသာအားရ ဖြစ်ခဲ့ရ၏။

ကြေကွဲခြင်းကတော့ သူတစ်ချိန်က ဘွားရွှေလဆိုသော ဆရာမ၏စကားတွေကို ရှေ့တွင် နားထောင်သယောင်ရှိခဲ့သော်လည်းကွယ်ရာတွင် ထင်ရာစိုင်းခဲ့သဖြင့် ယခုလိုဘ၀ အခြေအနေက ဆင်းရဲနွမ်းပါးနေခြင်းဟု တွေးဆမိလေသည်။ ထို့ပြင် သူပူစူးမတို့အိမ်က ဆိတ်ကလေးကို ခိုးယူခဲ့မိရာ သားဖြစ်သူခမျာ အရှက်ကြီးရှက်ခဲ့ရ၏။

သူ့လုပ်ရပ်ကိုတွေးရင်း နောင်တ အကြီးအကျယ်ရနေမိ၏။ ထို့ကြောင့်လည်း ထန်းတဲသို့မသွားတော့ဘဲ ဖိုးစိန်လှတို့ရွာထဲသွားပြီး ပေါင်းထိုးလိုက်ခဲ့ခြင်းဖြစ်၏။ ထိုအချိန်တွင် ချိုတူးသည် သူ့အဖေအိပ်ရန်အတွက် စောင်ပိုင်းကလေးကို သပ်ရပ်စွာခင်းကျင်းနေ၏။ တစ်အောင့်အကြာတွင် ချိုတူးက -

"အဖေ. . . ကျွန်တော်အိပ်ရာခင်းခဲ့ပြီးပြီ၊ သွားတော့မယ်နော်"

"အေး. . . အေး"

ချိုတူး၏အလေးထားမှုကြောင့် သူပို၍ ပို၍ အရှက်ရလာခဲ့၏။ ထို့ကြောင့်လည်း သူ့ဘ၀ကိုပြုပြင်မှ တော်ချေတော့မည်ဟု တွေးမိ၏။

စင်စစ် ဘွားရွှေလပြောသလို သူက ချိုတူး၏ဖခင်။ ပြီးတော့ ချိုတူးက အားကိုးခင်တွယ်ရသောဖခင်။ ထိုသို့သော အခြေအနေတွင် သူက ထင်ရာစွတ်လုပ်ကာ အရက်သောက်၊ ဖဲရိုက်လုပ်နေလို့ကတော့ ချိုတူးသူ့အပေါ် မလေးမစားပြုမူလာမှာကိုတော့ မလိုလား။ ထို့ကြောင့် သူဖြောင့်ဖြောင့်မတ်မတ်သွားဖို့ လိုလာပြီဟု ယုံကြည်မိလေတော့သည်။

ထိုအချိန်တွင် ချိုတူးမှာ ဖခင်ကြီးအတွက် လုပ်ကိုင်ပေးပြီးသည်နှင့် ဘွားရွှေလ၏ကြေးစည်သံကလေး ကြားလိုက်ရသဖြင့် တဲထဲမှခပ်သွက်သွက် ထွက်လာခဲ့လေတော့၏။

သူဘွားရွှေလတို့ တဲရောက်တော့ လူတွေစုံနေကြပြီဖြစ်၏။ တဲရှေ့တွင် ချထားသော သံစည်ပိုင်းငယ်ထဲမှရေနှင့်ခြေလက်ဆေးကျောလိုက်ပြီး ဘုရားဝတ်ပြုရန် တက်ခဲ့၏။

"နောက်ကျလှချည်လား ချိုတူး"

"ဟုတ်ကဲ့. . ဘွားရွှေလ၊ ဟိုမှာ အဖေ့အတွက် လုပ်ပေးနေရလို့ပါ"

"အေး. . . အေး. . . ဒီလိုလိမ္မာမှပေါ့ကွယ်၊ မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတည်းကွဲ့၊ ဒီတော့ ကိုယ့်မိဘဟာ ဘယ်လိုလူမျိုးပဲဖြစ်နေပါစေ၊ မိဘဟာမိဘဘဲနော်. . .၊ မင်းတို့အားလုံး မှတ်ထားကြ၊ ကြားလား"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

"အေး. . . အေး. . . လောကမှာ တို့ဘုရားကိုယ်တော်မြတ်ကြီးရဲ့စကားကို နားထောင်ချင်ရင် မိဘကိုရှင်တုန်း ပြုစုရတယ်ကွဲ့၊ ဒါကိုရှင်ပြုတယ်လို့ခေါ်တယ် ကြားလား"

"ဟုတ်ကဲ့ပါ. . . ဘွားရွှေလ"

"အေး. . ဘုရားဝတ်မပြုမီ ဘွားရွှေလ မင်းတို့ကို နိပါတ်တော်ထဲက မိဘမေတ္တာကြီးမားလှတဲ့ ရှဉ့်ကလေးတစ်ကောင်အကြောင်းကို ပြောပြမယ်"

ဘွားရွှေလ၏စကားကြောင့် သူတို့အားလုံး ဘွားရွှေလ နားသို့ တိုးလာကြကာ ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။ ဘွားရွှေလသည် လက်ထဲက ပြောင်းဖူးဖက်ဆေးလိပ်ကို တစ်ဖွာနှစ်ဖွာရှိုက်လိုက် ပြီး ဆေးလိပ်ခွက်ထဲ ထိုးထည့်လိုက်၏။ ထို့နောက် သူ့စကားကို ဆက်လိုက်၏။

"ဒီလိုကွဲ့. . . တစ်ခါတုန်းက. . . ရှဉ့်သားအမိဟာ ချောင်းကလေးတစ်ချောင်းပေါ် ညွတ်ကျနေတဲ့ သစ်ကိုင်းပေါ် မှာ ပြေးလွှားဆော့ကစားနေကြသတဲ့၊ အဲဒီလိုပြေးလွှားခုန် ပေါက်ကစားကြရင်း ရှဉ့်ညိုမရဲ့သားလေးဟာ သစ်ကိုင်းပေါ်က ခြေချော်လက်ချော်ဖြစ်ပြီး ချောင်းထဲကို ဝုန်းခနဲပြုတ်ကျသွား ပါလေရောကွယ်"

"ဟင်. . . ဒါဆို ရေနစ်သွားမှာပေါ့နော် ဘွားရွှေလ"

"အေးပေါ့. . . ဖိုးကုလားရယ်၊ ချောင်းရေက တသွင်သွင် စီးနေတာမို့ ရှဉ့်ကလေးခမျာ ရေထဲမှာ မြုပ်ချီပေါ်ချီ ဖြစ်နေ တာပေါ့ကွယ်"

"သနားပါတယ်နော်"

ပိစိနှင့် ပူစူးမတို့မှာ ဘွားရွှေလပြောသော ရှဉ့်ကလေး အတွက် စိုးရိမ်တကြီးဖြစ်နေကြ၏။ ထိုစဉ် ဘွားရွှေလက စကား ဆက်လိုက်၏။

"အဲဒီလိုနဲ့ သူ့သားလေးက ချောင်းထဲပြုတ်ကျသွားတာ မြင်တော့ ရှဉ့်ညိုမကြီးဟာ သစ်ကိုင်းပေါ်ကနေ တလျှောလျှော ပြေးဆင်းလာတာပေါ့ကွယ်"



"ဟင်. . . ဒါဆိုသူက သူ့ကလေးကို ချောင်းထဲဆင်းပြီး ကယ်မလို့ပေါ့နော်"

"ဟာ. . . ကြွက်ကလေးကလည်း ရှဉ့်ဆိုတာ ရေမှမကူး တတ်တာပဲကွ"

"အေးကွ. . . ချိုတူးပြောတာဟုတ်သားကွ"

ဖိုးကုလားက ချိုတူးစကားကိုဝင်၍ ထောက်ခံလိုက်၏။ သူတို့သုံးဦးကိုကြည့်ပြီး ပူစူးမနှင့် မိညက်တို့က မျက်စောင်း တထိုးထိုးဖြစ်နေကြ၏။ အငယ်ဆုံးပိစိက ပါးစပ်ကလေးပွစိ ပွစိလုပ်ရင်း -

"ဟဲ့. . . နင်တို့သုံးယောက် ပါးစပ်ပိတ်ထားစမ်းပါဟယ်၊ ဘွားရွှေလပြောတာကို နားမထောင်ရတော့ဘူး"

"ဟုတ်ပါ့တော်"

မိညက်က လူကြီးလေးတစ်ယောက်လို ဝင်၍ပြောလိုက်၏။ ဘွားရွှေလသည် သူတို့အုပ်စုကိုကြည့်ရင်း ပြုံးစစလုပ်နေ၏။ တစ်အောင့်ကြာတော့မှ သူ့စကားကို ဆက်လိုက်၏။

"အေး. . . မင်းတို့ပြောတာ တစ်ဝက်မှန်တယ်၊ ရှဉ့်မကြီး ဟာမြေပြင်ပေါ်လည်းရောက်ရော ချောင်းထဲကိုဖြတ်ခနဲပြေး ဆင်းလိုက်၊ ကုန်းပေါ်ပြန်တက်လိုက်နဲ့ အခေါက်ခေါက်အခါခါ လုပ်နေသတဲ့. . .၊ ပြီးတော့ ကုန်းပေါ်ရောက်ရင် သူ့အမြီး ဖွားဖွားကြီးမှာ ကပ်ပါလာတဲ့ရေတွေကို တဖွားဖွားနဲ့ ခါထုတ် ပစ်သတဲ့ကွယ်. . ."

"ဟင်. . . အဲဒါဘာလုပ်တာလဲ ဘွားရွှေလ"

"အာ . . . အမြီးရေစိုလို့ ခါတာပေါ့ကွ၊ ကြွက်ကလေး ကလည်း ဒါတောင်မသိဘူး"

"ဟုတ်လား. . . ဘွားရွှေလ"

ကြွက်ကလေးက ဖိုးကုလားစကားကို မယုံ။ ထို့ကြောင့် ဘွားရွှေလကို လှမ်းမေးလိုက်၏။

"မဟုတ်ဘူး ဖိုးကုလားရဲ့၊ အဲဒါမိဘမေတ္တာရဲ့ သဘော သရုပ်ပဲကွ"

"ဗျာ. . . ဘာဖြစ်လို့လဲ ဘွားရွှေလ"

"အေး. . ဘာဖြစ်လို့လဲဆိုတော့ ရှဉ့်မကြီးဟာ ချောင်းထဲ ဆင်းပြီး သူ့အမြီးမှာ ရေတွေစုတ်လာအောင်နှစ်လိုက်သတဲ့၊ ပြီးတော့ ချောင်းပေါ်တက်ပြီး တဖွားဖွားခါလိုက်လုပ်တာ တခြားကြောင့်မဟုတ်ဘူးကွဲ့၊ သူ့ကလေးက ရေထဲနစ်နေတော့ သူကိုယ်တိုင်ရေမကူးတတ်ဘူးလေ. . .၊ ဒီတော့ ချောင်းထဲက ရေတွေကိုကုန်အောင် သူ့အမြီးကလေးနဲ့ စုပ်စုပ်ပြီး ကုန်းပေါ် တက်ခါပစ်တာပေါ့ကွယ်"

"ဟင်. . . သနားပါတယ်နော်"

"ဒါပေါ့ကွယ်. . . အဖေအမေ မေတ္တာဘယ်လောက်ကြီး တယ်ဆိုတာ ရှဉ့်ညိုမကြီးရဲ့သားအမိကိုပဲကြည့်လိုက်၊ သားသမီး ဒုက္ခတွေ့ပြီဆိုရင် မိဘဟာ သူ့အသက်ကိုတောင်မမှုတော့ဘူး ကွယ့်. . .၊ ဒါကြောင့် ဘွားရွှေလက မိဘတွေကို လေးစားဖို့၊ ချစ်ခင်ဖို့၊ ရိုသေဖို့ပြောတာပေါ့ကွယ်၊ တကယ်တော့ အသိ ဉာဏ်မရှိတဲ့ ဆင်ခြင်တုံတရားမရှိတဲ့ တိရစ္ဆာန်လေးတွေတောင်



ကိုယ့်သားသမီးအတွက်ဆိုရင် အသက်စွန့်ကြတာကွယ့်. . .၊ ဒီတော့ မင်းတို့အဖေအမေရဲ့ မေတ္တာဟာ ဒါထက်ပိုတာ ပေါ့ကွယ်. . .၊ အဘွားပြောတာ နားလည်ကြပြီလား"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

"ကဲ. . . ဒါဆို တို့ဘုရားဝတ်ပြုကြရအောင်ကွယ်"

"နောင်. . . နောင်. . . နောင်"

ပုံပြင်ကလေးပြီးသွားသည်နှင့် ဘွားရွှေလက သူတို့ အားလုံးကို ဘုရားဝတ်ပြုဖို့ ပြောလိုက်သဖြင့် ဘုရားစင်ရှေ့တွင် ကျုံ့ကျုံ့ကလေးထိုင်လိုက်ကြပြီး လက်အုပ်ချီကာ ဘုရားဝတ်ပြု လိုက်ကြ၏။

သံပြိုင်ညီညီနှင့် ဝတ်ပြုခဲ့ကြရာ ဆယ်မိနစ်ခန့်အကြာတွင် ဘုရားဝတ်ပြုပြီးသွားကြ၏။ ထိုအခါ ပါလာကြသော ကျောင်း စာများကို ဘွားရွှေလက စိတ်ရှည်လက်ရှည် သင်ပြပေး လိုက်၏။

ချိုတူးတို့လူစုသည် သင်္ချာနှင့် အင်္ဂလိပ်စာကို အလွန်ပဲ ကြောက်ကြ၏။ ထိုနေ့ရောက်ပြီဆိုလျှင် ကျောင်းကို ရဲရဲပင် မတက်ဝံ့ကြ။ သို့သော် ဘွားရွှေလနှင့်တွေ့ပြီး နောက်ပိုင်း မှာတော့ သူတို့သုံးဦးစလုံး သင်္ချာရေအင်္ဂလိပ်စာပါ ဖြောင့်ဖြောင့် တန်းတန်း ရေးချွတ်နိုင်၊ တွက်ချက်နိုင်ခဲ့ကြ၏။

ယခုလည်း ကျောင်းကပါလာသော သင်္ချာနှင့် အင်္ဂလိပ် စာကို ဘွားရွှေလအား ပြလိုက်၏။ ဘွားရွှေလက သူတို့နား

လည်သဘောပေါက်အောင် လက်ဟန်ခြေဟန်နှင့် ရှင်းပြသင်ကြားပေးခဲ့ရာ ချက်ချင်းပင် သဘောပေါက်သွားကြလေ၏။

သို့နှင့် သူတို့လူစု စာရေးစာဖတ်ပြီးသွားသောအခါ စာအုပ်တွေ သိမ်းဆည်းလိုက်ကြပြီး ဘွားရွှေလ ချကျွေးသော ထန်းညက်နှင့် ပေါက်ပေါက်ဆုပ်ကို စားလိုက်ကြ၏။

မိညွက်တို့ကတော့ ဘွားရွှေလရှေ့ရှိ လက်ဖက်ခွက်ထဲမှ လက်ဖက်ကို လက်ဖက်ဇွန်းကလေးနှင့် တစ်ကော်ပြီးတစ်ကော် ယူစားနေကြ၏။ ဘွားရွှေလသည် ခွက်ထဲမှ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုယူ၍ မီးညှိဖွာရှိုက်လိုက်၏။

"ချိုတူး"

"ဗျာ. . . ဘွားရွှေလ"

"မင်းတို့အဖေ ဘယ်လိုနေသေးလဲ. . .၊ အရက်တွေ မူးတုန်းပဲလား"

"မမူးတော့ပါဘူး ဘွားရွှေလ၊ ဟို. . . ကိုချာတိတ်လည်း ပြန်သွားပြီ ဘွားရွှေလ၊ အဖေလည်း ဖိုးစိန်လှယာတဲမှာ ပေါင်း လိုက်သွားတယ်ဗျ. . ."

"ဟေ. . ဟုတ်လား၊ ဝမ်းသာစရာပေါ့ကွယ်. . .၊ အင်း အပေါင်းအသင်းက သိပ်အရေးကြီးတာကွယ့်၊ မကောင်းတဲ့ အပေါင်းအသင်းနဲ့ ပေါင်းမိရင် လမ်းလွဲကိုရောက်တတ်တာ ပဲကွယ်"

"ဟုတ်ပါတယ်. . . ဘွားရွှေလ"



"အေး. . . အဲဒီလို မှားပေါင်းမိရာက အရက်သောက်၊ အရက်မူးလာတော့ခိုး၊ ဆိုးကြတာပေါ့ကွယ်၊ အင်း. . သူများ ပစ္စည်းခိုးတယ်ဆိုတာ ဘယ်တော့မှကောင်းတဲ့ကိစ္စမဟုတ်ဘူး ကွယ့်၊ အဲဒီလို ခိုးခဲ့လို့ရှိရင်လည်း ရလာတဲ့ပစ္စည်းကို စိတ်သန့် သန့်နဲ့ ဘယ်တော့မှ မသုံးရဲတော့ဘူးကွယ့်၊ ဒါ့ကြောင့် ခိုးတာဟာ မကောင်းဘူးပေါ့ကွယ်"

"ဘွားရွှေလ"

"ဘာလဲ. . . မိညွက်"

"ခိုးရင်. . . အပြစ်ရှိတာပေါ့နော်"

"ဒါပေါ့ကွဲ့. . .၊ တို့ဘုရားရှင်ဟာ ခိုးယူခြင်းကို မပြုရ ဘူးလို့ တားမြစ်ခဲ့တာ၊ အဲဒီ ခိုးတာဝှက်တာနဲ့ ပတ်သက်ပြီး ဘွားရွှေလ မင်းတို့ကို ပုံပြင်လေးတစ်ပုဒ်ပြောပြမယ် . . . နားထောင်ကြ"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

"အေး. . . ဒါဆို ရှေ့တိုးကြ"

"ဟုတ်ကဲ့"

"စားလည်းစားကြဦးကွဲ့. . .၊ ကြွက်ကလေး ပေါက်ပေါက် ဆုပ်စားလေကွယ်"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

"ကဲ. . . နားထောင်ကြ၊ တစ်ခါတုန်းက သူခိုးကြီးတစ်ဦး ဟာ ရွာတစ်ရွာထဲဝင်ပြီး သူများပစ္စည်းကို ဝင်ခိုးတာပေါ့ကွယ်၊ အဲဒီသူခိုးကြီးရဲ့ခေါင်းက ကတုံးပြောင်ကြီးကွယ့်၊ ဒီလိုနဲ့ လူတွေမသိအောင် ခိုးဝှက်နေတုန်း သူ့ကိုသတိထားစောင့်

ကြည့်နေတဲ့ လူစုနဲ့တိုးတော့ ကြောက်ကြောက်နဲ့ ထွက်ပြေးတာပေါ့ကွယ်၊ နောက်ကလည်း သူခိုး. . . သူခိုးနဲ့ လိုက်ကြတာပေါ့ကွယ်”

ဘွားရွှေလသည် စကားကို ခေတ္တအဆက်ဖြတ်ကာ အကြမ်းတစ်ခွက်သောက်လိုက်၏။ ထို့နောက် သူ့စကားကို ဆက်လိုက်၏။

“အဲဒီလိုနဲ့ ရှေ့က ကတုံးပြောင်သူခိုးကြီးကပြေး. . .၊ နောက်ကရွာသားတွေက တုတ်တွေ၊ ဓားတွေနဲ့ လိုက်ပေါ့ကွယ်၊ ဒီလိုနဲ့ သူခိုးကြီးဟာ ပြေးရင်းပြေးရင်းနဲ့ ရွာအပြင်ဘက်ရောက်လာတာပေါ့၊ ဒီလိုနဲ့ ချောင်းစပ်နားကို ရောက်ချလာသတဲ့၊ ဒီအချိန်မှာ ဦးပဥ္စင်းကြီးတစ်ပါးဟာ အပေါ်ကသက်န်းကို ချွတ်ပြီး ရေဆင်းချိုးနေသတဲ့၊ အဲဒီလိုရေချိုးနေတုန်း သက်န်းကို ချုံပုတ်တစ်ခုပေါ်မှာ တင်ထားတာပေါ့၊ ဒီအခါမှာ ထွက်ပြေးလာတဲ့သူခိုးကြီးဟာ ဦးပဥ္စင်းကြီး ရေဆင်းချိုးနေတဲ့နေရာကို ရောက်လာသတဲ့၊ ဒီအခါမှာတော့ ချုံပုတ်ပေါ်တင်ထားတဲ့ သက်န်းကိုမြင်တော့ သူဟာ ကိုယ်ရောင်ဖျောက်လိုက်ဖို့ အကြံပေါက်သွားသတဲ့”

“ဘယ်လိုအကြံလဲ. . . ဘွားရွှေလ၊ သက်န်းကြီးကို ဝတ်လိုက်တာလား”

“သူ့ကိုယ်ပေါ် လွှားခနဲခြုံလိုက်ပြီး ချုံပုတ်ဘေးက မြက်ခင်းပေါ်မှာ တင်ပလ္လင်ခွေထိုင်ရင်း တရားကျင့်သလို လုပ်နေတာပေါ့”



“ဟာ. . . တော်တော်ဆိုးတဲ့ သူခိုးကြီးပဲ”

“ဟုတ်ပါ့ကွာ. . . ငရဲကြီးတော့မှာပဲ”

“ဒါပေါ့ကွာ. . သူဟာ ဘယ်လောက်ရိုင်းစိုင်းသလဲဆိုရင် နောက်က လိုက်လာတဲ့လူတွေ သူ့အနားလည်းရောက်ရော ဘာပြောတယ်မှတ်သလဲ. . . ချောင်းထဲမှာ ရေဆင်းချိုးနေတဲ့ ဦးပဥ္စင်းကြီးကို လက်ညှိုးထိုးပြပြီး၊ သူခိုးပဲလို့ စွတ်စွဲလမ်းညွှန်လိုက်သတဲ့”

“ဟာ. . . ရိုင်းစိုင်းလိုက်တာ ဘွားရွှေလရယ်”

“ဒါပေါ့ကွယ်. . . ဒီအခါမှာ နောက်ကလိုက်လာတဲ့ ရွာသားတွေလည်း မစဉ်းစား၊ မဆင်ခြင်ဘဲ၊ ချောင်းထဲက ဦးပဥ္စင်းကိုကြည့်ပြီး ဦးပြည်းကတုံးမြင်တာနဲ့ သူတို့လိုက်တဲ့ သူခိုးပဲထင်ပြီး အတင်းချောင်းထဲဆင်းရင်း ဝိုင်းဝန်းရိုက်နှက်ကြတာပေါ့”

“ဟာ. . . . သနားပါတယ် ဘွားရွှေလရယ်၊ ဟို သူခိုးကြီးတော့. . . ငရဲပြည်ရောက်မှာ ကျိန်းသေပဲ”

“အေး. . . နားထောင်ကြဦး၊ အဲဒီလိုနဲ့ ရွာသားတွေက ချောင်းထဲကဦးပဥ္စင်းကို သူခိုးကြီးအမှတ်နဲ့ ရိုက်နှက်နေကြတုန်း ဦးပဥ္စင်းကြီးသက်န်းခြုံပြီး တရားကျင့်ချင်ယောင်ဆောင်နေတဲ့ သူခိုးကြီးခမျာလည်း ဒုက္ခတွေ့နေသတဲ့”

“ဟင်. . . ဘာဖြစ်လို့လဲ ဘွားရွှေလရဲ့”

“ဘာဖြစ်ရမလဲကွယ်. .၊ ချုံပေါ်ကလှမ်းယူပြီး၊ ခြုံလိုက်တဲ့ သက်န်းထဲမှာ မြွေတစ်ကောင်ပါလာသတဲ့ . . . အဲဒီမြွေက

သိပ်အဆိပ်ပြင်းတာကွယ့်၊ ဒီတော့ သက်နှင်းခြုံလိုက်တာနဲ့ မြွေက သူ့ကိုယ်ပေါ်က လျှောခနဲပြုတ်ကျလာပြီး. . . ဒေါက်ခနဲပေါက် ချလိုက်တာပေါ့”

“ကောင်းတယ်. . . ကောင်းတယ်၊ သူတော်ကောင်းကို စော်ကားလို့ဖြစ်တာ”

“ဒါပေါ့. . . မိညက်ရယ်”

မိညက်က စိတ်ဆိုးမာန်ဆိုးနှင့်ဝင်၍ ပြောလိုက်သဖြင့် ဘွားရွှေလက ပြုံးစစနှင့် မိညက်ကိုကြည့်ရင်း သူ့စကားကို ဆက်လိုက်၏။

“ဒီလိုနဲ့ မြွေပေါက်ခံရတဲ့ သူခိုးကြီးခမျာ. . . ပါးစပ်က အမြုပ်တစီစီထွက်ပြီး တုန်းခနဲလဲကျ သေဆုံးသွားတာပေါ့”

“အင်း. . . ကောင်းတယ်. . . ကောင်းတယ်”

ပူစူးမကလည်း တက်တက်ကြွကြွဖြင့် ဝင်၍ပြော လိုက်၏။

“အေး. . . အဲဒီလိုနဲ့ သူခိုးကြီးလည်းသေသွားရော၊ ချောင်းထဲမှာ ဝိုင်းရိုက်နေတဲ့ ရွာသားတွေကို တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ဆိတ်ဆိတ်ကလေး သည်းခံနေတဲ့ ဦးပဥ္စင်းကြီးက ရွာသားတစ်ယောက်ကိုကြည့်ပြီး အပေါ်ကလူ ဆုံးသွားပြီလား လို့မေးသတဲ့. . .၊ ဒီအခါမှာ ရွာသားတစ်ဦးက လဲကျသွားတဲ့ သူခိုးကြီးကို သူတော်ကောင်းကြီးမှတ်ပြီး အတင်းပွေ့ထူရင်း ဆုံးသွားပြီလို့ပြောတာပေါ့၊ ဒီတော့မှ ဦးပဥ္စင်းကြီးက ကျွန်ုပ်ဟာ ဘုရားသားတော်စစ်စစ် ဦးပဥ္စင်းကြီးဖြစ်ပါတယ်. . .၊ ဟိုကုန်း



ပေါ်မှာ လဲကျသေဆုံးသွားတဲ့ လူကတော့ သင်တို့လိုက်ရှာနေ တဲ့သူခိုးကြီးဖြစ်ပါတယ်. . .၊ သူဟာ ကျွန်ုပ်ဘက်ကိုအလာမှာ သက်နှင်းမြင်လို့ ဝတ်ရုံပြီး သင်တို့ကို လိမ်လိုက်ခြင်းဖြစ်ပါတယ် လို့. . . ပြောပြသတဲ့၊ ဒီအခါမှာ ရွာသားတွေက အံ့သြနေကြ တာပေါ့”

ဘွားရွှေလသည် စကားကို ခေတ္တရပ်ဆိုင်းလိုက်ပြီး အကြမ်းအိုးကိုကိုင်ကာ အကြမ်းတစ်ခွက်ငှဲ၍ သောက်လိုက်၏။ သို့သော် ထန်းလျက်တစ်ခဲကို ငုံးတိတိရှေ့သွားနှင့် မြုံ့၍ ကိုင်ထားလိုက်ပြီး သူ့စကားကို ဆက်လိုက်၏။

“ဒီအခါမှာ ရွာသားတစ်ဦးက ဘာကြောင့် စောစောက မှန်ကန်သောစကားကို မဆိုသလဲလို့မေးတော့ ဦးပဥ္စင်းကြီးက ကျွန်ုပ်သည် ကံငါးပါးကို ခါးဝတ်ပုဆိုးလိုမြဲအောင် စောင့်ထိန်း သူမို့ ကျုပ်ပြောလိုက်ခြင်းအားဖြင့် သူခိုးကြီးကို အသင်တို့ ဝိုင်းဝန်း ရိုက်ပုတ်သတ်ကြလိမ့်မယ်. . .၊ အဲဒီလိုလုပ်လျှင် ကျွန်ုပ်ပါ သူတစ်ပါးအသက်သတ်ဖြတ်ခြင်းဆိုတဲ့ ကံကို အားပေး အားမြှောက်ပြုရာ ကျသွားလိမ့်မယ် ဒါကြောင့် မပြောဘဲ ကျွန်ုပ်ဝဋ်ကြွေးရှိလို့သာ ခံခဲ့ရသည်ဟု နှလုံးသွင်း၍ ရေငုံ နှုတ်ပိတ်နေခဲ့ရခြင်းဖြစ်တယ်. . . လို့ပြောသတဲ့၊ ခုတော့ ကုန်းပေါ်က သူခိုးကြီးသေဆုံးသွားပြီဖြစ်လို့ အမှန်ကို ဖွင့်ပြော ခြင်းဖြစ်တယ်လို့ ပြောတာပေါ့ကွယ်. . .၊ ဒီအခါမှာတော့ ရွာသားတွေအားလုံး သူတို့အမှားကို သူတို့သိခဲ့ကြပြီး ဦးပဥ္စင်း ကြီးကို ချီပွေ့ကာ ဒဏ်ရာတွေကို ဆေးကုသပေးရင်း လက်အုပ်

ချိပြီး တောင်းပန်ခဲ့ကြသတဲ့. . .၊ နောက်ဆုံးတော့ မမှန်မကန်နဲ့ သူတစ်ပါးဒုက္ခရောက်အောင် ကြံစည်ခဲ့တဲ့သူခိုးကြီးဟာ. . . အဆုံးမတော့ အကြီးအကျယ်ဒုက္ခရောက်ပြီး မရှုမလှသေဆုံးခဲ့ရတာပေါ့. . .၊ ဒီတော့ ဒီပုံပြင်လေးကိုကြည့်မယ်ဆိုရင် သူတော်ကောင်းကို မပြစ်မှားရဘူး၊ ပြီးတော့ သူတစ်ပါးဉစ္စာပစ္စည်းကို မတရားမလိုချင်ရဘူးဆိုတဲ့ အချက်တွေပါတယ်ကွဲ့၊ အဲဒီအချက်တွေ ကျူးလွန်တဲ့သူဟာ တစ်နေ့တော့ ဒုက္ခလှလှကြီးတွေ့မှာ ကျိန်းသေပဲကွဲ့. . .၊ ဒါကြောင့် ဘယ်တော့မှ သူတော်ကောင်းကိုလည်း မပြစ်မှားကြနဲ့၊ သူတစ်ပါးဉစ္စာပစ္စည်းကိုလည်း ခိုးယူဖို့ မကြိုးစားကြနဲ့ကွဲ့. . .၊ ကြားကြရဲ့လား ကလေးတို့"

"ကြားပါတယ် ဘွားရွှေလ"

"အေး. . . အေး. . . ဒီနေ့တော့ ဒီလောက်ပဲပေါ့ကွယ်၊ နောက်များ အလျဉ်းသင့်ခဲ့ရင် မုသားစကားမပြောရဘူးဆိုတဲ့ အကြောင်းကို ဘွားရွှေလ ပြောပြပါ့မယ်. . .၊ ခုတော့ အိမ်ပြန်ကြဦးနော်"

"ဟုတ်ကဲ့. . . . ဘွားရွှေလ၊ ဘွားရွှေလကို ကျွန်တော်တို့ ကန်တော့ခဲ့ပါတယ် . . . "

"သာဓုကွယ်. . . သာဓု. . . သာဓု၊ ကဲ ကောင်းကောင်း သွားကြပေတော့၊ ဘွားရွှေလလည်း တရားထိုင်ဖို့ လုပ်ရဦးမယ်၊ လမ်းသွားရင် ကြည့်သွားကြနော်၊ ဘွားရွှေလပြောတာတွေကိုလည်း မမေ့ကြနဲ့ဦး၊ လောကမှာ ဘယ်လိုနေရမယ်ဆိုတာ



ဘွားရွှေလ အချက်နှစ်ချက်ကို ဥပမာပေးပြောပြပြီးပြီနော်၊ ကဲ. . ဖိုးကုလား ပထမအချက်က ဘာလဲကွဲ့"

"ဟို. . . အဲ. . . ဟို. . . အင်္ဂုလိမာလပါ"

"ဟား. . . ဟား. . . ဟား"

"ဘာလို့ ရီကြတာလဲကွ. . .၊ ငါပြောတာအင်္ဂုလိမာလကြီးဟာ သူများအသက်ကိုသတ်ဖို့ ကြိုးစားခဲ့လို့ ကိုယ်တိုင်ခံခဲ့ရတယ်၊ ဒါကြောင့် သူများအသက် မသတ်ရဘူးလို့ပြောမလို့ပါ"

"သြော်. . "

"ဟုတ်တယ်. . . ဖိုးကုလားပြောတာ မှန်တယ်ကွဲ့၊ ကဲ. . . ချိုတူး ဒုတိယအချက်ကရော"

"သူတစ်ပါး ဉစ္စာပစ္စည်းကို. . . မသိဘဲ ခိုးမယူရဆိုတဲ့ အချက်ပါ ဘွားရွှေလ"

"အေး. . . ဒီလောက်မှတ်မိရင် ဘွားရွှေလ ပြောရကျိုးနပ်ပါပြီကွယ်. . .၊ ကဲ. . အဘွားမင်းတို့ကို သံပေါက်သင်ပေးလိုက်မယ်. . . လိုက်ဆိုကြ"

"ဟုတ်ကဲ့. . . ဘွားရွှေလ"

ဘွားရွှေလသည် သူတစ်ပါးပစ္စည်း ခိုးယူခြင်းနှင့် ပတ်သက်သော သံပေါက်ကလေးကို ရွတ်ဆိုပြလိုက်၏။

❖ **အာဒိန္နာ ခေါ် ခိုးဝှက်ခြင်းကြောင့်**
**ပျက်ယွင်းဒုက္ခ တွေ့လိမ့်မယ်. . .။**
❖ **ဆင်ခြင်ပါကွယ် ဒီအရေးကို**
**စိတ်ထဲတွေးတောင် မကြံနဲ့ကွယ်. . .။**

**❖ မှန်ရာကိုသာ အစဉ်ပြုလို့**
**ခိုးမှု ဝှက်မှု ကင်းစေကွယ်. . . ။**
**❖ ကိုယ်ကျင့်ဖြူစင် ကြည်လင်ပွားလို့**
**မြတ်တရားကို ထိန်းကြမယ်**
**ထိန်းကွယ်. . . ထိန်းကွယ်. . . ။**

ကြွက်ကလေးတို့လူစု ဘွားရွှေလ ချပေးသည့် သံပေါက်ကို အလွတ်လိုက်ဆိုပြီးကြသည်နှင့် ဘွားရွှေလကို နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့ကြလေ၏။ ။

◆◆◆◆◆◆◆◆◆◆◆

# တတိယလရောင်

**မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ သွားမညီတည့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရည် ဣန္ဒြေနောက်၊ ပုံသွင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန်အကျိုးတည်း။**

**အရှင်ဇနကာဘိဝံသ**
**အမရပူရတောင်မြို့ဆရာတော်**

"ဟာ. . . ဟိုမှာ အရူးကြီးဦးကျီးညိုလာပြီဟေ့"

"ဟုတ်ပကွာ. . . "

"ဗျို့. . . ဦးကျီးညို ခင်ဗျားပိုက်ဆံတွေကောဗျ"

"ငါ့ပိုက်ဆံတွေလား. . . ဟိ. . . ဟိ"

"ဟုတ်တယ်လေ"

"ဟဲ. . . ဟဲ. . . ဟို. . . ငါ. . . ငါ့သေတ္တာကြီးထဲမှာ အပြည့်ထည့်ထားတယ်၊ မင်းတို့ကို ဘာလို့ပေးရမှာလဲ"

"ဟာ. . . . . တစ်ကျပ်၊ တစ်ပြားလောက်ပေးပါလား၊ ဦးကျီးညိုရဲ့၊ ကျွန်တော်တို့ဗိုက်ဆာလို့ပါဗျာ. . . ကျွန်တော်တို့ ပြန်ဆပ်ပါ့မယ်"

"မပေးဘူး. . . မပေးဘူး. . . တစ်ပြားမှမပေးဘူး"

"မပေးရင်. . . ဦးကျိုးညိုနေတဲ့ ဇရပ်ကြီးဆီသွားပြီး သေတ္တာထဲက ပိုက်ဆံတွေယူမှာနော်"

"ဟင်. . . မ. . မလုပ်. . . မလုပ်ကြပါနဲ့ ငါ့ပိုက်ဆံတွေ ငါ့ပိုက်ဆံတွေ မယူကြနဲ့. . . ဟီး. . . ဟီး"

အရူးကြီးဦးကျိုးညိုမှာ ကြွက်ကလေးနှင့် ဖိုးကုလားတို့ နောက်ပြောင်မှုကြောင့် ဇရပ်ဘက်သို့ သုတ်ခြေတင်ပြေးလေတော့၏။ သူ့ဖြစ်ရပ်ကိုကြည့်ပြီး သူတို့နှစ်ဦး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြ၏။

"ဟေ့ကောင်. . . ဖိုးကုလား"

"ဘာလဲ. . . ကြွက်ကလေးရ"

"ဟို. . . ဦးကျိုးညိုရဲ့ သေတ္တာစုတ်ကြီးကို ခိုးပြီးဝှက်ထားရအောင်ကွာ"

"အေး. . . ကောင်းတယ်ကွ. . .၊ ဒါဆို ချိုတူးကိုခေါ်မှ"

"ဟေ့ကောင်. . . ချိုတူး ဘာလုပ်နေလဲကွ"

"ဟာ. . လာပြီဟေ့. . အဖေနဲ့ဝိုင်းလုပ်ပေးနေလို့ကွ"

ဖိုးကုလားက အော်ခေါ်လိုက်မှ ချိုတူးတစ်ယောက် တဲထဲမှ အပြေးထွက်လာ၏။ သူတို့နားရောက်တော့ ချိုတူးတစ်ယောက် ဟောဟဲ. . . ဟောဟဲ ဖြစ်နေ၏။

"ဟေ့ကောင် ချိုတူး"

"ဘာလဲကွ"

"ဟို. . . ဦးကျိုးညိုရဲ့ သေတ္တာစုတ်ကြီးကို ခိုးပြီးဝှက်ထားရအောင်ကွာ"



"ဟာ. . မလုပ်ကြပါနဲ့ကွာ၊ ဘွားရွှေလ မင်းတို့ကိုဘာပြောထားသလဲ"

"ဟာ. . . အပျော်နောက်တာပဲကွာ"

"မနောက်ပါနဲ့ကွာ. . .၊ မင်းတို့နောက်ပေမယ့် ဟိုလူ့ခမျာ အတော်ကလေးခံစားနေရမှာပေါ့ကွာ၊ သူ့အပြစ်နဲ့သူ ခံရတဲ့ကိစ္စကို မင်းတို့ကဝင်ပြီး . . . . နှောင့်ယှက်ရင် ပိုဆိုးမှာပေါ့ကွ"

"ဟော . . . လူလေးတို့ပါလား . . . "

"ဟင် ဘွားရွှေလပါလား ရွာထဲကပြန်လာတာလား အဘွား. . . "

"အေးကွဲ့ ဒါထက်နေပါဦး၊ ကျိုးညိုကို ဘယ်သူနောက်လွှတ်လိုက်တာလဲ ပြောစမ်း . . . "

ဘွားရွှေလစကားကြောင့် ဖိုးကုလားနှင့် ကြွက်ကလေးတို့မှာ ကုပ်ချောင်းချောင်းဖြစ်သွားကြ၏။

"ပြောကြလေ၊ ဘွားရွှေလ အမှန်မပြောတဲ့လူကို မကြိုက်ဘူးကွဲ့၊ ပြောစမ်း ဖိုးကုလား . . . "

"ဗျာ . . . "

"မင်းတို့လား . . . "

"ဟုတ် . . . ဟုတ်ပါတယ် ဘွားရွှေလ၊ ကျွန်တော်ရယ်၊ ကြွက်ကလေးရယ်ပါ၊ ချိုတူးမပါပါဘူး . . . "

"သြော် . . .၊ ဒီလိုကိုး မင်းတို့ကို ဘွားရွှေလဘာပြောထားသလဲ သူတစ်ပါး စိတ်မချမ်းမသာဖြစ်မယ့်အလုပ်ကို

မလုပ်ပါနဲ့လို့ ဒီစကားကို မင်းတို့ ဘာလို့နားမထောင်ကြသလဲကွယ် . . .”

“ဟုတ်ကဲ့ နားထောင်ပါတယ် ဘွားရွှေလ၊ ချိုတူးတားလို့ သားတို့မနောက်တော့ပါဘူး ဘွားရွှေလ . . .”

“အေး . . . ဒီလိုလိမ္မာကြမှပေါ့ကွယ်၊ တကယ်တော့ ကျီးညိုဟာ သနားစရာပါကွယ်၊ သူဟာ ဘွားရွှေလပြောဖူးတဲ့ မုသာဝါဒဆိုတဲ့ မုသားစကား လိမ်ညာပြောဆိုတဲ့ကံကြောင့် ခုလိုရှုံးမတတ်ခံစား သွားရတာပေါ့ကွယ် . . .”

“ဗျာ . . . ဘယ်လိုဖြစ်တာလဲ ဘွားရွှေလ . . .”

“အေး . . တစ်ချိန်က ကျီးညိုဟာ ပောဒီရွာမှာ အချမ်းသာဆုံးဖြစ်တဲ့ ဘကြီးဖိုးလုံးရဲ့ မွေးစားသားပေါ့ကွယ် . . .”

“ဟင် . . . မွေးစားသားဆိုတာ ဘာလဲ ဘွားရွှေလ”

“ဩော် . . . ဖိုးကုလားကလည်း မွေးစားသားဆိုတာ ဖိုးကျီးညိုရဲ့ မိဘများက သူငယ်ငယ်တုန်းကတည်းက ဆုံးပါးသွားကြတော့ သူ့ဘကြီးတစ်ဝမ်းကွဲဖြစ်တဲ့ ကိုဖိုးလုံးတို့လင်မယားက မွေးစား ခဲ့တာပေါ့ကွယ်၊ တကယ်တော့ ကျီးညိုတို့မိဘများက တအားဆင်းရဲတာကွဲ့”

“ဟုတ်လား ဘွားရွှေလ . . .”

“ဒါပေါ့ကွယ်၊ ဒီတော့ ဖိုးကျီးညိုခမျာ စိုင်ကော်လို့ချုပေါ်ရောက်တယ်ပဲ ပြောရမှာပေါ့ကွယ် . . .”

“ဘာဖြစ်လို့လဲ ဘွားရွှေလ . . .”

ချိုတူးက မျက်လုံးလေးကလယ်ကလယ်နှင့် မေးလိုက်၏။ ဘွားရွှေလက ချိုတူးကို ပြုံးကြည့်ပြီး –



“ဘာဖြစ်လို့လဲဆိုတော့ ကိုဖိုးလုံးတို့လင်မယားဟာ တအားချမ်းသာတာကွဲ့ ၊ ပြီးတော့ သူတို့မှာ သားသမီးမရှိတော့ ဖိုးကျီးညိုလေးကို ဖူးဖူးမှုတ်ထားမတတ် ချစ်တာပေါ့ကွယ် . . .”

“ဒါဆို ဦးကျီးညိုက အရမ်းကောင်းတာပေါ့နော် . . .”

“ဒါပေါ့ကွယ်၊ ဒါပေမယ့်ဖိုးကျီးညိုဟာ ငယ်ငယ်ကတည်းက ဆိုးချင်သတဲ့၊ မွေးစားမိဘတွေကလည်း အလိုလိုက်လွန်းတော့ သူဟာ ဆိုးချင်တိုင်းဆိုးတာပေါ့ကွယ်၊ ရွာကလည်း သူဌေးသားဆိုတော့ ကိုဖိုးလုံးတို့မျက်နှာနဲ့ ဂရုတစိုက်နေကြရတာပေါ့ကွယ်၊ ဒီလိုနဲ့တစ်နေ့ ရွာမှာ မီးအကြီးအကျယ်လောင်ရောတဲ့ကွယ် ဒီလိုလောင်တာကလည်း ညကြီးကွဲ့၊ ဒီတော့ ဘယ်သူမှမသိကြဘူးပေါ့ကွယ်၊ ပြီးတော့ စလောင်ကတည်းက ကိုဖိုးလုံးတို့စက်ထဲကပဲကွယ့်၊ အဲဒီလို မီးလောင်တုန်း လေကလည်းတအားတိုက်နေတော့ မီးကစက်ရော အိမ်ကိုပါ ပတ်လောင်တာပေါ့ကွယ်၊ ဒီအချိန်မှာ ကိုဖိုးလုံးတို့လည်း မီးလောင်တယ်ဆိုတာနောက်မှသိကြရပြီး ဘာမှတောင်မသယ်နိုင်ပဲ ခြေလွတ်လက်လွတ်ထွက်ပြေးရတယ်ကွဲ့၊ ဒီအချိန်မှာ ဖိုးကျီးညိုကတော့ အရက်မူးမူးနဲ့ အိပ်ပျော်နေတာမို့ သူ့ကို မနည်းမီးထဲက ဆွဲထုတ်ခဲ့ရတာကွဲ့ . .”

“တော်ပါသေးရဲ့နော် ဘွားရွှေလ . . .”

“ဒါပေါ့ကွယ်၊ ဒီလိုနဲ့ မီးက တော်တော်နဲ့ မငြိမ်းနိုင်ဘဲ တစ်အိမ်လုံးပြာကျအောင် လောင်တော့တာပေါ့၊ ဒါကြောင့် ပိုက်ဆံတွေရော စုထားတဲ့ရတနာတွေရော၊ ပြီးတော့ မိဘတွေပိုင်ဆိုင်တဲ့စက်တွေ အို . . အကုန်လုံးလောင်ကျွမ်းပြီး ပြာပုံအတိရောက်သွားသတဲ့. . .”

"ဟင် . . . သနားစရာပါလား ဘွားရွှေလ. . . "

"ဟုတ်တယ် ကြွက်ကလေး၊ အဲဒီလိုနဲ့ ကံကြမ္မာများ ဘယ်လောက်ထူးဆန်းသလဲဆိုတော့ သူဌေးကြီးကိုဖိုးလုံးတို့ လင်မယားဟာ မီးကြောင့် ချက်ချင်းပဲ ကုန်းကောက်စရာမရှိ အောင်ဆင်းရဲသွားသတဲ့၊ အမှန်တော့ ဒီမီးလောင်တာဟာလဲ ဘယ်သူ့ကြောင့်မှမဟုတ်ဘူးကွဲ့၊ အဲဒီလူမိုက် ကျီးညိုကြောင့် ပေါ့ကွယ်. . . "

"ဟင် . . . ဘာကြောင့်လဲ ဘွားရွှေလ . . . "

"ဘာကြောင့်လဲဆိုတော့ ဖိုးကျီးညိုဟာ မူးမူးနဲ့ဆေးလိပ် ဖွာရင်း ဆေးလိပ်တိုကို မြေပဲခွံပုံးထဲပစ်ထည့်လိုက်ရာက မီးထ လောင်တာကွဲ့ . . . "

"သြော် . . . ကြောက်စရာကြီးနော်. . . "

"ဒီလိုနဲ့ သူတို့ဘဝဟာ တဲကုတ်ကလေးထိုးပြီး ဆင်းဆင်း ရဲရဲနဲ့နေရရှာသတဲ့ကွယ်၊ အဲဒီအချိန်အထိ ဖိုးကျီးညိုဟာ မိုက်တုန်းမဲတုန်းပဲကွယ်၊ ဒီလိုနဲ့ တစ်နေ့တော့ ရွာထဲကို ထီသည် လေးရောက်လာတာပေါ့၊ ဒီအခါမှာ ကိုဖိုးလုံးတို့လင်မယားဟာ မရှိမဲ့ရှိမဲ့ ပိုက်ဆံကလေးနဲ့ ထီထိုးလိုက်ပြီး ထီလက်မှတ်ကိုသိမ်း ထားသတဲ့၊ ဒီလိုနဲ့တစ်နေ့တော့ ကျီးညိုဟာ သူငယ်ချင်းတွေနဲ့ အတူ မြို့တက်ပြီးအရက်သောက်ဖို့အသွားမှာ သူ့သူငယ်ချင်း ဖြစ်တဲ့ ထီသမားက သူ့မိခင်ဖခင်တွေထိုးတားတဲ့ ထီလက်မှတ်ဟာ သိန်းဆုကြီးပေါက်နေပြီလို့ သတင်းပေးသတဲ့၊ အဲဒီသတင်းလဲ ကြားရော ဖိုးကျီးညိုဟာ အိမ်ကိုချက်ချင်းပြန်လာပြီး သူ့မိဘ



တွေကို အသိမပေးဘဲ ဖွက်ထားတဲ့ ထီလက်မှတ်ကို ယူလိုက် သတဲ့. . . "

"ဟင် . . . ဘာလုပ်ဖို့လဲ ဘွားရွှေလ . . . "

"အေး . . . တခြားတော့ မဟုတ်ဘူးကွဲ့၊ သူဟာ မွေးစား မိဘ တွေကို အထင်လွဲနေသတဲ့ ဘာကြောင့်လဲဆိုတော့ သူဟာ မွေးစားသားမို့ မိဘတွေက မချစ်ကြဘူးလို့ ထင်နေတာပေါ့၊ ဒါ့ကြောင့် သူဟာ အဲဒီမိဘတွေရဲ့ ကျေးဇူးကို နားမလည်ဘူး ပေါ့ကွယ်၊ ဒီတော့ ပေါက်နေတဲ့ ထီလက်မှတ်ကိုယူပြီး တစ်ယောက်တည်းထုတ်ဖို့ တိတ်တိတ်ကလေး ကြံစည် တာပေါ့. . . "

"ဟင် . . . ဒါဆို ဦးကျီးညို ဒုက္ခတွေ့မှာပေါ့နော် ဘွားရွှေလ. . . "

"ဒါပေါ့ ချိုတူးရယ်၊ သူဟာ အဲဒီသိန်းထီလက်မှတ်ကို ယူပြီး မြို့မှာပိုက်ဆံထုတ်ဖို့အတွက် ခရီးထွက်လာတာပေါ့ ဒီအချိန်မှာ ဝက်သေချောင်းက ခုလိုတံတားတွေဘာတွေနဲ့ မဟုတ်ဘူးကွဲ့ . . . "

"သြော် . . သားတို့ ဆီမီးခုံရွာ အရှေ့ဘက်က ချောင်းလား အဘွား . . . "

"ဒါပေါ့ကွယ်၊ အဲဒီချောင်းဟာ နာမည်ကြီးကွဲ့ တောင်ကျ ရေလာပြီဆိုရင် ဝါးလုံးထိုးပဲကွဲ့၊ ပြီးတော့ တောင်ပေါ်ကနေ သစ်လုံးတွေ သစ်ကိုင်းတွေ အို . . အမှိုက် ပေါင်းစုံနဲ့ တဝုန်းဝုန်း တဝေါဝေါ ထိုးဆင်းလာတတ်တာကွဲ့၊ အဲဒီနေ့က ဖိုးကျီးညိုဟာ

ဝက်သေချောင်းကို တစ်ယောက် တည်းဖြတ်ကူးတုန်း ပြုန်းဆို တောင်ဘက်က မိုးသားတွေ ညို့ဆင်းလာပြီး တောင်ကျရေက ဝေါခနဲ ထိုးဆင်းလာတာပေါ့ကွယ်၊ ဒီအခါမှာ ဖိုးကျိုးညိုဟာ ချောင်းတစ်ဘက်ရောက်အောင် အတင်းဖြတ်ပြေးတာပေါ့၊ ဒါပေမယ့် တောင်ကျရေ ကျပြီဆိုရင် မြင်းဖြတ်ပြေးတာတောင် လွတ်တာမဟုတ်ဘူးကွဲ့၊ ဒီတော့ ဒရဟောဆင်းလာတဲ့ ရေစီးကြားမှာ ဖိုးကျိုးညိုဟာ ဘယ်လိုမှ မဖြတ်ကူးနိုင်တော့ဘဲ ဝရုန်းသုန်းကားဖြစ်ပြီး မျောပါသွားတော့တာပေါ့၊ သူ့ဟာသူ အသက်ထက် အိတ်ထဲကပါလာတဲ့ သိန်းထီလက်မှတ်ကလေး ပျောက်သွားမှာစိုးနေသတဲ့၊ ဒီအချိန်မှာ ရေစီးကသူ့ကို တစ်ပါးတည်းခေါ်သွားလိုက်တာ သူ့ခမျာ နစ်လိုက်ပေါ်လိုက် အော်လိုက်ဟစ်လိုက်ပေါ့ကွယ်၊ ရေကလည်းမကူးတတ်၊ ကြောက်ကလည်း ကြောက်နဲ့ ပြီးတော့ သိန်းထီလက်မှတ်ကလေး ပျောက်သွားမှာ ကလည်းစိုးနဲ့ အတော်ကလေး အခက်တွေ့နေတာပေါ့၊ ဒီအချိန်မှာ ရွာသားတွေရောက်လာပြီး ဖိုးကျိုးညိုကိုကယ်ဖို့ ကြိုးစားကြသတဲ့၊ ဒါပေမယ့် ရေစီးကသန်လွန်းတော့ ဘယ်လိုမှ မကယ်ဝံ့ကြဘူး ဖြစ်နေသတဲ့၊ ဖိုးကျိုးညိုခမျာလည်း သေလုမျောပါးနဲ့ ကယ်ပါယူပါ တစာစာဖြစ်နေတာပေါ့၊ အဲဒီလိုသေလုမျောပါးဖြစ်တော့မှဘဲ သိန်းထီလက်မှတ်ကို ဂရုမစိုက်နိုင်တော့ဘူးကွယ်၊ သူဟာ အသက်မသေဖို့ အတင်းကြိုးစားတာပေါ့၊ ဒီအချိန်မှာ ရဲရင့်တဲ့ ရွာသားတစ်စုက ဝါးလုံးတွေဆက်ပြီး ဖိုးကျိုးညိုကို မရရအောင် ကယ်ကြတာပေါ့၊ အဲဒီလို ဖိုးကျိုးညို ရေနစ်လို့ဆိုတဲ့ သတင်းက



သူ့ဖခင်ကြီး ဦးဖိုးလုံးဆီ ရောက်သွားသတဲ့၊ ဒီအခါမှာ ဦးဖိုးလုံးတို့ လင်မယားဟာ ချောင်းဆိပ်လိုက်လာပြီး သားအတွက် တငိုငို တရီရီနဲ့ ဖြစ်နေကြသတဲ့၊ မိခင်လုပ်တဲ့သူဟာ နဂိုကတည်းက နှလုံးရောဂါရှိတာမို့ သားစိတ်နဲ့ မေ့မျောသွားသတဲ့၊ ဒီအချိန်မှာ ရွာသားတွေရဲ့ကြိုးစားမှုကြောင့် ကျိုးညိုကို ချောင်းထဲက ပြန်ဆယ်နိုင်ခဲ့တာပေါ့ကွယ်၊ ဒါပေမယ့် သူ ချောင်းပေါ်ပြန်အရောက်မှာ မေ့မျောနေတဲ့ မိခင်ကြီးခမျာမှာလည်း သတိကို လည်မလာတော့ဘဲ ဆုံးသွားရှာသတဲ့ . . .”

“သနားပါတယ် ဘွားရွှေလရယ်၊ သူ့အမေကြီးက ဦးကြီးညို ထီလက်မှတ်ခိုးသွားတာ မသိဘူးနော်. . .”

“ဒါပေါ့ကွယ်၊ သူက မိဘနှစ်ပါးမသိအောင် လိမ်ညာခဲ့တာကိုး၊ ဒီလိုနဲ့ သူ ချောင်းကမ်းပါးပေါ်ရောက်တာနဲ့ ဘာကိုသတိရသလဲဆိုတော့ ထီလက်မှတ်ကို သတိရလာသတဲ့၊ ဒါကြောင့် သူဟာ လူးလဲထပြီး ထီလက်မှတ်ကို အိတ်ထဲနှိုက်ပြီး ရှာကြည့်တာပေါ့၊ ဒါပေမယ့် လက်မှတ်က ဘယ်အချိန် ကရေစီးနဲ့ပါသွားသလဲ မသိပါဘူးကွယ်၊ စမ်းကြည့်တော့ မရှိတော့ဘူးကွယ့် . .”

“ဟင်”

“အေး . . . အဲဒီအခါမှာ ဖိုးကျိုးညိုဟာ သိန်းဆုကြီးဆိုတော့ ပိုက်ဆံတွေအများကြီးရမှာကို သိနေတယ်လေ၊ ဒီတော့ ထီလက်မှတ်ပျောက်သွားပြီဆိုတာနဲ့ အရူးကြီးလိုပဲ ချောင်းထဲခုန်ချပြီး အတင်းဆင်းမယ်လုပ်နေတာကွဲ့၊ ဒါကို ရွာသားတွေက ဆွဲထားလို့ပေါ့ကွယ်၊ အဲဒီအချိန်မှာ သူ့အပေါ်

စေတနာ မေတ္တာကြီးမားလှတဲ့ မိခင်ကြီးဆုံးတာ မြင်တော့
စေတနာ မေတ္တာကိုစော်ကားမိပါလားဆိုပြီး ခံစားရတာပေါ့၊
အဲဒီလိုနဲ့ သိမ်းချီတဲ့ပိုက်ဆံလောဘကတစ်မျိုး၊ မိဘမေတ္တာကို
စော်ကားမိတာကတစ်မျိုးကြောင့် အဲဒီဖိုးကျိုးညိုဟာ အဲဒီ
ချောင်းစပ်မှာပဲ သွက်သွက်လည်အောင် ရူးသွားတာကွဲ့၊
လောဘကြီးတဲ့ စိတ်နဲ့ ပြီးတော့ မိဘမေတ္တာကို စော်ကား
မိတဲ့အတွက်ကြောင့်ရယ် အဲဒီစိတ်တွေကြောင့်၊ သူဟာ နောက်ဆုံး
ဘယ်လိုမှကုမရတဲ့ အရူးတစ်ပိုင်း ဖြစ်သွားတာပေါ့ကွယ်၊
နောက်တော့ သူ့အဖေလည်းဆုံးရော သူဟာ ပိုဆိုးသွားတာ
ပေါ့ကွယ်၊ အိပ်တော့ဇရပ်၊ သောက်တော့ လမ်းဘေးရေအိုးစင်
ပေါ့ကွယ်။ ဒီတော့ သူဟာ တစ်နည်းအားဖြင့်ပြောရရင် မိဘ
ပိုက်ဆံကိုလိမ်ညာပြီး လောဘဇောတိုက်ခဲ့လို့ ခုလိုဖြစ်တာ
ပေါ့ကွယ်၊ ဒါကြောင့် မနောက်ကြပါနဲ့ကွယ်၊ ကဲ . . မင်းတို့လည်း
ဘယ်တော့မှလိမ်ညာဖို့ မကြိုးစားကြနဲ့နော်. . . ”

“ဟုတ်ကဲ့ပါ ဘွားရွှေလ. . . ”

“ကဲ . . . ကဲ . . . ပြန်ကြ ပြန်ကြ၊ ညကျရင် ဘုရား
ဝတ်ပြုဖို့ လာကြဦးနော်. . . ”

“ဟုတ်ကဲ့ပါ အဘွား . . . ”

သူတို့သုံးဦး အိမ်ဘက်သို့ပြန်ခဲ့ကြ၏။ လမ်းတွင် ဘွားရွှေလ
ပြောလိုက်သည့် စကားတွေကို ပြန်လည်စဉ်းစားနေကြ၏။

“ဟေ့ကောင် ချိုတူး . . . ”

“ဘာလဲကွ ကြွက်ကလေးရ . . . ”



“ဘွားရွှေလပြောတဲ့ အရူးကြီး ဦးကျိုးညိုဟာ
ကြောက်စရာကြီးနော် . . . ”

“အေးကွ အဲဒါ မိဘမေတ္တာကို လိမ်ညာစော်ကားလို့
တဲ့ကွ . . . ”

“အေးကွာ ငါတော့ မလိမ်ရဲပါဘူးကွာ၊ ငါတို့ကို ငယ်ငယ်
ကတည်းက မှန်တာပြောရမယ်လို့ ပြောထားတာကွ၊ ဒီတော့
ငါတို့ဘယ်သူ့ကိုမှ မလိမ်ရဲပါဘူးကွာ. . . ”

“ဒါပေါ့ကွာ၊ လိမ်တာဟာ ငရဲကျနိုင်တယ်ကွ၊ ကဲ . . ငါတို့
ပြန်ပြီဟေ့ . . . ”

“အေး . . အေး . . ညနေကျရင် လာခေါ်မယ်နော် . . ”

“အေးပါ ချိုတူးရာ. . . ”

ဖိုးကုလားနှင့် ကြွက်ကလေးတို့နှစ်ယောက် ရွာအရှေ့
ဘက်သို့ ချိုးကွေ့သွားကြသလို ချိုတူးလည်း ထန်းတော
ဘက်ရှိ တဲကလေးသို့ ပြန်ခဲ့လေတော့၏။

× × × ×

သူတို့လူစု ဘုရားဝတ်ပြုပြီးနောက် ကျောင်းမှပါလာသော
စာများကိုလုပ်လိုက်ကြ၏။ ထို့နောက် ဘွားရွှေလသည် သူတို့
လူစုကို အိမ်ရှေ့ကွပ်ပျစ်လေးပေါ်ခေါ်ကာ တစ်စုတဝေးထိုင်
လိုက်ကြ၏။

ဘွားရွှေလသည် သူတို့အတွက် စားကောင်းသောက်ဖွယ်
များကိုယူလာကာ ကွပ်ပျစ်ပေါ်တွင် ဝင်၍ ထိုင်လိုက်၏။

"ကဲ . . . ဒီညတော့ မနက်ကပြောခဲ့တဲ့ကိစ္စကို အဘွား ဆက်ပြီးပြောပြမယ်. . ."

"ဘာလဲ ဘွားရွှေလ . . ."

"ဟို . . . လိမ်ညာတဲ့ကိစ္စပေါ့ကွယ်၊ မုသားစကားကို ရှောင်ရမယ်ဆိုတဲ့ အချက်ပေါ့ကွယ်၊ ဒါ တတိယအချက်နော်၊ မင်းတို့အားလုံး အဲဒီ တတိယအချက်ကိုလည်း ခါးဝတ်ပုဆိုးလိုမြဲ ရမယ်ကွယ့်၊ မမှန်တာကို ဘယ်တော့မှပြောဖို့ မကြိုးစားကြ နဲ့ကွယ်၊ အမှန်ပြောရရင် ဒီဘဝလည်း မကောင်းဘူးကွဲ့ ကြားကြ ရဲ့လား. . ."

"ဟုတ်ကဲ့ပါ ဘွားရွှေလ. . ."

"အေး . . ဒီတစ်ခါ အဲဒီသူတစ်ပါးပစ္စည်းကို လိုချင်ဇောနဲ့ လိမ်ညာပြောတဲ့ ရွှဲကုန်သည်အကြောင်းကို ပြောပြမယ်ကွယ်. . "

"ရွှဲကုန်သည် ဟုတ်လား. . ."

"အေး . . . ရွှဲဆိုတာ ဖန်လုံးလေးတွေလိုပေါ့ကွယ်၊ ပြောင်ပြောင်နဲ့ အရောင်စုံသကွဲ့၊ လှလည်းသိပ်လှတယ်. . ."

"ဟုတ်လား ဘွားရွှေလ . . ."

"အေးကွဲ့ . . . ကဲ . . . နားထောင်ကြ၊ တစ်ချိန်က ရွာတစ်ရွာမှာ သူဆင်းရဲမြေးအဘွား နေထိုင်ကြသတဲ့ကွယ်၊ တစ်နေ့တော့ မြစ်ဆိပ်ဘက်ကနေ ရွှဲကုန်သည်တစ်ဦး ရောက်လာတာပေါ့ သူဟာ ရွာရိုးတစ်လျှောက်မှာ ရွှဲတွေ ရောင်းတယ်၊ ရွှဲတွေရောင်းတယ်နဲ့ အော်ကာဟစ်ကာ ရောင်းတာ ပေါ့ကွယ်၊ အဲဒီလို ရောင်းချတဲ့အခါမှာတော့ ရွာထဲကကလေး



တွေက ရွှဲလုံးလေး တွေကိုကစားဖို့ ဒါမှမဟုတ် အမြတ်တနိုး သိမ်းဆည်းဖို့ အလုအယက်ဝယ်ကြတာပေါ့၊ အဲဒီလိုဝယ်ကြတဲ့ အခါမှာတော့ . . ."

ဘွားရွှေလသည် ရွှဲကုန်သည်အကြောင်းကို ပြောရင်း အကြမ်းတစ်ခွက်ငှဲ့ပြီး သောက်လိုက်၏။

"ဟဲ့ . . ဖိုးကုလားတို့ ကြွက်ကလေးတို့ ယွန်းပွဲထဲက အကြော်လေးတွေစားကြလေကွယ်၊ ဒါ မင်းတို့ မလာခင်မှ အဘွားကိုယ်တိုင် ကြော်ထားတာကွဲ့."

"ဟုတ်လား၊ ဘွားရွှေလက အကြော်လည်း ကြော်တတ် တယ်နော်. . ."

"ဒါပေါ့ ပူစူးမရယ်၊ မိန်းကလေးဆိုတာ အိမ်မှုကိစ္စ နားလည်အောင်၊ တတ်ကျွမ်းအောင် သင်ကြားရမှာကွဲ့၊ ကြားလား ပူစူးမ. . ."

"ဟုတ်ကဲ့ အဘွား. . ."

"ကဲ . . . ကဲ . . . စောစောကစကားပြန်ဆက်ကြ ရအောင် . . ."

"ဟုတ်ကဲ့ ပြောပါ ဘွားရွှေလ . . ."

"အေး . . အဲဒီလိုနဲ့ ရွှဲကုန်သည်ကြီးဟာ အသံဝါကြီးနဲ့ ရွှဲသည် ရွှဲသည်ဆိုပြီး ရွာထဲမှာ တကြော်ကြော်နဲ့ အော်နေ တာပေါ့၊ ဒီအချိန်မှာ ဆင်းရဲလှတဲ့ မြေးအဘွား တဲအိမ်ရှေ့ ရောက်တော့ အဲဒီအော်သံကြားတဲ့ မြေးကလေးက ရွှဲကလေး တွေလိုချင်တာပေါ့ကွယ်၊ ဒါကြောင့် သူ့အဘွားနားကပ်ပြီး

အဘွားရယ် ရွှဲကလေးတွေလိုချင်လိုက်တာလို့ ပြောတာပေါ့၊ ဒီအခါမှာ ဘွားအေကြီးက မြေးလေးရယ် အဘွားတို့ဆီမှာ အဲဒီ လောက်ဝယ်နိုင်ဖို့ အသပြာမှမရှိတာကွယ်လို့ ပြောပြရှာ သတဲ့. . . ”

“ဟင် . . . သနားပါတယ်နော် ဘွားရွှေလ . . . ”

“ဒါပေါ့ကွယ် အဲဒီလိုလည်း ပြောလိုက်ရော မြေးမလေးဟာ စိတ်မကောင်းဖြစ်ပြီး ငိုမဲ့မဲ့လေးဖြစ်သွားတာပေါ့၊ ဒီအခါမှာ မြေးမလေးရဲ့ဖြစ်ပုံကိုကြည့်ပြီး ဘွားအေကြီးက စိတ်မကောင်း ဖြစ်သွားသတဲ့၊ ဒါကြောင့် မြေးကလေးရယ် မြေးကလေး လိုချင်လှတယ်ဆိုလည်း ဟိုတဲထောင့်မှာထားတဲ့ ခွက်ကလေးနဲ့ ခေါ်လဲကြည့်ပါလားကွယ်လို့ပြောသတဲ့၊ ဒီအခါမှာ မြေးမ လေးက ရွှဲသည်လာပါဦးလို့ခေါ်ပြီး မည်းညစ်နေတဲ့ခွက် ကလေးနဲ့ ရွှဲကလေးတွေလဲဖို့ပြောတာပေါ့၊ ဒီအခါမှာ ရွှဲကုန် သည်ကြီးက လက်ထဲရောက်လာတဲ့ မည်းညစ်ညစ်ခွက် ကလေးကို ပွတ်တိုက်ကြည့်လိုက်တော့ ရွှေရောင်တဖိတ်ဖိတ်တောက်နေတဲ့ ရွှေခွက်ကလေးဖြစ်နေတာကို တွေ့လိုက်ရသတဲ့၊ ဒါပေမယ့် သူဟာ လောဘကြီးလှတဲ့ကုန်သည်မို့ မြေးအဘွားမသိအောင် ဘာပြောတယ်မှတ်သလဲ၊ ဟာ . . ခင်ဗျားတို့ခွက်က ပဲဝက် လောက်တောင်မတန်တဲ့ ကြေးခွက်ကြီးပါလား၊ မလဲနိုင်ပါ ဘူးဗျာလို့ဆိုသတဲ့၊ ဒီအခါမှာ ဘွားအေကြီးက ရသလောက်နဲ့ လဲခဲ့ပါကွယ်လို့ပြောတော့လဲ ရွှဲကုန်သည်က မလိုချင်ဟန် ဆောင်ပြီး အချောင်ရမလား စိတ်အထင်နဲ့ ထွက်သွားတာ ပေါ့ကွယ် . . . ”



“ဟင်. . တော်တော်စိတ်ကောင်းမရှိတဲ့ ရွှဲကုန်သည် ကြီးပဲနော်. . . ဘွားရွှေလ ”

“ဒါပေါ့ကွယ်. . . လောဘကြီးတော့လည်း မတရား လိုချင်ပြီးလိမ်ညာမိတာပေါ့၊ အဲဒီလိုနဲ့ ရွှဲကုန်သည်ကြီးလည်း ထွက်သွားရော ရွာထဲကို မြစ်ဆိပ်ဘက်ကနေ ဒုတိယ ရွှဲကုန်သည် ရောက်လာသတဲ့၊ အဲဒီရွှဲကုန်သည်ကလေးကတော့. . အသံ ကလည်း ချိုသာကြည်လင်လှသလို ဝယ်သူတွေအပေါ်မှာလည်း စေတနာဖြောင့်မတ်သတဲ့ကွယ်”

“ပထမရွှဲသည်ကြီးနဲ့ မတူဘူးနော်. . . ”

“ဒါပေါ့ကွယ်. . .၊ အဲဒီလို စိတ်ထားဖြောင့်မတ်လှတဲ့ ရွှဲသည်လေးဟာ ရွှဲသည်. . ရွှဲသည်လို့အော်ရင်း စောစောက မြေးအဘွားရဲ့ တဲကလေးရှေ့ကို ရောက်လာတယ်ပေါ့”

ဘွားရွှေလက စကားအရှည်ကြီးပြောလိုက်ရသဖြင့် မောသွားပုံရကာ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို တစ်ဖွာ နှစ်ဖွာဖွာရင်း အကြမ်းတစ်ခွက်နှစ်ခွက် သောက်လိုက်၏။ ကြွက်ကလေးတို့လူစုကလည်း အကြော်တွေကို ကျိုးကျိုး ကြွပ်ကြွပ်နဲ့ ဝါးစားလိုက်ကြ၏။

တစ်အောင့်အကြာတွင် ဘွားရွှေလ၏ ဆုံးမသံပေါ် လာ၏။

“အဲဒီလိုလည်းရောက်လာရော မြေးမလေးက ရွှဲတွေ လိုချင်လှချည်ရဲ့ ပြောပြန်ရောတဲ့ကွယ်. . .၊ ဒီအခါမှာ ဘွားအေကြီးက မြေးလေးရယ် စောစောကရွှဲသည်ကလည်း

ဆူငေါက်ပြီး အပြစ်ပြောသွားပြီးတာမို့ . . မလိုချင်စမ်းပါနဲ့လို့ ပြောသတဲ့၊ ဒါပေမယ့် မြေးမလေးဟာ ရွှလေးတွေကို အရမ်းပဲ လိုချင်နေတာပေါ့ကွယ် . . .၊ ဒါ့ကြောင့် ဘွားအေကြီးခမျာ သူ့မြေးလေးကိုသနားတာနဲ့ စောစောကခွက်ကလေးကိုယူပြီး ရွှသည်ကိုခေါ်လိုက်တာပေါ့ . . .၊ ဒီအခါမှာ တဲရှေ့ရောက်လာတဲ့ရွှသည်လေးက အမေ . . . ရွှလိုချင်လို့ပါလားခင်ဗျာလို့ မေးသတဲ့၊ ဒီအခါမှာ ဘွားအေကြီးက ဟုတ်ပါတယ်ရွှသည်လေးရယ် . . .၊ ဒါပေမယ့် အဘွားတို့မှာ အသပြာတော့မရှိဘူးကွဲ့၊ ဟောဒီခွက်ကလေးနဲ့ လဲလို့ရရင်လဲခဲ့ပါကွယ် . . . လို့ပြောသတဲ့၊ ဒီအခါမှာ ရွှသည်လေးဟာ ခွက်ကလေးကို ယူပြီး ပွတ်ကြည့်တော့ ဟာ . . . အဘွားတို့ခွက်ကလေးဟာ ရွှေခွက်ပါလား . . .၊ ကျွန်တော့်မှာပါလာတဲ့ ရွှကလေးတွေ အကုန်လုံးနဲ့တောင် လဲလို့မတန်ပါဘူးလို့ မလိမ်မညာဘဲ အမှန်အတိုင်းပြောလိုက်တာပေါ့ကွယ် . . .၊ အဲဒီအခါမှာ ဘွားအေကြီးက ဝမ်းသာအားရဖြစ်သွားပြီး အို . . . အမောင် လုလင် သင်ဟာ စောစောကရွှသည်လို လိမ်ညာပြောဆိုတတ်သူ မဟုတ်ပါလား၊ စောစောကရွှသည်ကြီးကတော့ ရွှေခွက်ကို ပဲဝက်လောက်တောင် မတန်ဘူးလို့ပြောပြီး ဆူဆူငေါက်ငေါက်နဲ့ ထွက်သွားခဲ့တယ်၊ အမောင်ရွှသည်ကျတော့ မှန်ရာကိုပြောတတ်သူမို့ ဤရွှေခွက်ဟာ အမောင်နဲ့သာ ထိုက်တန်ပါတယ်၊ ဒါ့ကြောင့် အမောင်စိတ်ရှိသမျှ ရွှတွေကိုပေးပြီး ယူသွားပါတော့လို့ ပြောလိုက်သတဲ့ . . .”



“အင်း . . . ဒါ အမှန်အတိုင်းပြောခဲ့လို့ ရွှေခွက်ရတာ ပေါ့နော် ဘွားရွှေလ . . .”

ဟု ဖိုးကုလားက မျက်လုံးအပြူးသားနှင့်ပြောလိုက်၏။ ဘွားရွှေလသည် ဖိုးကုလားကို ခေါင်းညိတ်ပြရင်း –

“ဒါပေါ့ကွယ်၊ သူဟာ မှန်တာပြောခဲ့တာမို့ သူနဲ့ထိုက်တန်တဲ့ ရွှေခွက်ကလေး ရခဲ့တာပေါ့ကွယ်၊ ဒါ့ကြောင့် ပါလာတဲ့ ရွှတွေကို သူတို့မြေးအဘွားကိုပေးပြီး ဘွားအေကြီးကို ကျေးဇူးတင်စကား အထပ်ထပ်ဆိုရင်း မြစ်ဆိပ်ဘက်ကို ပြန်သွားတာပေါ့ကွယ်၊ ဒီလိုနဲ့ ပြန်သွားတဲ့အခါမှာ စောစောက စိတ်ကောင်းမရှိတဲ့ ရွှသည်ဟာ မြေးအဘွားတဲရှေ့သို့ ပြန်ရောက်လာပြီး စောစောက ခွက်စုတ်ကြီးပေးစမ်း၊ ကျုပ်မှာရှိတဲ့ ရွှတစ်လုံးနှစ်လုံးနဲ့လဲမယ်လို့ ဟန်လုပ်လိမ်ညာပြောပြီး ရွှေခွက်ကို အရယူဖို့ ကြံတာပေါ့ . . .”

“ဟင် . . တော်တော်စိတ်ကောင်းမရှိလိုက်တာနော် . .”

“ဒါပေါ့ ကြွက်ကလေးရယ်၊ အဲဒီလိုလည်းပြောရော ဘွားအေကြီးက စိတ်ထားမကောင်းတဲ့ ရွှကုန်သည်ကို အို . . အမောင်လုလင် သင်ဟာ ရွှေခွက်မှန်းသိရဲ့နဲ့ ပဲဝက်မျှ မတန်တဲ့ခွက်ဆိုပြီး လိမ်ညာခဲ့လို့ အဲဒီရွှေခွက်ဟာ သင်နဲ့ မထိုက်တန်တော့ပြီ၊ ဒါ့ကြောင့် ဒုတိယရောက်လာတဲ့ ရွှကုန်သည်ကတော့ အမှန်အတိုင်းပြောဆိုတဲ့အတွက် ထိုသူအား အကျွန်ုပ်၏ရွှေခွက်ကို ရွှများနှင့်လဲလှယ်၍ ပေးလိုက်ချေပြီလို့ ပြောလိုက်တာပေါ့၊ ဒီအခါမှာ အဲဒီစကားလည်းကြားရော

ပထမရွဲကုန်သည်ကြီးခမျာ ရင်ဆို့မတတ် ခံစားရပြီး မြစ်ဆိပ်ကို အမြန်ပြေးသွားသတဲ့၊ ဒီအခါမှာ ဒုတိယရွဲကုန်သည်ကတော့ လှေတစ်စီးနဲ့ တစ်ဖက်ကမ်းကို ကူးနေသတဲ့၊ ဒီအချိန်မှာ စောစောက စိတ်ထားမကောင်းလှတဲ့ ရွဲကုန်သည်ကြီး ရောက်လာတာပေါ့ကွယ် . . .”

“ကောင်းတယ်၊ ကောင်းတယ်၊ သူများအပေါ် မတရား လိမ်ညာယူချင်တော့ ခံရတာကောင်းတယ် . . .”

“ဒါပေါ့ကွယ် အဲဒီလိုဖြစ်ရတာဟာလည်း သူတစ်ပါး ပစ္စည်းကို လိမ်ညာပြီးယူချင်လို့ပေါ့ကွယ်၊ မကောင်းတဲ့ စေတနာစိတ်ထား ထားမိလို့ အဲဒီရွဲကုန်သည်ဟာ မြစ်ဆိပ်မှာ ရပ်ရင်း လှေပေါ်ပါသွားတဲ့ ရွဲသည်လေးကို ဟေ့ . . ရွဲသည် သင့်လက်ထဲပါသွားတဲ့ခွက်က ငွေခွက်ကွ၊ အမြန်ပြန်ပေးစမ်းဟေ့ လို့ ပြောတာပေါ့ . . .”

“ဟင် . . . တော်တော် မဟုတ်တာပြောတာပဲနော် ဘွားရွှေလ . . .”

“ဒါပေါ့ ဖိုးကုလားရယ်၊ အဲဒီလို အော်ဟစ်ပြောလိုက်တော့ လှေပေါ်က ရွဲကုန်သည်ဟာ သူ့ကိုကြည့်ပြီး အို . . . လောဘကြီးလှတဲ့ ရွဲကုန်သည် သင်ဟာ လောဘကြီးလွန်းလို့ သူတစ်ပါးရွှေခွက်ကို ပဲဝက်တောင်မတန်ဘူးလို့ လိမ်ညာခဲ့တယ် မဟုတ်လား၊ အဲဒီလို လိမ်ညာပြောခဲ့လို့ အသင်ဟာ ရွှေခွက်နဲ့မထိုက်တန်တော့ဘူးပေါ့၊ ကျုပ်ကတော့ အမှန်ကို အမှန်အတိုင်းပြောလိုက်တဲ့အတွက်ကြောင့် ကျုပ်ကို အဲဒီ



ရွှေခွက်ပိုင်ရှင်က စေတနာရက်ရောစွာနဲ့ပေးလိုက်တာပဲ၊ ဒါ့ကြောင့် ကျုပ်နဲ့သာထိုက်တန်တယ်လို့ပြောတာပေါ့၊ အဲဒီ စကားလည်းကြားရော ပထမရွဲကုန်သည်ကြီးဟာ ရူးမတတ် ခံစားရတာပေါ့ကွယ်၊ သူဟာ မြစ်ဆိပ်သောင်ပြင်ပေါ်မှာ ခုန်ပေါက်ပြီး ပါးစပ်ကလည်း ပေးပေး ငါ့ရွှေခွက်ပေး မပေး ပေး ပေး ငါ့ရွှေခွက်ပေးနဲ့ အရူးကြီးတစ်ယောက်လို အော်ဟစ်နေပြီး ကျန်ခဲ့တာပေါ့ကွယ်၊ ကဲ . . . လိမ်ညာတဲ့အပြစ်ဟာ ဘယ်လောက်များ ဆိုးရွားသလဲဆိုတာ သိကြပြီလားကွယ် . .”

“ဟုတ်ကဲ့ပါ ဘွားရွှေလ . . .”

“အေး . . လောကမှာ လိမ်ညာတတ်ပြီဆိုရင် သူများ ပစ္စည်းခိုးဖို့လည်း ဝန်မလေးတော့ဘူးကွဲ့၊ ဒါကြောင့် မုသာဝါဒါ ဆိုတဲ့ကံဟာ သိပ်ပြီးကြောက်စရာကောင်းတာကွဲ့ . . .”

“ဟုတ်တယ်နော် ဘွားရွှေလ . . .”

“ဒါပေါ့ ချိုတူးရယ်၊ ခုလည်း မကောင်းဘူး၊ နောင်လည်း မကောင်းဘူးကွယ်၊ အဲဒီ မကောင်းမှုနဲ့ပတ်သက်ပြီး အကြောင်းလေးတစ်ခုရှိတယ်ကွဲ့ . . .”

“ဟာ . . . ဒါဆိုပြောပါဦးလား ဘွားရွှေလ၊ အပြင်မှာ မှောင်မှ မမှောင်သေးဘဲ၊ သားတို့ မပြန်ချင်သေးဘူး . . .”

“အေးပါကွယ်၊ ဒါဆို နားထောင်နော် . . .”

ဖိုးကုလားက ဘွားရွှေလပြောမည့် အကြောင်းအရာကို နားထောင်ချင်ဇောနှင့်ပြောလိုက်၏။ ချိုတူးတို့ မိညက်တို့က ဖိုးကုလားနှယ်ပင် . . .၊ လိမ်ညာမုသားပြောဆိုခြင်းရဲ့

အကျိုးအပြစ်ကို အရမ်းသိချင်နေကြ၏။ ထို့ကြောင့်လည်း ဘွားရွှေလပြောမည့်အကြောင်းကို မျက်လုံးအပြူးသားလေးတွေနှင့် နားထောင်နေကြ၏။

ဘွားရွှေလသည် ယွန်းခွက်ထဲမှ ထန်းညက်ခဲတစ်ခဲကို တစ်ကိုက်ခဲပြီး မြုံ့လိုက်၏။ ထို့နောက် ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက်၏။ ချိုတူးတို့ကလေးတစ်သိုက် အားတက်သရောဖြစ်နေသည်ကို ဘွားရွှေလ အကြီးအကျယ်ကျေနပ်နေ၏။

"ကဲ . . . နားထောင်ကြ . . ."

"ဟုတ်ကဲ့ ဘွားရွှေလ . . ."

"ဒီလိုကွဲ့၊ မိုက်ကယ်အင်ဂျလိုဆိုတဲ့လူကြီး တစ်ယောက် အကြောင်းပေါ့ကွယ် . . ."

"အဲဒီလူကြီးက ဘယ်သူလဲ ဘွားရွှေလ . . ."

ပိစိက မျက်လုံးကလည်ကလည်နှင့် မေးလိုက်၏။ ဘွားရွှေလသည် ပိစိ၏ ဆံတောက်ကလေးကို အပြုံးမွှေ့မွှေ့နှင့် လှမ်းပုတ်ရင်း . . .။

"ပြောမှာပေါ့ သမီးပိစိရယ်၊ မိုက်ကယ်အင်ဂျလိုဆိုတဲ့ လူကြီးဟာ ကမ္ဘာကျော် ပန်းပုဆရာကြီးပေါ့ကွယ်၊ ဒါပေမယ့် သူဟာ ပန်းချီလည်းဆွဲသတဲ့ . . ."

"ဟုတ်လား သားတို့ရွာထိပ်က အဘိုး လွန်းခိုင်လိုပဲ နေမှာပေါ့နော် ဘွားရွှေလ . . ."

"ဒါပေါ့ကွယ်၊ အဲဒီအဘိုး လွန်းခိုင်လိုပဲ သစ်သားပန်းပုရုပ်တွေ၊ သဲပန်းပုရုပ်တွေ ထုဆစ်တာပေါ့ . . ."



"ဟုတ်လား . . ."

"အေးကွဲ့၊ အဲဒီလိုကျော်ကြားလှတဲ့ ပန်းပုဆရာကြီး မိုက်ကယ်အင်ဂျလိုဟာ တစ်နေ့တော့ မင်းသမီးရုပ်ကလေး တစ်ရုပ်ကို အနုစိတ် ထုဆစ်နေတာပေါ့ကွယ်၊ အဲဒီလို ထုဆစ်နေတုန်း သူဟာ အရုပ်ကလေးရဲ့နောက်ကျောဘက်က ကြယ်သီးစေ့လေးကို အနုစိတ်၊ အသေးစိတ်ထုဆစ်နေတာပေါ့ . . ."

"ဟင် . . ဘာဖြစ်လို့ အဲဒီလိုထုရတာလဲ ဘွားရွှေလ . ."

"ဘာကြောင့်များလဲ ဖိုးကုလားရဲ့ . . ."

"ဟာ . . အဘွားကလည်း အရုပ်နောက်ကျောက ကြယ်သီးစေ့လေးကို ဘယ်သူမှမမြင်ဘဲ ဘွားရွှေလရယ် . ."

"အေး . . မင်းလိုပဲ သူ့တပည့်တစ်ယောက်ကလည်း အနားရောက်လာပြီး ဆရာကြီးခင်ဗျား ဘာ့ကြောင့်မို့ လူမမြင်ရတဲ့ အစိတ်အပိုင်းက ကြယ်သီးလေးကို အသေးစိတ် ထုဆစ်နေရပါသလဲလို့ မေးတာပေါ့ကွယ် . . ."

"ဟင် . . . . မေးတဲ့သူက သားလိုပဲ နေမှာပေါ့နော် ဘွားရွှေလ . . ."

"ဒါပေါ့ကွယ်၊ အဲဒီလိုလည်းမေးရော ဆရာကြီး မိုက်ကယ် အင်ဂျလိုက တပည့်ဖြစ်သူကိုကြည့်ပြီး ချစ်တပည့် ဘယ်သူမှ မမြင်ရပေမယ့် ကျွန်ုပ်ကိုယ်တိုင်ထုဆစ်ခဲ့တာမို့ ကျွန်ုပ်ပဲမြင်နေရပါတယ်၊ ဒီတော့ ကမ္ဘာကျော်ဆိုတဲ့ သူ့ဂုဏ်သိက္ခာကို သူရှက်သတဲ့ကွယ် . . ."

"ဘာဖြစ်လို့ရှက်တာလဲ ဘွားရွှေလ . . ."

ချိုတူးကသိချင်ဇောနဲ့ ဝင်မေးလိုက်၏။ ဘွားရွှေလသည် ဆေးလိပ်ခွက်ထဲ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိပြီး တစ်ဖွာ နှစ်ဖွာရှိုက်ရင်း ခွက်ထဲ ပြန်ထည့်လိုက်၏။ ထို့နောက် ဘွားရွှေလက -

"အေး . . . ဘာဖြစ်လို့ ရှက်ရသလဲဆိုတော့ သူဟာ အဲဒီ ပန်းပုရုပ်လေးရဲ့ နောက်ကျောကကြယ်သီးလေးကို ဖြစ်သလို ထုဆစ်ခဲ့တယ်ဆိုရင် အလိမ်အညာစိတ်နဲ့ ပရိသတ်ကို မညာ ချင်ဘူးတဲ့၊ အဲဒီလို တော်ရိရော်ရိလိမ်ညာပြီး ထုဆစ်ခဲ့တယ် ဆိုတာလည်း သူတစ်ယောက်တည်းသိတာမို့ အမြဲတမ်း တွေးရင်း ငါလိမ်ညာထုဆစ်ခဲ့တာပါလားလို့ စိတ်ထဲမှာ မလုံ မလဲ ခံစားနေရလိမ့်မယ်၊ ဒါ့ကြောင့် လိမ်ညာစိတ်ကို မလို လားတာမို့ ခုလို အသေးစိတ် ထုဆစ်တာပဲလို့ တပည့်ဖြစ် သူကို ပြောပြလိုက်တာပေါ့ . . ."

"ဩော် . . . . ဒီလိုကိုး၊ ဒါဆို ဆရာကြီးက သူ့ကိုယ် သူတောင် မလိမ်ဘူးနော် . . ."

"ဒါပေါ့ကွယ်၊ လောကမှာ ကိုယ့်ကိုယ်ကိုလိမ်တာ အဆိုး ဆုံးပေါ့ကွယ်၊ အဲဒီလို လိမ်တဲ့သူဟာ ဘယ်တော့မှ မတိုးတက် တော့ဘူးကွယ့်၊ ဒီတော့ ကိုယ့်ကိုယ်ကိုလည်း မလိမ်ရဘူး၊ သူတစ်ပါးကိုလည်း လိမ်ညာဖို့မကြိုးစားကြနဲ့နော် . . ."

"ဟုတ်ကဲ့ပါ ဘွားရွှေလ . . ."

"အေး . . . ပြီးတော့ ရှိသေးတယ်ကွဲ့၊ တို့မျှားနိုင်ငံရဲ့ အာဇာနည်ခေါင်းဆောင်ကြီးဟာ ဘယ်သူလဲကွဲ့ . . ."



"ဗိုလ်ချုပ်အောင်ဆန်းပါ ဘွားရွှေလ . . ."

"အေး . . ဟုတ်တယ်၊ တို့ ဗိုလ်ချုပ်ဟာ ဘယ်တော့မှ လိမ်ညာတတ်တဲ့လူ မဟုတ်ဘူးကွဲ့၊ သူဟာ ရိုးသားတဲ့စိတ် အပြည့်ရှိပြီး ပွင့်ပွင့်လင်းလင်းပြောတတ်ဆိုတတ်တယ်ကွဲ့၊ သူဟာ တို့နိုင်ငံကို မတရားလာအုပ်ချုပ်တဲ့ အင်္ဂလိပ်တွေ ကိုတောင် မကြောက်မရွံ့ဘဲ မှန်မှန်ကန်ကန်ပြန်ပြီးပြောတတ် ဆိုတတ်တာကွဲ့၊ ဒါ့ကြောင့်လည်း တစ်ချိန်က ကမ္ဘာကြီးကို အုပ်စိုးခဲ့တဲ့ အဲဒီအင်္ဂလိပ်တွေကိုယ်တိုင် ဗိုလ်ချုပ်ကို လေးစား ရိုသေခဲ့တာပေါ့ကွယ်၊ သူတို့က ဘာပြောတယ်မှတ်သလဲ အောင်ဆန်းဟာ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ လိမ်တာညာတာ မရှိဘူး၊ ဒါ့ကြောင့် နိုင်ငံ့ခေါင်းဆောင်ပီသသူတစ်ဦး ဖြစ်တယ်လို့ မှတ်ချက်ချခဲ့ကြတာကွဲ့၊ ဒါ့ကြောင့် ဗိုလ်ချုပ်လိုပဲ ကလေးတို့ဟာ ငယ်စဉ်ကတည်းက ရိုးသားပွင့်လင်း ဖြောင့်မတ်ဖို့လိုတာ ပေါ့ကွယ် . . ."

"ဟုတ်ကဲ့ပါ ဘွားရွှေလ . . ."

"အေး . . အဲဒီလို လိမ်တာညာတာဟာ တကယ်တော့ ကိုယ်ကျင့်တရားမကောင်းတာပဲကွဲ့၊ ဒီတော့ အဘွားဆက်ပြီး ပြောချင်တာကတော့ အမရပူရမှာ သတင်းသုံးတဲ့ ဂန္ဓာရုံ ဆရာတော်ဘုရားကြီးအကြောင်းပဲကွဲ့"

ဘွားရွှေလစကားကြောင့် ချိုတူးတို့လူသိုက် သူတို့ရှေ့တွင် ချထားသော လက်ဖက်ခွက်နှင့် ထန်းလျက်ပန်းကန်ကိုပင် မေ့နေကြ၏။ ထို့ကြောင့်လည်း ဘွားရွှေလက တအောင့်တနား နားလိုက်ပြီး -

"ကဲ . . စားကြဦးလေကွယ်၊ မြေပဲက အဘွားကိုယ်တိုင် ဆားကလေးနဲ့ ကြော်ထားတာကွဲ့၊ ကြွပ်ရွနေတာပဲ စားကြည့်ကြစမ်း . . ."

ဘွားရွှေလစကားကြားတော့မှ ချိုတူးတို့ လက်ဖက်စားလိုက်၊ မြေပဲကြော်ဝါးလိုက်၊ ထန်းလျက်စားလိုက်နှင့် အစားအသောက်ကို သတိရသွားကြ၏။

ဘွားရွှေလသည် သူတို့အနားမှထပြီး လှုပ်လှုပ်,လှုပ်လှုပ်နှင့် နောက်ဖေးခန်းကလေးထဲ ဝင်သွား၏။ တစ်အောင့်အကြာတွင် ယွန်းဗန်းကလေးတစ်ခုနှင့် ထန်းပင်မြစ်ပြုတ်များ ယူလာပြန်၏။

ထန်းပင်မြစ်ပြုတ်များက ရေနွေးငွေ့,ငွေ့နှင့် ပြုတ်ထားသဖြင့် အငွေ့တထောင်းထောင်းထွက်နေ၏။ ဘွားရွှေလသည် ထန်းပင်မြစ်ပေါ်မှ အခွံများကို တစ်လွှာခြင်းသင်လိုက်ပြီး ဖားပါးပါးလေးနှင့် စိတ်ကာ ယွန်းဗန်းကလေးထဲ ထည့်လိုက်၏။ ထို့နောက် အသင့်ယူလာသော ဆီပုလင်းထဲမှ ဆီများကို အနည်းငယ်ဆမ်းလိုက်ပြီး ဆားဖြူးလိုက်၏။

"ကဲ . . . စားကြစမ်း၊ ထန်းပင်မြစ်ပြုတ်ကလေးက သိပ်စိမ့်တာကွဲ့"

"ဟုတ်ကဲ့ ဘွားရွှေလ . . ."

ချိုတူးတို့လူစု ပွဲတော်ညကြီးလို့ပင် ဆိုရလေမလားမသိ။ ဘွားရွှေလက စားသောက်ဖွယ်ရာတွေ တစ်ခုပြီးတစ်ခု ချပေးလိုက်၏။ ပိစိမှာ ရှေ့သွားပိုးစားနေသဖြင့် ထန်းပင်မြစ်ကို မဝါးနိုင်ပါ။ သူ့ကိုကြည့်ပြီး ပြုံးစိပြုံးစိလုပ်နေသူက ဖိုးကုလားဖြစ်နေ၏။



ဖိုးကုလားပြုံးတာမြင်တော့ ပိစိ မလုံမလဲဖြစ်သွား၏။ ထို့ကြောင့် မျက်စောင်းတစ်ချက်လှမ်းထိုးရင်း -

"ဟဲ့ . . . ဖိုးကုလား ဘာလို့ရီတာလဲဟဲ့ . . ."

"သြော် . . . အဘွားကြီး ထန်းပင်မြစ်ကိုက်သလိုပါလားလို့ပါဟယ် . . ."

"ဖိုးကုလားနော် . . နင် . . နင် ဘွားရွှေလ . . ."

"ဘာလဲသမီး . . ."

"ဟောဒီမှာ ဖိုးကုလားက သမီးကို အဘွားကြီးတဲ့"

"ဖိုးကုလား . . ."

"ဗျာ . . ."

အိမ်နောက်ဘက်ဝင်နေသော ဘွားရွှေလမှာအပြင်သို့ တုန်ချည့်တုန်ချည့်ထွက်လာ၏။ ဘွားရွှေလကိုမြင်တော့ ဖိုးကုလား မျက်နှာပိုးသတ်သွား၏။ ဘွားရွှေလသည် သူတို့ဘေးတွင် ကျုံ့ကျုံ့ကလေးဝင်ထိုင်ရင်း ဖိုးကုလားကိုကြည့်၍ ပြောလိုက်၏။

"ဖိုးကုလား . . ."

"ဗျာ . . ."

"မင်းက ဘာလို့ ပိစိကို အဘွားကြီးလို့ပြောတာလဲ"

"ဟို . . . ဟို သူက သွားတွေကျိုးနေလို့ပါ ဘွားရွှေလ၊ အဲဒါ ထန်းပင်မြစ်ကို မဝါးနိုင်ဘူးဆိုတာသိတော့ သားက ရယ်မိတာပါ ဘွားရွှေလ . . ."

"ဩော် . . . ဒီလိုကိုး၊ မရယ်ပါနဲ့ ဖိုးကုလားရယ်၊ ဒါ ရယ်စရာမဟုတ်ဘူးကွဲ့၊ သူများ အားနည်းချက်ကို ဘယ်တော့မှ မနောက်ရ၊ မပြောင်ရဘူးကွယ့် . . ."

"အေး . . . တကယ်တော့ ပိစိ ဘာကြောင့် ရှေ့သွား တွေမရှိတာလဲ သိလား . . ."

"မသိပါဘူး ဘွားရွှေလ . . ."

"မှတ်ထား ပိစိဟာ ဘာစားစား စားပြီးရင် ပလုတ် မကျင်းဘူး၊ ပြီးတော့ အိပ်ရာထရင် သွားမတိုက်ဘူး၊ အချိုတွေ အရမ်းစားလွန်းတယ်၊ ဒါကြောင့် ရှေ့သွားတွေ ပိုးစားပြီး ကျိုးကုန်တာပေါ့၊ ဒါ သားတို့ သမီးတို့ မှတ်ထားရမှာက ဘာစားစား စားပြီးရင် ပလုတ်ကျင်း သွားတိုက်ရမယ် နော် . . ."

"ဟုတ်ကဲ့ပါ ဘွားရွှေလ . . ."

"ကဲ . . . ကဲ . . . စောစောက စကားကို ဆက်ပြော ရအောင်"

"ဆရာတော်ဘုရားကြီးအကြောင်းလား ဘွားရွှေလ . ."

"ဒါပေါ့ကွယ် . . ."

ဘွားရွှေလက ဂန္ဓာရုံဆရာတော်ဘုရားကြီးအကြောင်း ပြောပြမယ်ဆိုတော့ ချိုတူးတို့လူသိုက် စားနေသည့်ကိစ္စကို ရပ်လိုက်ပြီး ခေါင်းတမော့မော့နှင့် နားထောင်နေကြ၏။



"ဒီလိုကွဲ့ ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်က အရှင် ဇနကာဘိဝံသပေါ့ကွယ်၊ အဲဒီ ဆရာတော်ဘုရားကြီးကို တစ်တိုင်းပြည်လုံးက လာပြီး ပညာသင်ကြတာပေါ့ကွယ် . ."

"ဆရာတော်ကြီးက ပညာတွေ အရမ်းတတ်သလား ဘွားရွှေလ"

"ဒါပေါ့ကွယ်၊ ဆရာတော်ကြီးဟာ အအိပ်အနေနည်းပြီး အမြဲတမ်း သူ့ကိုကြည့်လိုက်ရင် စာအုပ်တစ်အုပ် ဒါမှမဟုတ် စာတစ်စောင်ပေတစ်ရွက်ကို ရေးနေတတ်တယ်ကွဲ့၊ အဲဒီလို စာပေဗဟုသုတကြီးလွန်းလို့လည်း တစ်ပြည်လုံးက သူ့ဆီမှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ဘာသာရေးစာပေကို သင်ကြား ချင်ကြတာပေါ့ကွယ်၊ ဒါကြောင့် သူတို့ဟာ ဆရာတော်ကြီး ဆီကို ပညာသင်ခွင့်ရဖို့ ကြိုးစားကြတာပေါ့၊ ဒီလိုနဲ့ ပညာသင် ခွင့်ရဖို့အတွက် တပည့်အဖြစ် ဆရာတော်ကြီးဆီလက်ခံဖို့ ပြောတော့ ဆရာတော်ကြီးက ဘာပြောတယ်မှတ်သလဲ၊ သူ့ကျောင်းမှာချမှတ်ထားတဲ့ စည်းကမ်းချက်နဲ့ညီရင် လက်ခံ မယ်တဲ့ . . ."

"ဘာစည်းကမ်းတွေလည်း ဘွားရွှေလ . . ."

"အေး . . . စည်းကမ်းချက်ကတော့ ဆယ့်တစ်ချက် ပေါ့ကွယ်၊ အဲဒီ စည်းကမ်းချက်ထဲက ထိပ်ဆုံးအချက် ဘာလဲ သိကြလား . . ."

"မသိပါဘူး ဘွားရွှေလ . . ."

"အေး . . . မသိရင် မှတ်ထားကြကွဲ့၊ ကိုယ်ကျင့်တရားကောင်းမှတဲ့ . . ."

"ကိုယ်ကျင့်တရားဆိုတာ ဘာကိုခေါ်တာလဲ ဘွားရွှေလ"

"အေး . . . ဘွားရွှေလပြောပြမယ် နားထောင် . . ."

"ဟုတ်ကဲ့ . . ."

"စောစောပိုင်းကလည်း ဘွားရွှေလပြောခဲ့ပြီးပြီလေ၊ မင်းတို့ မှတ်မိကြလား၊ ပြောစမ်းချိုတူး . . ."

"ဟို . . . ဟို . . . သူမျှားအသက်မသတ်ရပါဘူး ဘွားရွှေလ . . ."

"ဟုတ်ပြီ၊ ကဲ . . . ပိစိ ဒုတိယအချက်ပြောစမ်း"

"ဟို . . . သူမျှားဥစ္စာ မခိုးရပါဘူး အဘွား"

"ဟုတ်ပြီ၊ ကဲ . . . ဖိုးကုလားက တတိယအချက်ပြောစမ်း"

"မုသားစကားမပြောရဆိုတဲ့ အချက်ပါ အဘွား"

"ဟုတ်ပြီ ဒါဆိုရင် စတုတ္ထအချက်ကတော့ သူတစ်ပါးသားမယားကို မပြစ်မှား၊ မစော်ကားရဘူးဆိုတဲ့ အချက်ပဲကွဲ့၊ နောက်ပြီး ပဉ္စမအချက်ကတော့ အရက်သေစာ၊ မူးယစ်ဆေးဝါး မမှီဝဲရဘူးဆိုတဲ့ အချက်ပေါ့ကွယ်၊ အဲဒီအချက် ငါးချက်နဲ့ပြည့်စုံတဲ့သူကို ကိုယ်ကျင့်တရားကောင်းတဲ့လူလို့ခေါ်သတဲ့၊ ဒီတော့ ဒီအချက်ငါးချက်ကို စုပေါင်းပြီး ကိုယ်ကျင့်တရားလို့ ပြောလိုက်တာပေါ့ကွယ် . . ."



"ဒါဆို စတုတ္ထအချက်နဲ့ ပဉ္စမအချက်တွေကို မပြောရသေးဘူးနော် ဘွားရွှေလ"

"နောက်တော့ ပြောပြမှာပေါ့ကွယ်၊ ကဲ . . စောစောက စကားပြန်ဆက်ရအောင်. . ."

"ဟုတ်ကဲ့ ဘွားရွှေလ"

"အေး . . ဆရာတော်ဘုရားကြီးချမှတ်ထားတဲ့ ထိပ်ဆုံးက အချက်ဟာ စောစောက အချက်ငါးချက်နဲ့ပြည့်စုံမှ တစ်နည်း ပြောရရင် ကိုယ်ကျင့်တရားကောင်းတဲ့လူကိုမှ ပညာသင်ခွင့် ပေးမှာကိုး၊ ပြီးတော့ နောက်ဆုံးတစ်ချက်က ဘာလဲသိလား"

"မသိပါဘူး ဘွားရွှေလ. . ."

"အေး . . ပညာတတ်ရမယ်ကွဲ့၊ ဒီတော့ ကိုယ်ကျင့်တရားကောင်းဖို့က ပထမ၊ ပညာတတ်ဖို့ကတော့ နောက်ဆုံးအချက်ဖြစ်တယ်ကွဲ့၊ ဒီတော့ ဆရာတော်ကြီးရဲ့သဘောကိုကြည့်ရင် ဆရာတော်ကြီးဟာ ကိုယ်ကျင့်တရားကောင်းတဲ့သူကိုသာ ပညာသင်ခွင့်ပေးမယ်လို့ ပြောလိုက်တဲ့သဘောပဲကွယ့်၊ ဒီတော့ လောကမှာ ဘယ်တရားဟာ အရေးကြီးဆုံးလဲသိကြပြီလား. . ."

"သိပါပြီ ဘွားရွှေလ. . ."

"အေး . . လောကမှာ ကိုယ့်ကိုယ်ကိုလိမ်တဲ့သူဟာ ကိုယ့်လျှာကို ကိုယ့်သွားနဲ့ပြန်ကိုက်ဖြတ်တဲ့သဘောပဲကွယ့်၊ ဒီတော့ သားတို့သမီးတို့သိထားရမှာက ဘယ်တော့မှ လိမ်လည်မုသား မပြောကြနဲ့ကွဲ့ ကြားကြရဲ့လား. . ."

"ကြားပါတယ် ဘွားရွှေလ. . . "

"အေး . . ဒါဆို အဘွားမင်းတို့အတွက် မုသာဝါဒနဲ့ ပတ်သက်ပြီး သံပေါက်ကလေးရွတ်ပြမယ် လိုက်ဆိုကြနော် . . "

"ဟုတ်ကဲ့ပါ အဘွား. . . "

ပြောပြောဆိုဆိုနှင့် ဘွားရွှေလသည် မုသာဝါဒကံကို ထိန်းကြဖို့ အောက်ပါသံပေါက်လေးကို ရွတ်ဆိုလိုက်လေ၏။

F **လောကကြီးမှာ မှန်ရာပြောမှ**
**သဘောဖြူစင်မြင့်မြတ်မယ် . . . ။**
F **ရိုးသားခြင်းကို ဦးထိပ်ထားလို့**
**မုသားစကား ရှောင်ကြကွယ် . . . ။**
F **နောင်ဘဝဝယ် အစဉ်အေးဖို့**
**သားတို့ သမီးတို့ လိုက်နာဖွယ် . . . ။**
F **လိုက်နာမယ် . . လိုက်နာမယ် . . ။ ။**

သူတို့လူစု ဘွားရွှေလရွတ်ပြသည့်သံပေါက်ကို အခေါက်ခေါက်အခါခါ ရွတ်ဆိုလိုက်ကြ၏။ အားလုံးအလွတ်ရသွားကြသောအခါ သူတို့လူစု စားပြီးသားပန်းကန်များကို ဘွားရွှေလနှင့်အတူ ဝိုင်းဝန်းသိမ်းဆည်းလိုက်ကြ၏။

ထို့နောက် သူတို့လူစု ဘွားရွှေလကို ရိုသေစွာကန်တော့ကြရင်း အိမ်သို့ ပြန်ခဲ့ကြလေတော့သည်။

♦♦♦♦♦♦♦♦♦♦♦

# စတုတ္ထလရောင်

**မိစ္ဆာစာရကျူးလွန်ကလည်း၊မုန်းကြသူများ၊ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိပ်၏၊ ကုတ္တိပဏ္ဍုပ်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရ၍၊ လက္ခဏာ ကွန္တြေ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ကအပြန် အကျိုးတည်း။ ။**

**အရှင်ဇနကာဘိဝံသ**
**အမရပူရတောင်မြို့ဆရာတော်**

မိညက်တို့လူစု ကျောင်းကအပြန်တွင် ကသစ်ချောင်းဆိပ်တွင် လှေအလာကို စောင့်နေကြ၏။ ချောင်းဆိပ်တွင် လူတွေ ရုန်းစုရုန်းစုဖြစ်နေကြသည်မို့ မိညက်တို့ လူစုကြား ယောင်လည်ယောင်လည်ဖြစ်နေကြ၏။ ထိုစဉ် လှေတစ်စင်းသည် ချောင်းဆိပ်သို့ဆိုက်လာသဖြင့် မိညက်တို့လူစု လှေရှိရာသို့ အပြေးအလွှားရောက်ရှိသွားကြရာ မြင်ကွင်းကြောင့် လှေပေါ် မတက်ရဲဘဲ ဖြစ်နေကြ၏။

မြင်ကွင်းက တခြားမဟုတ်၊ လှေပေါ်တွင် ရဲသားနှစ်ဦးနှင့်အတူ အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရ၏။ မိညက်သည် အမျိုးသားကြီးကိုကြည့်ရင်း

မျက်လုံးအပြူးသားဖြစ်သွား၏။ ထို့ကြောင့် အနားတွင်ရှိသော ပူစူးမကို လက်တို့ရင်း တိုးတိုးပြောလိုက်၏။

"ဟဲ့ . . . ပူစူးမ"

"ဘာလဲဟဲ့ . . ."

"ဟိုမှာကြည့်စမ်း . . ."

"ဟင် . . . ဟိုလူကြီးလက်မှာ လက်ထိပ်ကြီးနဲ့ပါလား"

"အေးဟဲ့"

"နင် အဲဒီလူကြီးနဲ့ ဟိုဘက်က မိန်းမကြီးကို မြင်ဖူးလား"

"မြင်ဖူးတာပေါ့ဟယ်၊ ဟို ဘကြီး ဖိုးမြသာတို့ဆီရောက်လာတဲ့ လူတွေမဟုတ်လား"

"အေးဟဲ့၊ ဟောဟိုမှာ ချိုတူးက ရဲသားကြီးဘေးမှာ ရပ်ပြီး နားထောင်နေပါလား၊ လာ လာ တို့လည်း သွားနားထောင်ရအောင် . . ."

သူတို့နှစ်ဦးလှေနားတွင် ရပ်နေသော ချိုတူးတို့လူသိုက်ဆီ ပြေးသွားကြ၏။ ထိုအချိန်တွင် ရဲကြီးက လက်ထိပ်ခတ်ထားသော အမျိုးသားကြီးနှင့်အမျိုးသမီးကြီးကို လှေပေါ်မှ ခေါ်ချသွား၏။ သူတို့နှစ်ဦး ချိုတူးနားကပ်ပြီး တိုးတိုးနှင့် မေးလိုက်၏။

"ဟဲ့ . . . ချိုတူး"

"ဟင် . . မိညက်တို့ပါလား၊ နင်တို့ မပြန်ကြသေးဘူးလား"

"အေးဟဲ့ . . . စောစောကလူတွေကြောင့် ငါတို့လည်း လှေမရဘူး ဖြစ်နေတာဟဲ့"



"ဒါဆို ဒီလှေနဲ့ ငါတို့အပြန် လိုက်သွားရအောင်"

"အေး . . . အေး . . ."

ပြောပြောဆိုဆိုနှင့် သူတို့လူစု လှေကြုံစီးကာ ရွာဘက်သို့ ပြန်ခဲ့ကြ၏။ လမ်းတွင် ပူစူးမက ချိုတူးကို လှမ်းမေးလိုက်၏။

"ဟဲ့ . . . ချိုတူး"

"ဘာလဲ ပူစူးမ"

"ဟို . . . စောစောကလူကြီးက ဘာလို့ အဖမ်းခံရတာလဲဟင်"

"ငါလည်း သေသေချာချာမသိဘူးဟ၊ ကြားတာတော့ သူများသားမယားကို ပြစ်မှားလို့ဖမ်းတာတဲ့"

"ဟင် . . . ဘယ်လိုပြစ်မှားတာလဲဟဲ့"

"ငါလည်း မသိပါဘူး ပူစူးမရာ၊ အဲဒီလူကြီးက သူများမိန်းမကို ခိုးလာတယ်ပြောတာပဲဟဲ့ . . ."

"ဘယ်ကမိန်းမလဲဟ"

"စောစော သူ့ဘေးမှာပါလာတဲ့ မိန်းမကြီးလေ"

"ဟင် . . . နင့်စကားက ငါလည်းနားမလည်ဘူး"

သူတို့လူစု အချီအချပြောဆိုနေစဉ် လှေသမားကြီးက ဝင်၍ ဟိန်းဟောက်လာ၏။

"ဟဲ့. . . ကလေးတွေ ဘာတွေပြောနေကြတာလဲကွ၊ ငယ်ငယ်လေးတွေနဲ့ မဟုတ်တာတွေ ပြောမနေကြစမ်းနဲ့"

"ဟင် . . . ဟုတ် . . . ဟုတ်ကဲ့ဦးကြီး"

သူတို့အားလုံး လှေသမားကြီးကိုကြောက်ကာ၊ စကား တွေဆက်ပြီး မပြောရဲကြတော့၊ သို့နှင့် အချိန်အနည်းငယ်ခန့် အကြာတွင် စီးလာသောလှေကလေး တစ်ဖက်ချောင်းဆိပ်သို့ ဆိုက်လာသဖြင့် သူတို့အားလုံး ဆင်းလိုက်ကြ၏။

အချိန်က နေဝင်ရီတရောမို့ သူတို့ရွာကလေးမှာ တောင်ခိုး ဝေနေပြီဖြစ်၏။ နွားတစ်အုပ်မှာလည်း ရွာထဲသို့ တဝုန်းဝုန်း ဝင်သွားတာ မြင်လိုက်ရ၏။

ရွာလယ်လမ်းမတစ်လျှောက် ဖုန်တွေတစ်ထောင်းထောင်း ထနေသဖြင့် ရွာထိပ်တွင် စောင့်၍ နေကြ၏။ ဖုန်တွေရှင်း သွားမှပဲ သူတို့လူစု ရွာထဲသို့ဝင်ခဲ့ကြ၏။

သူတို့အားလုံး ပြန်သာပြန်ခဲ့ကြပေမယ့် စိတ်ထဲက မကျေမနပ်ခံစားနေကြ၏။ အမှန်တော့ စောစောက အဖမ်းခံ ရသည့် လူကြီးအကြောင်းကို သူတို့အားလုံး သိချင်နေကြ၏။ သို့သော် လူကြီးတွေ အဆူခံရမည်စိုးသဖြင့် အားလုံးစိတ်ထဲမှာ မျိုသိပ်ထားခဲ့ကြ၏။

အိမ်ပြန်ရောက်သည်နှင့် သူတို့အားလုံး ရေမိုးချိုးကာ ထမင်းစားလိုက်ကြ၏။ သူတို့ ထမင်းစားပြီးချိန်တွင် ဘွားရွှေလ အိမ်ကလေးမှ ကြေးစည်သံကလေးကြားလိုက်ရသဖြင့် လွယ်အိတ်ကိုယ်စီ လွယ်ကာ ဘွားရွှေလဆီသို့ အပြေးရောက် လာကြ၏။

"ဟော . . . သားတို့ သမီးတို့ ရောက်လာကြပြီကိုး"

"ဟုတ်ကဲ့ ဘွားရွှေလ . . . "



"ကဲ . . . လာကြ . . . လာကြ၊ ခြေထောက်တွေ၊ လက်တွေ ဆေးကြနော်၊ ပြီးမှ ဘုရားဝတ်ပြုကြမယ်"

"ဟုတ်ကဲ့ ဘွားရွှေလ . . . "

ဘွားရွှေလသည် ယောဂီတဘက်ကလေးခြုံကာ တဲအိမ် ဝတွင် တမျှော်မျှော်လုပ်နေ၏။ သူတို့ကိုမြင်တော့ ဘွားရွှေလ ပြုံးလို့ ရွှင်လို့ . . .။ တဲဝမှာချထားသည့် စဉ့်အိုးထဲမှရေဖြင့် ခြေတွေ၊ လက်တွေဆေးပြီး တဲပေါ်တက်ကာ ဘုရားဝတ်ပြု လိုက်ကြ၏။

ဘွားရွှေလက မင်္ဂလသုတ်ကို ရှေ့မှ အသံကျယ်ကျယ်နှင့် ချပေးသလို ချိုတူးတို့လူသိုက်ကလည်း နောက်မှ သံပြိုင် လိုက်၍ ဆိုခဲ့ကြ၏။

ဘွားရွှေလသည် ကော်ကိုင်းမျက်မှန်လေးတစ်လက် တပ်ကာ ချိုတူးတို့စာအုပ်တွေကို တစ်အုပ်ချင်း လှန်လှော ကြည့်ရှုပြီး လိုအပ်သည်များကို သင်ကြားပြသပေးလိုက်ကြ၏။

သင်္ချာနှင့် အင်္ဂလိပ်စာဆိုလျှင် သေလောက်အောင် ကြောက်ကြသော ချိုတူးနှင့် ကြွက်ကလေးတို့နှစ်ဦးမှာ ယခု ဆိုလျှင် တဖက်ကမ်းခတ်အောင် ကျွမ်းကျင်နေပြီဖြစ်၏။

တစ်နာရီတွင် စာလုပ်ပြီးသောအခါ ချိုတူးတို့လူစု အိမ်ရှေ့ကွပ်ပျစ်တွင် စုဝေးထိုင်လိုက်ကြ၏။ ဘွားရွှေလသည် စားစရာရှိသည်များကို ပြင်ဆင်၍ သူတို့ရှေ့သို့ ရောက်လာ၏။ ထိုစဉ် ချိုတူးက -

"ဘွားရွှေလ"

"ဘာပြောမလို့လဲ ချိုတူး"

"ဟို . . . ဟို . . . ဖိုးသာမြတို့အိမ်ကို လာလည်တဲ့ လူနှစ်ယောက် ရဲတွေဖမ်းသွားပြီ ဘွားရွှေလ . . ."

"သြော် . . . ကိုခင်မောင်တို့ လင်မယားကို ပြောတာ ထင်တယ်"

"ဟုတ်တယ်ဘွားရွှေလ၊ ဘာဖြစ်လို့ဖမ်းသွားတာလဲဟင်"

"အင်း . . . ဒီကိစ္စဟာ ဘွားရွှေလ မနေ့ကပြောခဲ့တဲ့ ကိုယ်ကျင့်တရားငါးချက်ထဲက တစ်ချက်ပေါ့ ချိုတူးရယ်. . ."

"ဟင်. . . ဟုတ်လား ဘွားရွှေလ"

"ဒါပေါ့ကွယ်၊ သားတို့ကို ဒီနေ့ပြောမှာလည်း ကိုယ်ကျင့်တရားငါးချက်ထဲက စတုတ္ထမြောက်ကိုယ်ကျင့်တရားအကြောင်း ပဲကွယ့်၊ ခုတော့ ကိုခင်မောင်တို့ကိစ္စနဲ့ အကြောင်းစိုက်လာတော့ ကောင်းတာပေါ့ကွယ်"

"ဘာ. . . ဘာဖြစ်လို့လဲ ဘွားရွှေလ"

"အမှန်တော့ ခုပြောမယ့်အချက်ဟာ သားတို့သမီးတို့ သိသင့်သိထိုက်တဲ့အချက်တော့ မဟုတ်သေးဘူးပေါ့ကွယ် ဒါပေမယ့် ငယ်ငယ်ကတည်းက ဒီအချက်ကို သိထားသင့်တယ်လို့ ဘွားရွှေလ ထင်တယ်"

"ဒါဆို သားတို့ကို ပြောပြပါလား ဘွားရွှေလ"

"ပြောပြပါမယ်ကွယ်၊ ခုတော့ စားကြသောက်ကြဦး"

"ဟုတ်ကဲ့ ဘွားရွှေလ"

သူတို့လူစု ဘွားရွှေလသုပ်လာသော လက်ဖက်သုတ်ကို တမြုံ့မြုံ့စားသောက်ရင်း ရေနွေးကြမ်းနှင့်မြည်းလိုက်ကြ၏။



ဘွားရွှေလ ယွန်းဗန်းထဲတွင် ထမင်းကြမ်းခဲကိုထည့်ကာ သူတို့ ရှေ့ယူလာ၏။

"ကဲ. . . ဟောဒီထမင်းကြမ်းခဲလေးနဲ့ အဆာပြေစားလိုက်ကြဦးကွဲ့"

"ဟာ. . . ကောင်းတယ်၊ ဒါမှ တို့ဘွားရွှေလကွ"

ဖိုးကုလားက ထမင်းကြမ်းခဲနှင့် စားရမည်ဆိုတော့ ဝမ်းသာအားရဖြစ်နေ၏။ ထိုစဉ် ဘွားရွှေလက ဖိုးကုလား၏ ခေါင်းကို ညင်ညင်သာသာလေးခေါက်လိုက်ပြီး -

"သိပ်လည်းမစားနဲ့ဦး၊ ဗိုက်တွေအောင့်နေဦးမယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဘွားရွှေလ"

"အေး . . . အေး စားကြ . . . စားကြ . . ."

သူတို့လူစု လက်ဖက်အသားလေးနှင့် ထမင်းကြမ်းခဲ မြုံ့ကာ စားလိုက်ကြ၏။ သူတို့လူစုထဲက ဖိုးကုလားက အစား အပုပ်ဆုံး၊ ဘွားရွှေလပြောတာကိုပင် သတိမရတော့၊ ပလုပ်ပလောင်းနှင့် စားသောက်နေ၏။

ဘွားရွှေလ သတိပေးမှပဲ ဖိုးကုလား အစားလျော့သွား၏။ သူတို့အားလုံးစားသောက်ပြီးတော့ စားပြီးသားပန်းကန်တွေကို ဝိုင်းဖွဲ့ ဆေးကျောလိုက်၏။ ထို့နောက် ပန်းကန်များကို နောက်ဖေးကြောင်အိမ်တွင် အကျအနစီလိုက်၏။

ဘွားရွှေလသည် အချိုတည်းဖို့အတွက် ပုလင်းပုလေး ထဲမှ ကတွတ်ယိုယူလာ၏။ အချိုကိုတော့ ပိစိမက အကြိုက်ဆုံး။

"ပိစိမလေး . . ."

"ရှင် . . . ဘွားရွှေလ . . . "

"အချိုတွေ သိပ်မစားနဲ့လေကွယ်"

"ဟုတ် . . . ဟုတ်ကဲ့ ဘွားရွှေလ"

ပိစိမလေးတစ်ယောက် ဇက်ကလေးပုသွား၏။ သူ့ပုံကို ကြည့်ပြီး ကြွက်ကလေးက စပ်ဖြဲဖြဲလုပ်နေ၏။

"ကြွက်ကလေးနော်"

"ဘာလဲဟ"

"နင်က ဘာလို့ နောက်တာလဲ"

"အာ . . . ငါ မနောက်ပါဘူးဟာ"

"တော်ကြစမ်းကွယ်၊ မင်းတို့က အမြဲတမ်း တစောင်စောင်နဲ့ကွယ်၊ ကဲ . . . . ကဲ ကိုခင်မောင်တို့ အကြောင်းကို နားထောင်ကြ . . . "

"ဟုတ်ကဲ့ ဘွားရွှေလ"

သူတို့အားလုံး နှုတ်ဆိတ်သွားကြ၏။ မျက်လုံးလေးတွေ ပေကလပ်ပေကလပ်နှင့် ဘွားရွှေလအပြောကို စောင့်ကြည့်နေကြ၏။ ဘွားရွှေလသည် လက်ထဲက ဆေးပေါ့လိပ်ကို ချလိုက်၏။

"ဒီလိုကွဲ့၊ အဲဒီ ကိုခင်မောင်ဆိုတဲ့လူဟာ အတော့ကို ရှုံ့စရာကောင်းတဲ့သူပဲကွဲ့"

"ဗျာ . . . ဘာဖြစ်လို့လဲ ဘွားရွှေလ"



"ဘာဖြစ်ရမှာလဲကွယ်၊ သူနဲ့ပါလာတဲ့မိန်းမကို တို့များ သိထားကြတာ သူ့ရဲ့မိန်းမလို့ပဲ သိထားကြတာကွဲ့၊ ဒါပေမယ့် မဟုတ်ဘူး ကလေးတို့ရဲ့"

"ဟင် . . . ဒါဆို"

"အေး . . . အဲဒီ ကိုခင်မောင်ဟာ ရွာတစ်ရွာမှာ ပဲခွဲစက် ဝင်လုပ်ဖို့ ပိုင်ရှင်ကိုပြောခဲ့တယ်လေ၊ အဲဒီ ပိုင်ရှင်ကလည်း သူ့ကို သနားတာနဲ့ အလုပ်ပေးလိုက်သလို အိပ်ဖို့နေရာလည်း ပေးခဲ့သတဲ့၊ ပြီးတော့ စားဖို့သောက်ဖို့ကအစ လိုလေသေး မရှိအောင် စောင့်ရှောက်ထားခဲ့တာပေါ့ကွယ်၊ အဲဒီလို ကုသိုလ် ကောင်းကောင်းနဲ့နေရတာကို သူက မနေချင်ဘူးလေ"

"ဘာဖြစ်လို့လဲ ဘွားရွှေလ"

"ဘာဖြစ်ရမှာလဲကွဲ့၊ သူ့ကိုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူး ရှင်ကို စော်ကားလို့ပေါ့ကွယ်"

"ဟင် . . . ကျေးဇူးရှင်ကို စော်ကားခဲ့တယ် ဟုတ်လား ဘွားရွှေလ၊ သူက အဲဒီအလုပ်ရှင်ကို ထိုးလိုက်လို့လား"

"အို . . . ချိုတူးကလည်း မဟုတ်တာကွယ်၊ သူစော်ကား တာက ဘာသာတရားဘက်ကကြည့်ကြည့်၊ လူမှုဝတ္တရားပိုင်းက ကြည့်ကြည့် အလွန်ကြောက်စရာကောင်းလှတဲ့ စော်ကားမှု ကြီးပေါ့ကွယ်၊ တစ်နည်းပြောရရင် ကံငါးပါးကို ရဲရဲကြီး ဖောက်ဖျက် ကျူးလွန်လိုက်တာပေါ့ကွယ် . . . "

"ဟင် . . . ဒါဆို ဒီလူဟာ လူမိုက်ကြီးပေါ့နော်"

"အေးပေါ့၊ လူမိုက်လို့ပြောတာထက် လူယုတ်မာလို့တောင် ဘွားရွှေလက ခေါ်ချင်သကွယ်"

"ဘာဖြစ်လို့လဲ ဘွားရွှေလ"

"ဘာဖြစ်ရမှာလဲကွယ်၊ အဲဒီ လူမိုက်ဆိုတာ မသိလို့၊ နားမလည်လို့ ဆိုးမိုက်မိရင် ဆိုးမိုက်မိမှာပေါ့၊ ဒါပေမယ့် အဲဒီ လူမိုက်ကို သိလာအောင် ပြင်လို့ရတယ်ကွဲ့၊ လူယုတ်မာကတော့ သိသိကြီးနဲ့ တစ်ဖက်သားနစ်နာအောင် စီးပွားပျက်အောင်၊ ဒုက္ခရောက်အောင်လုပ်တာမို့ အဲဒီလူဟာ လူမိုက်ထက်ဆိုးတာပေါ့ကွယ် . . ."

"ဟင် . . . ဒါဆို လူယုတ်မာက လူမိုက်ထက် ပိုကြောက်စရာကောင်းတာပေါ့နော် ဘွားရွှေလ"

"ဒါပေါ့ ချိုတူးရယ်၊ အခုလည်း ကိုခင်မောင်ဟာ လူယုတ်မာကြီးကွဲ့ . . ."

"ဟင် . . . ဟုတ်လား"

"ဟုတ်ပ၊ ဘာဖြစ်လို့လည်းဆိုတော့ သူ့ဘဝကို ကယ်တင်စောင့်ရှောက်ထားတဲ့ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းသိပေမယ့် သူဟာ အဲဒီကျေးဇူးရှင်ရဲ့ မိန်းမကို ခိုးယူပေါင်းသင်းလို့ပဲကွဲ့"

"ဟင် . . . ဟုတ်လား"

"ဟုတ်ပ၊ သူ့မိန်းမလို့ ရွာထဲကလူတွေကို ညာပြောထားတာကိုး၊ တကယ်တော့ သူနဲ့ပါလာတဲ့မိန်းမဟာ သူ့ကျေးဇူးရှင်ကြီးရဲ့မိန်းမ၊ သူက ကျေးဇူးရှင်ကြီးမသိအောင် အဲဒီမိန်းမကို ခေါ်ထုတ်လာပြီး ဒီမှာ လင်မယားအဖြစ် ဟန်ဆောင်ပေါင်းသင်းနေတာပေါ့ကွယ်၊ ဒါကြောင့် ကိုခင်မောင်ဟာ မယားခိုးမှုနဲ့ အခုလို အဖမ်းခံရတာပေါ့ကွယ်၊ ဒါလည်း သူများသားမယားကိုပြစ်မှားစော်ကားမှုပေါ့ ကလေးတို့ရဲ့၊ တို့ရဲ့ ဗုဒ္ဓဘာသာမှာတော့ အဲဒီအပြစ်ဟာ ကြီးလေးလှတဲ့အပြစ်ကြီးပေါ့ကွယ်၊ အဲဒီအပြစ်ကို ကျူးလွန်ခဲ့ရင် အဲဒီကျူးလွန်တဲ့လူကို လူတွေအားလုံးက အော့နှလုံးနာလွန်းလို့ လှည့်တောင်မကြည့်ကြဘူးကွဲ့၊ ပြီးတော့ လူရာလည်း မသွင်းတော့ဘူးလေ၊ နောက်တစ်ချက်က အဲဒီအလုပ်လုပ်တဲ့သူဟာ ကြီးလေးတဲ့အပြစ်ဒဏ်ကို ခံရမှာဖြစ်သလို ဘဝအဆက်ဆက်မှာလည်း လူပြန်ဖြစ်ဖို့မလွယ်တော့ဘူးပေါ့ကွယ်၊ ဒါ့ကြောင့် သူများ သားမယားကိုမပြစ်မှားကြနဲ့၊ မစော်ကားကြနဲ့လို့ ပြောချင်တယ်၊ ကြားကြရဲ့လား ကလေးတို့"

"ကြားပါတယ် ဘွားရွှေလ"

"အေး . . . ငယ်ငယ်ကတည်းက ဒီအချက်ကို သိထားဖို့လိုသကွဲ့၊ အဲဒီလိုသိထား စွဲမှတ်ထားမှ ကြီးလာရင် လူကလေးတို့အားလုံး ဒီအမှုကို ရှောင်နိုင်၊ ထိန်းနိုင်မှာပေါ့ကွယ်၊ ကြားကြရဲ့လား"

"ဟုတ်ကဲ့ ဘွားရွှေလ"

"အေး . . . အဲဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဘုရားအလောင်းတော် မဟော်သဓာရဲ့ ဖြတ်ထုံးလေးတစ်ခုအကြောင်း အဘွား မင်းတို့ကို ပြောပြချင်တယ်၊ ခုတော့ စားကြ၊ သောက်ကြဦး . . ."

"ဟုတ်ကဲ့ ဘွားရွှေလ"

သူတို့အားလုံး ဘွားရွှေလ ချပေးသည့် ဖွယ်ဖွယ်ရာရာ များကို စားသောက်လိုက်ကြ၏။ ဘွားရွှေသည် နောက်ဖေး မီးဖိုချောင်ဘက်သို့ ဝင်သွားပြီး တစ်အောင့်အကြာတွင် ပိတ်စိမ်း ပါးဖြူဖြူလေးနှင့် အုပ်ထားသော တောင်းကလေး တစ်တောင်း ယူလာ၏။

မိညက်က စပ်စုမ . . .။ မျက်လုံးလေး ပြူးကြောင် ကြောင်လုပ်ရင်း မေးလိုက်၏။

"ဘာတွေလဲ ဘွားရွှေလ"

"ကောက်ညှင်းပေါင်းလေကွယ်၊ သားတို့၊ သမီးတို့စားဖို့ ဘွားရွှေလပေါင်းထားတာ၊ ပြီးတော့ နေ့ခင်းကမှ ကြော်ထားတဲ့ ငါးကြီးပေါက်ကြော်လေးတွေလည်း ရှိတယ်ကွဲ့"

"ဟာ . . . ပွတာပဲဟေ့၊ ဒါမှ တို့ဘွားရွှေလကွ"

"ဟဲ့ . . . ဖိုးကုလား"

"ဗျာ . . ."

ဖိုးကုလားက အစားပုပ် . . .။ စားစရာကောင်းကောင်း တွေ့ပြီဆိုရင် ခုန်ပေါက်မြူးတူးအော်ဟစ်တတ်သည့် အကျင့် ရှိ၏။ ဘွားရွှေလကား သူ့အကြောင်း နောကျေနေ၏။ ထို့ကြောင့်လည်း မျက်နှာထားတည်တည်နှင့်ခေါ်လိုက်တော့ ဖိုးကုလားတစ်ယောက် နီကျင်ကျင်ဆံပင်ကို တဗျင်းဗျင်းကုတ် ရင်းငြိမ်ကျသွား၏။ ဘွားရွှေလက ဖိုးကုလားကိုကြည့်ရင်း -



"အစားအသောက်မြင်တာနဲ့ အငမ်းမရ ကျွန်ရေမရဖြစ်နေ တာဟာ လုံးလုံးမကောင်းတဲ့အကျင့်စရိုက်ကွဲ့၊ ဘာမဆိုအလွန် အကျွံမဖြစ်စေချင်ဘူးကွဲ့၊ ကြီးလာရင် အဲဒီလိုကျွန်ရေမရဖြစ်တာကို လူတွေမြင်သွားရင် ဘယ်လောက်ရှက်စရာကောင်းသလဲလို့ ဘွားရွှေလပြောတာကြားလား ဖိုးကုလား. . ."

"ကြားပါတယ် ဘွားရွှေလ"

"အေး. . . အေး အဘွားစကားကို မှတ်ထားနော်. . ."

"ဟုတ် ဟုတ်ကဲ့. . ."

ဖိုးကုလား စကားတောင်ရဲရဲမပြောဝံ့။ ထိုအချိန်တွင် ဘွားရွှေလသည် မီးဖိုချောင်ထဲမှ ငါးကြီးပေါက်ကြော် ပန်းကန် လေးယူလာ၏။ ထို့နောက် တောင်းထဲမှပိတ်စိမ်းပါလေးကို ဖွင့်လိုက်ရာ အငွေ့တထောင်းထောင်းထွက်သွားသလို ကောက်ညှင်းပေါင်း ရနံ့ကလေးလည်း သင်းထုံသွား၏။

ဘွားရွှေလသည် ခွက်ကလေးထဲသို့ ဆီအနည်းငယ်လောင်း ထည့်လိုက်ပြီး လက်ဖျားထိပ်ကို ဆီဆွတ်လိုက်ကာ ကောက်ညှင်း ပေါင်းပူပူနွေးနွေးကို တောင်းထဲမှ ပန်းကန်ပြားသုံးလေးချပ် ထဲသို့ ထည့်လိုက်၏။

ထို့နောက် ပန်းကန်များတွင် နှမ်းထောင်းအနည်းငယ်နှင့် ငါးကြီးပေါက်ကြော်များကို ထည့်ပေးလိုက်၏။

"ကဲ . . . စားကြပေတော့"

ဘွားရွှေလ ခွင့်ပြုလိုက်သည်နှင့် သူတို့အားလုံး ကောက်ညှင်း ပေါင်းပူပူနွေးနွေးကို ငါးကြီးပေါက်ကြော် တကျွတ်ကျွတ်ဝါးရင်း စားသောက်လိုက်ကြ၏။

ဖိုးကုလားကတော့ ကောက်ညှင်းပေါင်းတအားကြိုက် သူမို့ ပလုတ်ပလောင်းစားလိုက်၏။ မိညက်ကလည်း ဖိုးကုလား ကိုကြည့်ရင်း ပြုံးစိစိလုပ်နေ၏။

ချိုတူးနှင့် ကွက်ကလေးကလည်း ဖိုးကုလားခြေရာကို မီလုမီနီးပါးပင် . . .။ ပလုတ်ပလောင်းစားရင်း လက်ကလည်း ငါးကျီးပေါက်ကြော်များကို ကိုင်ထားကြ၏။

ဘွားရွှေလမှာ ချိုတူးတို့လူသိုက် စားသောက်နေပုံကို ကြည့်ပြီး ပီတိဖြစ်နေ၏။ ထိုသို့ ကျွေးရမွေးရသည်ကိုလည်း ဘွားရွှေလပျော်၏။

ချိုတူးတို့လူသိုက်ကို ညစဉ် ဘာကျွေးရမလဲပဲ သူ့အတွေး ထဲမှာ ရှိခဲ့၏။ ကလေးတွေအားလုံး သူ့အိမ်မှာပျော်စေချင်၏။ ကလေးတွေအားလုံး သူ့ဆီကို ပျော်ပျော်ရွှင်ရွှင်လာစေချင်၏။ လိုက်ခေါ်ရသည့်အလုပ် ခြိမ်းခြောက်ပြောဆိုရသည့်အလုပ်ကို ဘွားရွှေလ ဘယ်တော့မှမလုပ်ချင် . . .။

ချိုတူးတို့သုံးယောက်က ဆိုးချင် ပေချင်ပေမယ့် ခုလို သူတို့ ပျော်အောင်ထားတော့လည်း လိုက်တောင်ခေါ်စရာ မလို တော့ပါချေ။ ယခုလည်း ချိုတူးတို့လူသိုက် သူ့အိမ်ကို ပျော်စရာ ကောင်းလှသည့်အိမ်ကလေးလို့ပင် သတ်မှတ်ခဲ့ကြပြီ ဖြစ်၏။

သူကလည်း ကလေးတွေ ဘုရားဝတ်ပြုချင်စိတ်ရှိ လာအောင် သူတော်ကောင်းလေးတွေဖြစ်လာအောင် အနု နည်းဖြင့် လမ်းခင်းပြလို၏။



ယခုတော့ ကလေးတွေအားလုံး သူ့ဆန္ဒလမ်းပေါ်သို့ တဖြည်းဖြည်းလျှောက်လာခဲ့ကြပြီဖြစ်ရာ ဘွားရွှေလမှာ ခေါင်းမဖော်နိုင်အောင် မြိန်မြိန်ရှက်ရှက်စားသောက်နေ ကြသော ချိုတူးတို့လူသိုက်ကိုကြည့်ရင်း အကျေနပ်ကြီး ကျေနပ် နေ၏။

တစ်အောင့်အကြာတွင် သူတို့အားလုံး စားသောက်ပြီး ကြသဖြင့် ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းလိုက်ကြပြီး လက်စင်စင်ဆေးကာ အိမ်ရှေ့သို့ ထွက်လာခဲ့ကြ၏။

“ကဲ . . . ထိုင်ကြ၊ ထိုင်ကြ၊ စားလို့ကောင်းကြရဲ့လား”

“ကောင်းပါတယ် ဘွားရွှေလ၊ ဒါမျိုး များများကျွေးပါနော်”

“ကောင်းပါပြီ ဖိုးကုလားရယ်”

“ဟဲ . . . ဟဲ . . . ဟဲ”

ဖိုးကုလားက စပ်ဖြဲဖြဲနှင့် ဘွားရွှေလကို ပြောလိုက်၏။ ဘွားရွှေလသည် ဖိုးကုလား၏ ပခုံးလေးကို ပွတ်သပ်ရင်း နှစ်သိမ့်စကားပြောလိုက်၏။ သူတို့အားလုံးမှာ ဘွားရွှေလဆီ လာရတာကို ပျော်နေကြ၏။

ချိုတူးဆိုလျှင်လည်း အိမ်ကဖခင် အရက်သမားကြီး အကြောင်းကိုပင် မေ့နေပြီဖြစ်၏။ ဘွားရွှေလ၏ ဆုံးမသွန်သင် မှုကို နာခံရင်း လေးစားဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ် ကောင်းလှသော ပုံပြင်အကြောင်းအရာများကို နားထောင်ရင်း အလွန်အမင်း စိတ်ဝင်တစားဖြစ်လာ၏။

ဘွားရွှေလသည် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ရင်း ချိုတူးတို့လူသိုက်ကို ကြည့်လိုက်၏။

"ကဲ . . . မင်းတို့ ဝကြရဲ့လား"

"ဝပါတယ် ဘွားရွှေလ၊ ဟို . . . မဟော်သဓာဖြတ်ထုံး ပြောပြမယ်ဆို . . ."

"အေး . . . ပြောပြမှာပေါ့ကွယ်၊ အဘွားပြောတာကို မင်းတို့ စိတ်ဝင်တစား နားထောင်ကြနော် . . ."

"ဟုတ်ကဲ့ ဘွားရွှေလ"

"အေး . . . အေး နားထောင်ကြကွဲ့၊ ရွာတစ်ရွာမှာ ငနက်ပုလို့ခေါ်တဲ့ အမျိုးသားတစ်ယောက်ရှိသကွဲ့၊ အဲဒီ ငနက်ပုဆိုတဲ့လူဟာ သူနေတဲ့ရွာနဲ့ မနီးမဝေးမှာရှိတဲ့ ရွာကလေးထဲက လယ်ပိုင်ရှင်ရဲ့သမီးလေး မထန်းပင်ကို ချစ်ကြိုက်နေတာပေါ့ကွယ်၊ ဒါ့ကြောင့်လည်း သူဟာ အဲဒီ မထန်းပင်ကို လိုချင်လွန်းလို့ သူ့မိဘများထံမှာ လယ်ကူလီအလုပ်ကို ခုနစ်နှစ်ပတ်လုံး ဆင်းရဲအပင်ပန်းခံပြီး လုပ်လာခဲ့ရသတဲ့၊ ဒါ့ကြောင့်လည်း မထန်းပင်မိဘများက ကိုနက်ပုကို သူတို့သမီးလေး မထန်းပင်နဲ့ပေးစားလိုက်တာပေါ့ကွယ် . . ."

"ဟင် . . . နာမည်တွေက ရယ်စရာကောင်းတယ်နော် ဘွားရွှေလ"

"ဒါပေါ့ကွယ်၊ ဒီလိုနဲ့ သူတို့လင်မယားဟာ မထန်းပင်ရဲ့ မိဘအိမ်မှာ အနေကြာလာတော့ ငနက်ပုဟာ သူတို့ဇနီးမောင်နှံ အိမ်ခွဲပြီးနေချင်လာသတဲ့၊ ဒါ့ကြောင့် ဇနီးသည် မထန်းပင်ကို လှည့်ပတ်ပြီးပြောတာပေါ့ . . ."



"ဘယ်လိုပြောတာလဲ ဘွားရွှေလ"

"ဒီလိုကွဲ့၊ အိုရှင်မ ငါလည်း ငါ့မိဘများအိမ်ကို မရောက်တာကြာပြီကွဲ့၊ ဒါ့ကြောင့် ငါတို့မိဘများအိမ် တစ်လှည့်ပြောင်းနေကြရအောင်လို့ ပြောတာပေါ့ကွယ်၊ ဒီအခါမှာ လင့်စကားကို နားထောင်တဲ့ မထန်းပင်က ငနက်ပုမိဘအိမ်ကို ပြောင်းရွှေ့ဖို့အတွက် သူ့မိဘနှစ်ပါးကို ပြောကြတာပေါ့ကွယ်၊ အဲဒီလိုလည်း ပြောရော မိဘများက မသွားဖို့တားကြတာပေါ့၊ ဒါပေမယ့် သုံးကြိမ်မြောက်ပြောသော်လည်း ပြောမရတော့တာမို့ ခွင့်လွှတ်လိုက်ရတာပေါ့ကွယ်၊ ဒီလိုနဲ့ ငနက်ပုနဲ့မထန်းပင်ဟာ မိဘများကိုကန်တော့ပြီး ထွက်လာကြတာပေါ့ကွယ်၊ အဲဒီလို လာလိုက်ကြတာ သူတို့နှစ်ဦးဟာ ချောင်းငယ်တစ်ခုအနားကို ရောက်လာကြတာပေါ့၊ ဒီအချိန်မှာ ချောင်းကလေးထဲကရေဟာ တိမ်တိမ်ကလေးပဲရှိတယ်ကွဲ့၊ အဲဒီလို တိမ်တိမ်လေးရှိပေမယ့် သူတို့လင်မယားနှစ်ယောက်စလုံးဟာ ကျေးတောသားတွေရယ်မို့ ရေကို တအားကြောက်ကြတာကွဲ့"

"ဟင် . . . သားတို့က ရေမကြောက်ပါဘူး ဘွားရွှေလ"

"သြော် . . . သူတို့က သားတို့လို မြစ်နားချောင်းနား နေကြတာ မဟုတ်ဘူးကွဲ့၊ ကုန်းတွင်းပိုင်းအနေများတာမို့ ရေမြင်ရင် တအားကြောက်ကြတာပေါ့ကွယ် . . ."

"ဟုတ်လား"

"အေးပေါ့ကွယ်၊ ဒီလိုနဲ့ သူတို့နှစ်ဦးသား ရေတိမ်တိမ်လေးရှိတဲ့ ချောင်းကို အနက်ကြီးမှတ်ပြီး မကူးရဲကြဘူးဖြစ်နေကြတာပေါ့ကွယ်၊ ဒါကြောင့်လည်း ချောင်းစပ်က သောင်ပြင်မှာ ကူမယ့်သူကို တမျှော်မျှော်လုပ်နေကြတာပေါ့ကွယ်"

"ရေကို တော်တော်ကြောက်တာပဲနော် ဘွားရွှေလ"

"ဒါပေါ့ကွယ် အဲဒီလို မျှော်နေကြတုန်း ငကျောရှည်လို့ ခေါ်တဲ့ သူဆင်းရဲတစ်ယောက်ဟာ ခရီးသွားရင်း သူတို့လင်မယားရှိရာကို ရောက်လာတာပေါ့ကွယ်"

"ငကျောရှည်ဟာ လူယုတ်မာလား ဘွားရွှေလ"

"ဟာ. . ပိစိကလည်း လျှာရှည်လိုက်တာကွာ၊ ဘွားရွှေလပြောတာနားထောင်မှပေါ့"

"ဟုတ်ပကွာ၊ အကောင်သေးသလောက် အာကြောရှည်တဲ့ ပိစိမ"

"ကြွက်ကလေးနော် နင်တို့မပါနဲ့ ငါ့ဖာသာငါ ဘွားရွှေလကို မေးတာဘာဖြစ်လဲ. . ."

"တော်ကြစမ်းကွယ်၊ အငြင်းမပွားသင့်တာပွားနေကြတယ်၊ ဘွားရွှေလက အမူအရာတွေ ကြမ်းတမ်းတာမကြိုက်ဘူးလို့ ပြောထားတယ်နော်၊ မင်းတို့အားလုံး ကြားကြရဲ့လား. . ."

"ကြားပါတယ် ဘွားရွှေလ သူက. . ."

"တော်တော့ ကြွက်ကလေး"

"ဟုတ်ကဲ့"



ကြွက်ကလေးရော၊ ပိစိမပါငြိမ်ကျသွား၏။ ဘွားရွှေလသည် သူတို့လူစုကိုလှန့်လိုက်ရင်း လည်ပင်းကပုတီးကို ဘုရားစင်တွင် ထ၍ချိတ်လိုက်၏။ ထို့နောက် သူတို့အနားတွင်ကျုံ့ကျုံ့ကလေး ထိုင်လိုက်ပြီး -

"ကဲ. . . ဆက်ပြီးနားထောင်ကြနော်. . ."

"ဟုတ်ကဲ့ ဘွားရွှေလ"

"အေး. . . အဲဒီလိုနဲ့ ချောင်းဆိပ်ကိုရောက်လာတော့ သူတို့လင်မယားဟာ ဝမ်းသာအားရနဲ့ချောင်းကူးဖို့ အကူအညီတောင်းတာပေါ့ကွယ်၊ ငနက်ပုဟာ အဲဒီငကျောရှည်ကိုကြည့်ပြီး အို . . . အသင်ယောက်ျား သည်ချောင်းဟာ ရေနက်သလော၊ ရေတိမ်သလောလို့ မေးတာပေါ့၊ အဲဒီလိုလည်းမေးရော ငကျောရှည်က ငနက်ပုရဲ့ ရိုးအမှုကိုသိတော့ လိမ်ညာပြီးပြောလိုက်သတဲ့. . ."

"ဘယ်လိုပြောတာလဲ ဘွားရွှေလ"

"ဒီလိုကွဲ့ ငကျောရှည်က အပြောညက်ဆိုတော့ အဆွေ ဤမြစ်ကားအလွန်ပင်ရေနက်၏။ ငါးလိပ်၊ ငါးမန်း၊ မိချောင်း၊ လင်းပိုင်စတဲ့ သတ္တဝါတွေရှိတယ်လို့ ပြောလိုက်တာပေါ့"

"ဟင်. . . တကယ်လား ဘွားရွှေလ"

"အို. . . လိမ်ညာပြောတာဆိုမှကွာ"

"ဟုတ်သားပဲ ကြွက်ကလေးရာ"

"မသိလို့ပေါ့ ဖိုးကုလားရဲ့"

"နားထောင်ကြပါကွယ်၊ အဲဒီလိုလိမ်ပြောလိုက်ရော ရိုးသားတဲ့ ငနက်ပုက တကယ်မှတ်ပြီး ဟင်. . . ဒါဆိုအဲဒီ

သတ္တဝါကြီးတွေသာရှိရင် တို့တစ်တွေဘယ်လိုဖြတ်ကူးရပါ့မလဲလို့ ကြောက်ကြောက်ရွံ့ရွံ့နဲ့ မေးတာပေါ့၊ အဲဒီအခါမှာ အကြံသမား ငကျော့ရှည်က အဆွေငါသည်ကား ဤချောင်းထဲ၌ အမြဲတမ်း ဖြတ်သန်းဖြတ်လာရှိခဲ့သည်မို့ မိချောင်းတွေ လင်းပိုင်တွေနဲ့ ခင်မင်ရင်းစွဲရှိပါတယ်၊ ဒါကြောင့် ငါ့ကိုသူတို့ အန္တရာယ်မပေး ကြဘူးလို့ ပြောလိုက်တယ် . . .”

“တော် . . . တော်လည်တဲ့ ငကျော့ရှည်ပဲနော်”

“ဒါပေါ့ကွယ်၊ အဲဒီစကားလည်းကြားရော နေက်ပုက အို . . . မိတ်ဆွေကျွန်ုပ်တို့ဇနီးမောင်နှံအား တစ်ဖက်ကမ်းသို့ ရောက်အောင်ကူညီပါလို့ ပြောတာပေါ့၊ အဲဒီလိုလဲပြောရော ငကျော့ရှည်က သူ့အကြံထဲဝင်လာတာမို့ ကူညီပါ့မယ်လို့ အားတက်သရော ပြောလိုက်တာပေါ့ကွယ်၊ အဲဒီစကားလည်း ကြားရော သူတို့ဇနီးမောင်နှံနှစ်ယောက်စလုံး ဝမ်းသာအားရနဲ့ သူတို့မှာပါလာတဲ့ ဟင်း၊ ထမင်းတွေကို ငကျော့ရှည်ခေါ်ပြီး ဖွယ်ဖွယ်ရာရာထည့် ကျွေးတာပေါ့၊ ပြောရရင်ကူညီမယ်ဆိုတဲ့ စကားကြောင့် ကျေးဇူးတင်လွန်းလို့ပေါ့ကွယ်။ ဒီလိုနဲ့ စားသောက် လည်းပြီးသွားရော ငကျော့ရှည်က သင်တို့ဇနီးမောင်နှံ နှစ်ယောက်အနက် ဘယ်သူ့ကို အရင်ပို့ရမလဲလို့မေးတာပေါ့။ အဲဒီလိုလည်းမေးရော ရိုးသားတဲ့နေက်ပုဟာ သူ့မိန်းမကို အရင် ပို့ပေးဖို့ ပြောတာပေါ့ကွယ်။ သူ့မိန်းမကိုပို့ပြီးမှ သူ့ကိုပို့ပါလို့ အကူအညီတောင်းတာပေါ့။ အဲဒီလိုနဲ့ ငကျော့ရှည်ဟာ သူလို



ချင်တဲ့အကွက်ထဲ ရောက်လာတာမို့ ဝမ်းသာအားရဖြစ်ပြီး နေက်ပုရဲ့မိန်းမကို ပခုံးပေါ် ထမ်းလိုက်သတဲ့၊ အဲဒီနောက် ရေတိမ်ချောင်းလေးထဲကို နက်သယောင်ဟန်ပြပြီး ဆင်းသွား တာပေါ့ကွယ်”

“ဘယ်လိုသွားတာလည်း ဘွားရွှေလ”

“အေး . . . မိညက်မေးလည်း မေးထိုက်တာပေါ့။ ရေတိမ် တိမ်လေးကို နက်သယောင်ဟန်ပြသွားတာ ဘယ်လိုသွား သလဲဆိုတော့ ဆောင့်ကြောင့်ထိုင်ပြီး သွားတာပေါ့ကွယ်”

“ဟုတ်လား တော်တော်လည်တာပဲနော်”

“လူယုတ်မာပဲကွယ် လည်တာပေါ့”

“အင်းနော် . . . ဘွားရွှေလ”

“ဒါပေါ့ကွယ်၊ အဲဒီလိုသွားနေတာ ဟိုတစ်ဘက်ချောင်းစပ် မှာရပ်နေတဲ့ နေက်ပုမြင်တော့ ဩော် . . . သူလိုအရပ်မြင့်တဲ့ လူတောင် ရေက လည်ပင်းနားရောက်နေရင် ငါလိုလူပုဇက်တို အဖို့တော့ သျှောင်များတောင်ပေါ် မှာမဟုတ်ဘူးလို့ တွေးပူမိ သတဲ့။ အဲဒီအချိန်မှာ ငကျော့ရှည်ဟာ သူ့ပခုံးပေါ် လာတဲ့မိန်းမကို မြစ်လယ်အရောက်မှာ အို . . . . အမျိုးကောင်းသမီး ဘာ့ကြောင့်များ ပုကွကွယောကျ်ားနဲ့ ပေါင်းနေရပါလိမ့်၊ သင့်ယောကျ်ားရဲ့ အဆင်းသဏ္ဍာန်ဟာ နှစ်သက်ဖွယ်ရာ မရှိ ပါဘူး။ အမျိုးစည်းစိမ်လည်း ရှိမယ်မထင်ပါဘူး။ သင် အဲဒီလို ယောကျ်ားနဲ့နေလို့ ဘာများအကျိုးထူးမှာလဲလို့ မေးတာပေါ့။ ပြီးတော့ ငကျော့ရှည်က မြူဆွယ်တဲ့အမူအရာနဲ့ အို . . .

အမျိုးသမီး သင်ဟာ မြင့်မြင့်သွယ်သွယ် ရှုဖွယ်သောကိုယ်ဟန် လည်းရှိ၏။ သင့်အိမ်သားက မည်းမည်းကွကွရှိသည်မို့ ဘယ်လိုမှမတင့်တယ်ပါဘူးလို့ ဆိုသတဲ့။ ပြီးတော့ ဘာဆက်ပြောပြန်သလဲဆိုတော့ အကယ်၍ အကျွန်ုပ်ကိုသာချစ်ကြင်နာပါက သင့်ကို တယောင်တဆောင်ထားလို့ ရွှေအပြည့်၊ ငွေအပြည့်နဲ့ ဖြစ်စေရပါမယ်လို့ မြူဆွယ်ပြောတာပေါ့ကွယ်။ အဲဒီစကားလည်းကြားရော နက်ပုမိန်းမဟာ သူ့လှည့်ကွက်ထဲဝင်သွားပြီး သဘောတူ ခေါင်းညိတ်လိုက်တာပေါ့ကွယ်။ သင့်စကားသာမှန်ရင် သင့်နောက်ကိုလိုက်ပါ့မယ်လို့ ပြောလိုက်တာပေါ့. . . ”

“ဟင်. . . နက်ပု မိန်းမကလည်း သစ္စာမရှိလိုက်တာနော် ဘွားရွှေလ”

“ဒါပေါ့ကွယ်၊ သစ္စာပျက်ယိုယွင်းလှတဲ့မိန်းမလို့ ဆိုရမှာပေါ့ကွယ်”

“ဟုတ်တယ်နော် ဘွားရွှေလ”

“အေးကွဲ့၊ အဲဒီလိုနဲ့ သူတို့နှစ်ယောက် စိတ်တူသဘောတူ ညှိနှိုင်းပြီး တစ်ဘက်ကမ်းကိုရောက်သွားကြတာပေါ့။ အဲဒီလို ချောင်းတစ်ဘက်လည်းရောက်ရော နက်ပုကို လှည့်တောင်မကြည့်တော့ဘဲ ထွက်သွားကြတာပေါ့ကွယ်”

“ရက်စက်လိုက်တာနော် ဘွားရွှေလ”

“ဒါပေါ့ကွယ်၊ အဲဒီမြင်ကွင်းလည်းမြင်ရော နက်ပုခမျာ ချောင်းတစ်ဘက်ဆိပ်မှာ ရှူးမတတ်အော်ဟစ်ခုန်ပေါက်နေတာပေါ့။ ‘ကျုပ် မိန်းမခိုးသွားပြီ လုပ်ကြပါဦး’ လို့ အော်ဟစ်နေတာပေါ့။ အဲဒီလိုအော်ရင်းက ချောက်ချောက်ချားချားဖြစ်လာသတဲ့။ သူ့မိန်းမ မရှိရင် သူလည်းမနေချင်တော့ဘူး။ ဒါကြောင့် ချောင်းထဲခုန်ချပြီး သေတော့မယ်လို့ ကြံတာပေါ့ကွယ်. . . ”



“သနားပါတယ်နော် ဘွားရွှေလ”

“အေးပေါ့ကွယ်၊ နက်ပုက လူရိုးကြီးကိုးကွယ့်၊ ဒါ့ကြောင့် အူနုကျွဲခတ်သလို ခံစားနေရတာပေါ့ကွယ်၊ နောက်ဆုံးတော့ သူ့မိန်းမမရှိတော့တာမို့ ချောင်းထဲကို သေချင်သေပါစေတော့ ဆိုပြီး ခုန်ချလိုက်တာပေါ့. . . ”

“ဟင်. . . ချောင်းက တိမ်တိမ်းလေးပဲ အဘွားရဲ့”

“အေးပေါ့ကွဲ့၊ အဲဒီလိုချောင်းထဲခုန်ချလိုက်ပေမယ့် ရေက သူ့ခြေသလုံးလောက်ပဲရှိတာမို့ သူ အညာခံလိုက်ရပြီဆိုတာ သိတာပေါ့ကွယ်”

“ဟား. . . ဟား နက်ပုက အကြောက်ကြီးတာကိုး”

“ဒါပေါ့ ဖိုးကုလားရဲ့၊ အဲဒီလို ရေတိမ်မှန်းလည်းသိရော သူဟာ ချောင်းကိုဖြတ်ပြီး စောစောက ထွက်သွားတဲ့ ငကျော့ရှည်တို့နောက်ကို မယားခိုး၊ မယားခိုးဆိုပြီး အော်လိုက်တာပေါ့။ အဲဒီလိုလိုက်ရင်းလိုက်ရင်းနဲ့ နောက်ဆုံးတော့ သူတို့နှစ်ယောက်ကို မီလာတဲ့အခါမှာ ငကျော့ရှည်ကို ရန်လုပ်တာပေါ့။ ဒါပေမယ့် လူလိမ် ငကျော့ရှည်က ‘ဘာတွေလာပြောနေတာလဲ ဒီမိန်းမက ကျုပ်မိန်းမဗျ’ လို့ ဇွတ်ငြင်းလိုက်တာပေါ့”

“ရှက်စရာကြီးနော် ဘွားရွှေလ”

"ဒါပေါ့ကွယ်၊ သူက လူလိမ်ဆိုတော့ ဘယ်ရှက်ပါ့မလဲကွယ်။ အဲဒီလိုနဲ့ သူ့မိန်းမကို အတင်းပြန်ခေါ်မယ်လုပ်တော့လည်း မယားလုပ်သူက 'အို . . . ဟောဒီငကျောရှည်ဟာ ကျွန်မရဲ့ ခင်ပွန်းပါ၊ ရှင်ဟာ ကျွန်မခင်ပွန်းမဟုတ်ပါဘူးလို့ ပြောင်ပြော လွှတ်သတဲ့၊ အဲဒီလိုနဲ့ ငကျောရှည်နဲ့ ငနက်ပုတို့ဟာ သူ့မယား ကိုယ့်မယားလုရင်း နောက်ဆုံးတော့ ဘုရားအလောင်း မဟော်သဓာသုခမိန်ရှိတဲ့အရပ်ကို ရောက်သွားတာပေါ့။ ဒီအခါမှာ ရွာသူရွာသားတွေကလည်း သုခမိန်ကြီး ဘယ်လိုဆုံးဖြတ် ပါ့မလဲလို့လာပြီး ကြည့်ရှုကြတာပေါ့ကွယ်။ အဲဒီလို ကြည့်ရှု နေကြတုန်း မဟော်သဓာသုခမိန်ကြီးက သူတို့သုံးယောက်ကို တစ်ကွဲစီခွဲပြီး စစ်မေးတာပေါ့။ ဦးဆုံး သုခမိန်က ငကျောရှည်ကို ပရိသတ်ရှေ့မှာ သက်သေထားပြီး သင့်ဇနီးနာမည်က ဘယ်သူလဲ၊ ဘယ်ရွာကလဲ သူ့မိဘတွေကဘယ်သူလဲလို့ မေးတာပေါ့။ အဲဒီလိုလည်းမေးရော တစ်ခဏအတွင်းမှာတွေ့ရတဲ့ မိန်းမမို့ ငကျောရှည်ဟာ ဘယ်သူဘယ်ဝါမှန်းမသိ၊ ဘယ်မှာနေမှန်း မသိဖြစ်နေသတဲ့။ ဒါကြောင့် သူက ထင်ရာတွေစွတ်ပြောပြီး ဖြေတာပေါ့ကွယ်"

"တော်တော်အရှက်မရှိတဲ့ လူယုတ်မာပဲနော် ဘွားရွှေလ"

"ဒါပေါ့ကွယ်၊ အဲဒီလိုမေးပြီးတော့ ငနက်ပုကို မေးပြန်သတဲ့၊ ငနက်ပုကတော့ ရိုးသားဖြောင့်မတ်တဲ့သူဖြစ်တယ်။ ပြီးတော့ အမှန်တကယ်ယောကျ်ားဖြစ်ခဲ့သမို့ ဘယ်မှာနေတာကအစ ပြောလိုက်တာပေါ့။ ဒီအခါမှာ သူတို့နှစ်ဦးပြောတဲ့အချက်



အလက်တွေကိုမှတ်ပြီး၊ နောက်ဆုံးတော့ သစ္စာမရှိတဲ့မိန်းမကို မေးတာပေါ့။ ဒီအခါမှာ အဲဒီအမျိုးသမီးက သူ့အမည်၊ သူ့နေရပ်၊ သူ့မိဘတွေရဲ့အမည်ကိုပါ ပြောပြတာပေါ့. . ."

"ဒါဆို. . . ဟိုလူ လူလိမ်ဆိုတာ ပေါ်ပြီပေါ့နော်. . ."

"ဒါပေါ့ ကြွက်ကလေးရယ်၊ ဒီအခါမှာ စောစောက ငနက်ပုနဲ့ ငကျောရှည်တို့ရဲ့ စကားတွေကို ပရိသတ်ကမှတ်သား ထားတာကိုး၊ ခုပြောပြတဲ့ အမျိုးသမီးရဲ့စကားနဲ့ တိုက်ဆိုင်စစ် ဆေးကြည့်ဖို့ သုခမိန်လေးက ပြောလိုက်တော့ ပရိသတ် အားလုံးက ငကျောရှည်ကို မယားခိုးလို့ ဝိုင်းပြီးပြောကြတာ ပေါ့ကွယ်။ ဒီအခါမှာ ငကျောရှည်လည်း မငြင်းတော့ဘဲ ဝန်ခံလိုက်ရတာပေါ့။ ဒီအခါမှာ သူများသားမယားကို ပြစ်မှား ဖို့ကျူးလွန်တဲ့ ငကျောရှည်ကို အပြစ်ပေးလိုက်တာပေါ့ကွယ်။ ကဲ . . ဒါကတော့ သူများသားမယားကို ပြစ်မှားရင် ဘယ်တော့မှ လိမ်လို့ညာလို့မရဘူး။ အပြစ်ရမှာ သေချာတယ်ဆိုတဲ့အကြောင်း အရာပဲကွယ့်။ ကဲ. . . မင်းတို့နားလည်ကြပြီလား. . ."

"နားလည်ပါပြီ ဘွားရွှေလ"

"အေး . . . နောက်တစ်ခုပြောချင်တာကတော့ တို့ရွာမှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက လေးစားလောက်တဲ့လူ တစ်ယောက်အကြောင်းကို ပြောချင်တာကွဲ့"

"ဘယ်သူလဲ ဘွားရွှေလ"

"အေး . . သူကတော့ မရှိတော့ဘူးပေါ့ကွယ်၊ နာမည်က မောင်သီလတဲ့၊ သူက ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ ကံငါးပါးကို

ခါးဝတ်ပုဆိုးလို မြဲသပေါ့ကွယ်၊ သူ့အကြောင်း တို့ရွာရော၊ တခြားရွာတွေမှာပါ ပြောလို့မဆုံးဘူးကွယ်၊ အေး . . . . ဒီ မောင်သီလလေးအကြောင်းက ဒီလိုကွဲ့”

ဘွားရွှေလသည် ပြောလက်စ စကားကိုရပ်နားရင်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်၏။ ထို့နောက် သူ့စကားကို ဆက်လိုက်၏။

“မောင်သီလမှာ ငယ်ငယ်ကတည်းက ချစ်ရမယ့်ချစ်သူရှိတယ်ကွဲ့၊ သူကလေးရဲ့ နာမည်ကတော့ မြဉမ္မာတဲ့၊ သိပ်လှ၊ သိပ်ချောတဲ့မိန်းကလေးပေါ့ကွယ်၊ ဒါပေမယ့် တစ်ခုရှိတာက မောင်သီလလေးဟာ အရမ်းကို ဆင်းရဲတာကွဲ့၊ သူဟာ မြဉမ္မာတို့ရဲ့အဖေပိုင်တဲ့အလုပ်မှာဝင်ပြီး အလုပ်လုပ်ရတာကွဲ့၊ ဒီတော့ မြဉမ္မာမိဘတွေက မောင်သီလနဲ့သဘောမတူဘူးပေါ့ကွယ်၊ ဒါကြောင့်လည်း မြဉမ္မာမိဘတွေဟာ တခြားရွာက သူဌေးသားတစ်ဦးနဲ့ ထိမ်းမြားပေးဖို့ စီစဉ်သတဲ့”

“ဟင် . . . ဒါဆို မောင်သီလလေး သနားပါတယ် ဘွားရွှေလရယ်နော်”

“အေးပေါ့ကွယ်၊ မောင်သီလခမျာ ကျေးဇူးရှင်မို့ ပြန်မပြောရဲတာနဲ့ သူဟာ ချစ်သူကို တစ်ပါးလက်ထဲအပ်ရမှာဆိုတော့ ရင်နာလို့မဆုံးဘူးပေါ့ကွယ်၊ ဒါကြောင့် အဲဒီနေ့မှာပဲ မောင်သီလလေးပျောက်သွားသတဲ့ . . .”

“ဟုတ်လား ဘွားရွှေလ”

“အေး . . . အဲဒီလိုပျောက်သွားတော့ မြဉမ္မာခမျာ မချစ်မနှစ်သက်သူကို ယူလိုက်ရတာပေါ့၊ အဲဒီလို ယူလိုက်ရတဲ့



အခါမှာ ယောက်ျားက တအားဆိုးတာကွဲ့၊ အရက်ကို မိုးမွှန်အောင်သောက်၊ လောင်းကစားလုပ်၊ ကြက်တိုက်နဲ့ မကောင်းမှုမှန်သမျှအကုန်လုပ်တာပေါ့၊ ဒီလိုနဲ့ ပေပေတေတေလုပ်လွန်းတော့ မကြာခင်မှာပဲ လောင်းကစားပွဲတစ်ခုမှာ တစ်ပါးသူရဲ့လက်ချက်နဲ့ ဆုံးပါးခဲ့ရတယ်၊ ပြောရရင် မြဉမ္မာဟာ မောင်သီလကို ရှာခဲ့တာပေါ့၊ အဲဒီလို ရှာရင်း ရှာရင်း တစ်နေ့တော့ မြစ်ဆိပ်ဘက်အရောက်မှာ လှေတစ်စင်းလုံး ငှားပြီး တစ်ဖက်ကမ်းကူးဖို့ပြင်သတဲ့၊ အဲဒီလိုနဲ့ လှေကလေး စီးအလာမှာ မြစ်လယ်ရောက်တော့ မြဉမ္မာက သူ့အကြောင်း တချို့တစ်ဝက်ကို လှေသမားကြီးသိအောင် ပြောပြလိုက်တာပေါ့၊ ဒီအခါမှာ လှေသမားကြီးက သူ့ခေါင်းပေါ်က ခမောက်ကြီးကို ချွတ်ပြလိုက်တော့ မောင်သီလဖြစ်နေမှန်း မြဉမ္မာသိသွားသတဲ့”

“ဒါဆို သူ့တို့နှစ်ယောက် သိပ်ဝမ်းသာသွားမှာပေါ့နော် ဘွားရွှေလ”

“ဒါပေါ့ကွယ်၊ ဒါပေမယ့် မြဉမ္မာက သူ့ယောက်ျားဆုံးသွားတာကို ထည့်မပြောခဲ့ဘူးကွဲ့၊ ဒါကြောင့် မောင်သီလက ချစ်သူအပေါ် လိုက်လိုက်လျောလျောမဆက်ဆံဝံ့ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ငါးပါးသီလကို အမြဲတမ်းစောင့်ထိန်းခဲ့လို့ပေါ့ကွယ်၊ ဒီလိုနဲ့ မြဉမ္မာက မောင်သီလကို ‘ရှင် ကျွန်မကိုချစ်သေးလား၊ ကျွန်မနဲ့အတူ မနေချင်ဘူးလား’ နဲ့ မေးတော့ မောင်သီလက တစ်ခွန်းမှပြန်မပြောဘူးကွဲ့၊ ဒီအခါမှာ မြဉမ္မာက စိတ်ဆိုးလာပြီး ရှင် ဒီလောက်တောင် စိမ်းကားလွန်းရင် ကျွန်မ မြစ်ထဲ

ခုန်ချသတ်သေမယ်လို့ပြောတော့ မောင်သီလက မြဥမ္မာလေးကို ကြည့်ပြီး မင်း သတ်သေစရာမလိုဘူး၊ မင်းက ငါ့ကို အတူမနေချင်ဘူးလားလို့ မေးခဲ့တယ်၊ အမှန်တော့ ကိုယ့်ချစ်သူနဲ့နေချင်တာပါပဲ၊ ဒါပေမယ့် မသင့်တော်တော့တာမို့ ငါပဲ မြစ်ထဲခုန်ချလိုက်ပါမယ် ပြောပြီး မြစ်ထဲကို ဝုန်းခနဲခုန်ချဆင်းသွားတာ ပြန်ကို ပေါ်မလာတော့ဘူးကွယ်"

"ဟင် . . . ဒါဆို မောင်သီလလေးက အဖြစ်မှန်ကို မသိဘဲ သက်သက်မဲ့ သေသွားတာပေါ့နော် အဘွား"

"ဒါပေါ့ကွယ်၊ ဒါပေမယ့် သူဟာ ငါးပါးသီလကို အသက်ထက်ပိုပြီး တန်ဖိုးထားသူမို့ သူများ သားမယားကို မစော်ကားဝံ့ဘူး၊ ဒါကြောင့် အသက်သာ အသေခံမယ်ဆိုပြီး အခုလို လုပ်သွားတာပေါ့ကွယ်၊ ဒါ့ကြောင့်လည်း သူ့ချစ်သူရော၊ ရွာနီးချုပ်စပ်ကလူတွေရော မောင်သီလကို တကယ့်သူတော်ကောင်းလေးဆိုပြီး ပြောစမှတ် ပြုခဲ့ကြတာပေါ့ကွယ်၊ ဒါကြောင့် လောကမှာ ဘွားရွှေလပြောတဲ့အချက်တွေသာ လုံလုံခြုံခြုံ စောင့်ထိန်းရင် သူတော်ကောင်းလေးတွေ ကျိန်းသေဖြစ်ကြမှာပဲကွဲ့၊ ဘွားရွှေလပြောတာ မှတ်မိကြလား"

"မှတ်မိပါတယ် ဘွားရွှေလ"

"အေး . . . ဒီနေ့တော့ ဒီလောက်နဲ့ပဲ ရပ်ကြတာပေါ့ကွယ်၊ နောက်ကျမှပဲ ပဥ္စမလရောင်ဖြစ်တဲ့ သူရာမေရယ ဆိုတဲ့ သေရည်သေရက်ကို မသုံးစွဲသင့်ဘူးဆိုတဲ့အကြောင်း ပြောပြမယ်နော် . . ."



"ကဲ . . . ဒီတော့ ဟောဒီ သံပေါက်ကလေးကို လိုက်ဆိုကြစမ်း . . ."

"ဟုတ်ကဲ့ အဘွား"

ဘွားရွှေလသည် သူတစ်ပါးသားမယားကို မပြစ်မှားရ ဆိုတဲ့အချက်နဲ့ပတ်သက်ပြီး သံပေါက်ကို အောက်ပါအတိုင်း ရွတ်ပြလိုက်လေ၏။

**F သူတစ်ပါးအိမ်သူ မပြစ်မှားနဲ့**
**ဒုက္ခခါးခါး တွေ့တတ်တယ် . . . ။**
**F ကိုယ်စိတ်ဖြူစင် အမြင်မှန်တွေးလို့**
**သတိတရားလေး ထားရမယ် . . . ။**
**F ကောင်းကျိုးမြော်မြင် မမှောက်မှားနဲ့**
**သောကများစွာ တွေ့တတ်တယ် . . . ။**
**F ကိုယ်ကျင့်တည်ကြည် သီလမြဲမှ**
**ဝဋ်ငရဲက လွတ်လိမ့်မယ် . . . ။**
**F မှတ်ကွယ် . . . မှတ်ကွယ် . . . ။**

သူတို့အားလုံး ဘွားရွှေလ၏ သံပေါက်ကလေးကို သုံးလေးခေါက်ပြိုင်တူ အလွတ်ဆိုကြပြီးနောက် ဘွားရွှေလကို ကန်တော့လိုက်ကြ၏။

ထိုအချိန်တွင် ရွာထိပ် အုန်းမောင်းသံကလည်း ခေါက်ပြီမို့ ဘွားရွှေလကို နှုတ်ဆက်လိုက်၏။

"ဘွားရွှေလ သွားမယ်နော် . . ."

"အေး . . . အေး . . . သွားကြ၊ သွားကြ၊ ဘွားရွှေလ ပြောတဲ့အချက်တွေ မမေ့ကြနဲ့နော် . . . "

"ဟုတ်ကဲ့ပါ ဘွားရွှေလ"

သူတို့အားလုံး ဘွားရွှေလကို နှုတ်ဆက်ကာ ပြန်ခဲ့ကြလေတော့သည်။ ။

♦♦♦♦♦♦♦♦♦♦♦

# ပဥ္စမလရောင်

**သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်က အပြန် အကျိုးတည်း။ ။**

**အရှင်ဇနကာဘိဝံသ**
**အမရပူရတောင်မြို့ဆရာတော်**

ဖိုးကုလားသည် ဖခင်ကြီးအလစ်တွင် အိမ်ခြေရင်းတွင် ထောင်ထားသော အရက်ပုလင်းကို ယူလိုက်၏။ အရက်က လက်လေးသစ်ခန့်ရှိသေးသည်။ သူသည် အရက်ပုလင်းကို အင်္ကျီအောက်ဝှက်ကာ အိမ်အပြင်သို့ အလျင်အမြန်ထွက်လိုက်၏။

အပြင်ရောက်သည်နှင့် နွားတင်းကုပ်ဘက်သို့ ခပ်သွက်သွက်လျှောက်ခဲ့၏။

"ကတော် . . . ကတော် . . . "

"ဟဲ့ . . . ကြက်နီလေး မအော်စမ်းနဲ့ကွာ၊ မင်းကို ငါက သတ္တိရှိအောင် လုပ်မလို့ကွ"

"ကတော် . . . ကတော် . . . "

နွားစာခွက်နောက်ဘက် ထုတ်တန်းပေါ်တွင် ကြက်ဖလေး တစ်ကောင် ဝပ်နေ၏။ လည်ဆံမွေးတဖွားဖွားနှင့်အရောင်က ကြေးနီရောင်သန်းနေ၏။ ဖိုးကုလားကို မြင်တော့ ကတော် . . ကတော် လုပ်ကာ အသံပေးလိုက်သဖြင့် သူက ဟန့်လိုက်၏။

ထို့နောက် ကြက်ဖလေးကို အသာအယာဖမ်းယူလိုက်ပြီး ဟိုဟိုဒီဒီကြည့်လိုက်၏။ အိမ်ကလူတွေ ပေါင်းထိုးက ပြန်မလာ ကြသေး။ အဖေကတော့ ရေစည်တိုက်ဖို့ အိမ်ဝိုင်းအရှေ့ ဘက်တွင် လှည်းပြင်နေ၏။ ဖိုးကုလားအဖေက ချိုတူးအဖေနှင့် နင်လား၊ ငါလားပင် အရက်ကို တစွတ်စွတ်သောက်တတ်၏။ ယခုလည်း အိမ်ထဲဝင်ပြီး တစ်ခွက်ငှဲ့သောက်ကာ ရေစည် တိုက်ဖို့ ပြင်ဆင်နေ၏။

ဖိုးကုလားသည် သူ့ဖခင် အရက်ပုလင်းထားတတ်သည့် နေရာကို မှတ်ထား၏။ စိတ်ထဲတွင် အရက်နှင့်ပတ်သက်ပြီး အထူးအဆန်းခံစားနေရ၏။ အရက်သောက်သည့်လူတိုင်း မူးလာလျှင် အော်ကျယ်အော်ကျယ်ပြောတတ်သလို တွေ့သမျှ လူကို ရိုက်မယ် ပုတ်မယ်နှင့် လူမိုက်ကြီးတစ်ယောက်ဖြစ်သွား တတ်သည်ကို ဖိုးကုလား မကြာခဏမြင်ဖူးခဲ့၏။

ကြက်ပေါက်ဆိုသော်လည်း လွန်းကလေးက ရင်အုပ် ကားကား၊ လည်ဆံမွေးဖွားဖွား ဒေါက်ကလည်း ပေမီဒေါက်မီ အတက်ကလည်း ထွက်ကာစပေမယ့် သူနေ့တိုင်း ပုလင်းကွဲ လေးနှင့် ချွန်ပေးထားသဖြင့် ချွန်ထက်နေ၏။ နှုတ်သီးကလည်း သိန်းစွန်တစ်ကောင်အလားပင်။ သို့ပေသိ တွေ့သမျှကြက်



တွေကို လွန်းကလေး ခေါင်းထိုးခံပြီး ထွက်ပြေးနေတာကို ဖိုးကုလား အလိုမကျ။ အဆိုးဆုံးက ကြက်ဖတွေကို လွန်းကလေး မြင်တာနှင့် ကြောက်ချေးပါနေတတ်သဖြင့် ဖိုးကုလား အားမရ . . . ။

ထို့ကြောင့်လည်း လူတွေသောက်နေသည့်အရက်ကို လွန်းကလေးအားတိုက်ဖို့ ကြံစည်နေခြင်းဖြစ်၏။ လူတွေလိုပဲ လွန်းကလေးလည်း မိုက်တိုက်တိုက်ဖြစ်လာလိမ့်မည်ဟု ဖိုးကုလား အယုံကြီးယုံနေ၏။

ယခုလည်း လွန်းကလေးကို ရင်ခွင်ထဲထည့်လိုက်ကာ ယူလာသည့် ပုလင်းအဖုံးကို ဖွင့်၍ လက်ညှိုးကလေးနှင့် ပိတ်လိုက်ပြီး လွန်းကလေး ပါးစပ်ထဲ လောင်းထည့်လိုက်၏။

အရက်ဝင်သွားသည်နှင့် လွန်းကလေးမှာ တဖူးဖူးဖြစ် နေ၏။ မြင်ကွင်းကြောင့် ဖိုးကုလား ဒေါသ ဖြစ်နေ၏။ လွန်းကလေး ဘာကြောင့်များ ခေါင်းတခါခါလုပ်နေရပါလိမ့် စဉ်းစားလို့မရ . . . ။

နောက်ဆုံး နှုတ်သီးကို အတင်းဖြဲပြီးတိုက်ချလိုက်၏။

"ဟော့ကောင် လွန်းကလေး မင်းကြက်မိုက်ကြီးဖြစ်သွား အောင်လုပ်တာကွ၊ အရက်ဝင်သွားရင် မင်းသတ္တိရှိလာမှာ ပေါ့ကွ၊ ဒီတော့ မင်းကို လိုက်လိုက်ခွပ်နေတဲ့ ကောင်ကြီးတွေကို ပြန်ဆော်လိုက်စမ်း၊ ကြားလား . . ."

ဖိုးကုလား လွန်းကလေးနားကပ်ပြီး တီးတိုးပြောလိုက်၏။ သူ့စကားကို လွန်းကလေးသည် နားလည်ပုံမရ။ ခေါင်းတခါခါနှင့် တအွတ်အွတ်အော်ဟစ်နေ၏။

"ဘာဖြစ်တာလဲ လွန်းကလေးရ မူးလာပြီလား၊ အေး. . ဒါမှ မင်းသတ္တိရှိလာမှာကွ"

လွန်းကလေးကိုကြည့်ပြီး ဖိုးကုလား သဘောကျနေ၏။ ထိုစဉ် လွန်းကလေးသည် ဖိုးကုလားရင်ခွင်ထဲမှ ဖျတ်ခနဲခုန်ထွက်လိုက်၏။

"ဘာ. . . ဘာဖြစ်တာလဲကွ"

မြင်ကွင်းကြောင့် ဖိုးကုလား အံ့သြသွား၏။ လွန်းကလေးသည်တောင်ပံကို တဖျပ်ဖျပ်ခတ်ရင်း သံသေးသံကြောင်နှင့် တွန်လိုက်၏။ ဖိုးကုလားမှာ လွန်းကလေးအသွင်သဏ္ဍာန်ကြောင့် ဝမ်းသာအားရဖြစ်သွား၏။

"ဟုတ်ပြီကွ ဒါမှ လွန်းကလေးကွ လာ. . . လာ"

"ကတော်. . . ကတော်"

"လာပါကွ"

လွန်းကလေးသည် သူ့ကိုစောင်းငန်းစောင်းငန်းလုပ်နေ၏။ ဖိုးကုလားသည် လွန်းကလေးအနားသို့ ကပ်ကာ ဖမ်းမည် လုပ်လိုက်၏။

"ကော်. . . ကော်. . . ကတော်"

"ဟော့ကောင်. . . "

"ဝုစ် ဖောင်း. . . ဖောင်း. . . "



"အောင်မယ်လေးဗျ. . . "

အနားကပ်လာသည်နှင့် ယိုင်တိယိုင်ထိုးဖြစ်နေသော လွန်းကလေးက သူ့ကိုနှုတ်သီးဖြင့်လှမ်းပေါက်ခါ ဖျတ်ခနဲခုန်ခွပ်လိုက်၏။ ရုတ်တရက်မို့ ဖိုးကုလားမရှောင်သာ။ နောက်သို့ပက်လက်လန်လဲကျသွား၏။ လွန်းကလေးသည် တကော်ကော်အော်ရင်း စည်းရိုးဘေးရှိ ချုံပုတ်ထဲသို့ ပြေးဝင်သွား၏။ ထိုစဉ် ဖိုးကုလားဖခင်မှာ ရေစည်တိုက်ထွက်မည့်အလုပ်တွင် သားဖြစ်သူ၏အော်သံကြောင့် စိတ်ပူသွား၏။

"ဟော့ကောင်. . . ဖိုးကုလား ဘာဖြစ်တာလဲကွ"

"အား. . . ကျွတ် ကျွတ်"

"ဟာ. . . ဒီကောင် ဘာဖြစ်ပါလိမ့်"

ဖခင်ဖြစ်သူ ကိုပေတိုးသည် ဖိုးကုလားအသံကို နွားတင်းကုပ်ထဲမှကြားလိုက်ရသဖြင့် စိုးရိမ်သွား၏။ ထို့ကြောင့် လှည်းပေါ်မှလွှားခနဲခုန်ဆင်းလိုက်ပြီး အပြေးရောက်လာ၏။

"ဟော့. . . ဟော့ ဖိုးကုလား ဘာဖြစ်တာလဲ"

"ဟို. . . ဟို လွန်းကလေး ခွပ်လို့"

"ဘာကွ"

"ဟုတ်တယ်အဖေရ၊ ကျွန်တော့်ကို လွန်းကလေးခွပ်လို့ဗျ"

"ဟာ. . . ဒီကောင် မဟုတ်တာတွေ ပြောပြန်ပြီကွာ၊ မင်း ကြက်ကသတ္တိရှိတဲ့ကောင်မှမဟုတ်တာ"

"အဖေကလည်းဗျာ ကျုပ်ပြောတာ ယုံစမ်းပါ"

"ခု လွန်းကလေး ဘယ်မှာလဲ"

"ဟို. . . ဟို ဘယ်ရောက်သွားလည်း မသိဘူးဗျ. . ."

သူတို့သားအဖ လွန်းကလေးကို တစ်ဝိုင်းလုံးလှည့်ပတ်၍ ရှာကြည့်စဉ် လွန်းကလေးမှာ ရွာလမ်းမပေါ်သို့ ရောက်လာ၏။ ထိုစဉ် သူ့ကို အမြဲတမ်းအနိုင်ကျင့်တတ်သော ကြက်သားအုပ်မကြီးကိုတွေ့လိုက်သဖြင့် အတင်းပြေးဝင်ခွပ်လိုက်၏။ ကြက်မကြီးမှာ လွန်းကလေး၏ တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားသလို ကလေးတွေအားလုံးလည်း တောင်ပြေး၊ မြောက်ပြေးနှင့် အော်ဟစ်ဆူညံကုန်၏။

ထိုအသံကြောင့် ကြက်သားအုပ်မပိုင်ရှင် ဒေါ်လုံးတင်ကြီး တစ်ယောက်ပြေးဆင်းလာပြီး လွန်းကလေးကို အတင်းလိုက်ရိုက်၏။ လွန်းကလေးက သူ့အနားတုတ်တစ်ချောင်းနှင့်ရောက်လာသော ဒေါ်လုံးတင်၏ ရိုက်ချက်ကို ရှောင်တိမ်းလိုက်ပြီး အလစ်တွင် ပြေးခွပ်လိုက်၏။

"ဝှစ် ဖောင်း"

"အမလေးတော်"

ခြေသလုံးသားအစ်အစ်ကြီးမှာ လွန်းကလေး၏ နှုတ်သီးဒဏ်ကြောင့် ထူပူသွား၏။ လက်ထဲကတုတ်နှင့် ရိုက်မည်လုပ်သော်လည်း လွန်းကလေးက သုံးလေးချက်ခုန်ခွပ်လိုက်သဖြင့် ဒေါ်လုံးတင်ကြီးလည်း အော်ဟစ်ပြေးရလေတော့၏။

ထိုစဉ် လွန်းကလေးသည် ဒေါ်လုံးတင်တို့အိမ်ရှေ့မှနေ၍ ပြေးထွက်သွားရာ ကလေးတစ်အုပ်နှင့် တွေ့ပြန်၏။ ကလေးတစ်အုပ်ဆိုသည်မှာ အောင်ပုတို့လူစုဖြစ်၏။



လွန်းကလေးကိုမြင်တော့ သူတို့လူစုအတင်းဖမ်းမည် အလုပ်တွင် လွန်းကလေးက နီးရာကိုပြန်ခွပ်နေသဖြင့် အောင်ပုတို့လူစုလည်း ကြောက်ပါပြီဗျ လို့အော်ဟစ်ပြေးကုန်ကြ၏။

လွန်းကလေးသည် အောင်ပုတို့လူစုပြီးသည်နှင့် ရွာလမ်းမဘေးရှိ ညောင်ညိုပင်ကြီးအောက်တွင် ငိုက်မျဉ်းနေသော နွားပြာကြီး၏ ဖင်ပိုင်းကို အပြေးခွပ်ပစ်လိုက်၏။

နွားပြာကြီးမှာ ရုတ်တရက်မို့ အလန့်တကြားအော်ဟစ်ပြီး ထလိုက်၏။ ထို့နောက် လွန်းကလေးကို ချိုနှင့်ပြန်ခွေ့မည်လုပ်ရာ လွန်းကလေး တောင်ပံနှစ်ဖက်ကို တဖျပ်ဖျပ်ခတ်ပြီး ထွက်ပြေးသွား၏။

ထိုစဉ် လွန်းကလေးလုပ်ရပ်က တစ်ရပ်လုံးပျံ့နှံ့သွား၏။ လွန်းကလေးကို ကြက်ရူးပျံသည်ဟု ထင်ကုန်ကြ၏။ ထို့ကြောင့်လည်း အော်သံခေါ်သံတွေနှင့် ဆူညံကုန်၏။

လွန်းကလေးမှာ စည်းရိုးတစ်ခုပေါ် ခုန်တက်လိုက်ရာ တန်းပေါ်မရောက်ဘဲ ချုံပုတ်ထဲထိုးကျသွား၏။ ထိုအခါ သူကျသွားသည့်နေရာမှာ ဦးလေးပန်းခင်၏ ခွေးကြီးဂုတ်ကျား အိပ်ပျော်နေသောနေရာဖြစ်ရာ အသံကြောင့် ဂုတ်ကျားမှာလည်း လန့်နိုးလာ၏။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

"ကတော်. . . ကတော်"

"ဝှစ်. . . ဖောင်း"

"ကိန် ကိန် ဝေါင်း ဝေါင်း"

ဂုတ်ကျားက လွန်းကလေးကို အတင်းထိုးဟောင်၏။ ထိုအခါ လွန်းကလေးက တောင်ပံတစ်ချက်ရိုက်လိုက်ပြီး ဂုတ်ကျားမျက်နှာကို အတင်းခုန်ခွပ်လိုက်၏။

ဂုတ်ကျားခမျာ နာလွန်းသဖြင့် တကိန်ကိန်နှင့် အော်သွား၏။ လွန်းကလေးက နောက်မဆုတ် သုံးလေးချက်ခွပ်နေ၏။

တစ်ချိန်တွင် လွန်းကလေး၏ နှုတ်သီးကြီးက ဂုတ်ကျား၏ ညာဘက်ရှိ မျက်စိကို ဆိတ်မိသွားရာ ဂုတ်ကျားမှာ ဒေါသတကြီးဖြစ်လာပြီး လွန်းကလေးကို အတင်းထိုးကိုက်လိုက်၏။

ထိုအခါ လွန်းကလေး၏ ညာဘက်တောင်ပံမှာ ဂုတ်ကျား၏ ပါးစပ်ထဲရောက်သွား၏။ ဂုတ်ကျားသည် အတောင်ပံကို တအားခဲထား၏။ လွန်းကလေးမှာ ကတော် ကတော်နှင့် အော်ရင်း အတင်းရုန်းနေ၏။

ဂုတ်ကျားက အလွတ်မပေး။ ထိုစဉ် ဦးလေးပန်းခင် ရောက်လာပြီး ဂုတ်ကျားကို အတင်းတွန်းလွှတ်နေ၏။ သို့သော် ဂုတ်ကျားက လွန်းကလေး၏တောင်ပံကို အလွတ်မပေးဘဲ ကိုက်လိုက်ရာ တောင်ပံတစ်ဖက် သွင်သွင်ကျိုးသွား၏။

ဦးလေးပန်းခင်က အတင်းရိုက်တော့မှဘဲ ဂုတ်ကျားသည် လွန်းကလေးကို လွှတ်ပေးလိုက်၏။ လွန်းကလေးခမျာ မြေပြင်ပေါ်တွင် ယက်ကန်ယက်ကန်ဖြစ်နေ၏။ ဦးလေးပန်းခင်သည် လွန်းကလေးကို ပွေ့ချီလိုက်၏။

တောင်ပံတစ်ဖက်မှာလည်း သွေးစိမ်းရှင်ရှင် ထွက်နေ၏။ ဂုတ်ကျားမှာ မျက်လုံးတစ်လုံး ပေါက်သွားသဖြင့် တအီအီနှင့်



ညည်းညူနေရ၏။ ဦးလေးပန်းခင်သည် လွန်းကလေးကိုကြည့်ရင်း အံ့သြနေ၏။ ခွေးတွေ၊ နွားတွေ၊ လူတွေကိုပါ ခွပ်ရဲသဖြင့် စိတ်ထဲတွင် မသင်္ကာ။ ထို့ကြောင့် လွန်းကလေးတစ်ကိုယ်လုံးကို နမ်းကြည့်လိုက်ရာ အရက်နံ့ရ၏။

"ဟာ. . . ဘယ်သူများ ဒီကြက်ကလေးကို အရက်တိုက်ထားပါလိမ့်၊ သြော်. . . ဒါ့ကြောင့် တွေ့ရာမြင်ရာကို လိုက်ခွပ်နေတာကိုး ခက်ပါ့ကွာ၊ ဟေ့. . . ဖိုးကုလား ဟေ့. . . ဖိုးကုလား မင်းကြက်ကလေးဒီမှာဟေ့. . ."

ဦးလေးပန်းခင်သည် လွန်းကလေးကို မြင်သည်နှင့် ဖိုးကုလား၏ ကြက်ကလေးမှန်းသိနေ၏။ ထို့ကြောင့်လည်း လှမ်းခေါ်လိုက်ရာ မကြာခင် ဖိုးကုလား အပြေးရောက်လာ၏။

လွန်းကလေးကိုမြင်တော့ သူစိတ်မကောင်း။ တောင်ပံတစ်ဖက်ကကျိုးနေပြီး အောက်သို့ကားကျနေ၏။

"ဒါ. . . မင်းကြက်မဟုတ်လား"

"ဟင်. . . ဟုတ်ပါတယ် ဦးလေးပန်းခင်"

"ဟာ. . နေစမ်းပါဦး ဖိုးကုလားရဲ့ မင်း ဒီကြက်ကလေးကို အရက်တွေတိုက်ထားတယ် မဟုတ်လား"

"ဗျာ. . ."

"မေးတာဖြေလေကွာ"

"ဟုတ်ပါတယ် ဦးလေးပန်းခင်"

"ဟေ. . . ကြံကြံဖန်ဖန် ဖိုးကုလားရာ၊ မင်းကဘာလို့ ဒီလိုလုပ်တာလဲကွ"

"ဟို. . . ဟို လွန်းကလေးကို သတ္တိတွေရှိ ရှိလာအောင်ပါ ဦးလေးပန်းခင်"

"ဘာကွ. . . သတ္တိ ဟုတ်လား"

ဖိုးကုလားသည် လွန်းကလေးကို ဘာ့ကြောင့်အရက်တိုက်ရသည်ကို ပြောပြလိုက်၏။ သူ့စကားကြားတော့ ဦးလေးပန်းခင်မှာ မျက်လုံးပြူးမျက်ဆံပြူး ဖြစ်နေ၏။

"အို. . . မဟုတ်တာ ဖိုးကုလားရယ် မင်းတော့ လွဲနေပြီဟေ့၊ ကဲ. . ကဲ ရော့. . ရော့ လွန်းကလေးလည်း သေများသေပြီလားမသိဘူး"

ဦးလေးပန်းခင်သည် လွန်းကလေးကို ဖိုးကုလားလက်ထဲ လှမ်းပေးလိုက်၏။ ဖိုးကုလားသည် သူ့ကြက်ကလေးကို ကြည့်ရင်း စိတ်မကောင်းဖြစ်နေ၏။ တောင်ပံတစ်ခုလုံး သွေးတွေရွှဲရွှဲစိုနေ၏။ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင်ဖြစ်နေ၏။

ဖိုးကုလားသည် လွန်းကလေးကို မပိုက်ရဲပိုက်ရဲနှင့်ပိုက်ကာ အိမ်ဘက်ပြန်လာ၏။ လမ်းတစ်ဝက်အရောက်တွင် လွန်းကလေးခမျာ ဂုတ်ကျားကြီး၏ တိုက်ခိုက်မှုကြောင့် သွေးထွက်လွန်ကာ သေဆုံးသွား၏။

ဖိုးကုလားမှာ လွန်းကလေးအတွက် စိတ်မကောင်းကြီးစွာဖြစ်မိ၏။ ဖခင်လုပ်သူမှာလည်း သူ့ကိုဆူလိုက်သည်မှာ ရစရာပင်မရှိတော့။ တစ်ရွာလုံးမှာလည်း ဖိုးကုလားနှင့်လွန်းကလေးတို့ကိစ္စက ပွက်လောညံသွား၏။



ညနေပိုင်းရောက်တော့ ဖိုးကုလားတစ်ယောက် ဘွားရွှေလ၏ ကြေးစည်သံကြားသဖြင့် လွယ်အိတ်လွယ်ကာ ထွက်လာ၏။ ထွက်သာထွက်လာသည် စိတ်ကပါသည်တော့ မဟုတ်ပါချေ။

သူရောက်ရှိသွားစဉ် လူတွေစုံနေပြီဖြစ်သဖြင့် ဘုရားဝတ်ပြုလိုက်ကြပြီး၊ ပြီးသည်နှင့် စာအမေးအဖြေ လုပ်လိုက်ကြ၏။ ထို့နောက် ဘွားရွှေလသည် မှုန်ကုပ်ကုပ်လုပ်နေသော ဖိုးကုလားကို လှမ်းခေါ်လိုက်သည်။

"ဟဲ့. . . လူကလေး ဖိုးကုလား"

"ဗျာ. . . ဘွားရွှေလ"

"မနက်က မင်း ကြက်ကလေးကို အတင်းအရက်တိုက်တယ်ဆို. . . "

"ဟုတ်. . . ဟုတ်ပါတယ် အဘွား"

"ဟေ. . . ဘာကြောင့်များလဲကွဲ့"

"ဟို. . . သူက သတ္တိမရှိတော့ အဖေ့လိုပဲ အရက်သောက်ပြီး သတ္တိရှိလာမယ်ထင်တာနဲ့ အရက်တိုက်တာပါ အဘွား"

"ဘုရား. . . ဘုရား မကြံအပ်တာကွယ်၊ နေပါဦး မင်းကြက်ကလေးသေပြီ မဟုတ်လား. . . "

"ဟုတ်တယ် အဘွား"

"အေး. . . ငါကြားတာတော့ ခွေးတစ်ကောင်မျက်လုံးပေါက်သွားတယ် ကြားတယ်၊ အောင်ပုတို့လူစု အခွပ်ခံရတယ်။

ရွာထဲမှာလည်း မင်းကြက်ကလေးကြောင့် ကမ္ဘာပျက်သလို ဖြစ်သွားတယ်တဲ့ ဟုတ်လား"

"ဟုတ်ပါတယ် အဘွား"

"ဘာလို့ ဒီလိုလုပ်ရတာလည်းကွယ်၊ ဘာလဲ အရက်တိုက်ရင်မိုက်သွေးဝင်ပြီး သတ္တိတွေရှိလာမယ် မင်းထင်သလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ဘုရား . . . ဘုရား မင်းမှားနေပြီ ဖိုးကုလားရဲ့ မင်းအယူအဆတွေမှားနေပြီကွဲ့၊ ဒါ သတ္တိမဟုတ်ဘူးကွဲ့၊ မင်းအယူအဆတွေ တစ်လွဲဆံပင်ကောင်းနေပါလားကွယ်"

"ဗျာ . . . ဘာ ဘာဖြစ်လို့လဲ အဘွား"

ဖိုးကုလားရောချိုတူးပါ ဘွားရွှေလ၏ စကားကို နားမလည်နိုင်အောင် ဖြစ်နေ၏။ စင်စစ် သူတို့ဖခင်များသည် အရက်သောက်ပြီးသည်နှင့် သွေးဆိုးတတ်ကြ၏။

အော်ဟစ်ဆဲဆိုကာ ရွာလည်ပြီး ရန်ဖြစ်တတ်၏။ ထို့ပြင် ဖခင်ကြီးနှင့်အရက်သမားများကြား နေခဲ့ရသူများမို့ အရက်ကို ရဲဆေးဟုမှတ်ယူထားခဲ့ကြ၏။ ယခုတော့ ဘွားရွှေလ၏ စကားတွေကြောင့် နှစ်ယောက်စလုံးအံ့သြနေကြ၏။ ထိုစဉ် ဘွားရွှေလက -

"အင်း . . . အတော်ပဲကွယ်၊ ဘွားရွှေလကလည်း လူတွေစောင့်ထိန်းရမယ့်အချက် ငါးချက်ကို တစ်ချက်ခြင်း တစ်ချက်ခြင်း ရှင်းပြခဲ့တာ အသိပဲ၊ ခုနောက်ဆုံးအချက် ပြောဖို့ကျန်နေတယ်၊ အဲဒီအချက်က မူးယစ်သေရည်သောက်သုံးခြင်းကို စောင့်စည်းရမယ်ဆိုတာ မင်းတို့ကိုလည်း ပြောပြီးပြီ၊ ဒါပေမယ့် မင်းတို့ နားမလည်ကြသေးဘူး၊ ဒါ့ကြောင့်လည်း ဖိုးကုလားရဲ့ အယူအဆတွေလွဲမှားနေတာပေါ့ကွဲ့၊ ကဲ . . . နားထောင်ကြ၊ သတ္တိဆိုတာ ဆင်ခြင်တုံတရားရှိရှိနဲ့ ရဲရင့်စွန့်လွှတ်စိတ်ရှိသူကိုမှ သတ္တိရှိတယ်လို့ခေါ်တာကွဲ့၊ ဥပမာ ဒီကနေ့ ရှေ့တန်းမှာတိုက်ခိုက်နေကြတဲ့ တပ်မတော်သားကြီးတွေကိုကြည့်၊ သူတို့ဟာ ကျည်ဆံတွေ၊ အမြောက်တွေ၊ ဗုံးသီးတွေကြားမှာ စွန့်စားဖြတ်သန်းရင်း အသက်ပေးရပေးရ၊ အသွေးပေးရပေးရ တိုက်ခိုက်နေကြတယ်၊ ဒီလို စွန့်စားစွန့်လွှတ်ကြာတာ ဘာ့ကြောင့်လဲ တို့ပြည်သူပြည်သားတွေ အေးအေးချမ်းချမ်းနေလို့ရအောင်ကာကွယ်စောင့်ရှောက်တယ်ဆိုတဲ့ အသိတရားစိတ်ကြောင့် ပေါ့ကွယ်၊ ဒီတော့ အဲဒီစိတ်ကို သတ္တိရှိတဲ့စိတ်၊ ခွန်အားရှိတဲ့ စိတ်လို့ခေါ်သကွဲ့၊ ဒါပေမယ့် အရက်သောက်ရဲဆေးတင်ပြီး သတ္တိရှိတာကြတော့ ဆင်ခြင်တုံတရားလုံးဝမပါတော့ဘူးကွဲ့၊ သူဟာသေရည်မူးယစ်မှုရဲ့ ဆိုးကျိုးအာနိသင်ကြောင့် အသိစိတ်ကင်းသွားပြီး ထင်ရာလုပ်တတ်၊ ကိုင်တတ်၊ ပြောတတ်ကြတယ်၊ အဲဒီအခါမှာ သူများကိုရိုက်ရဲတယ်၊ သတ်ရဲကြတယ်၊ ဒါပေမယ့် ဒါကို သတ္တိလို့မခေါ်ဘူးကွဲ့၊ လွဲမှားတဲ့သတ္တိ၊ ချိနဲ့တဲ့ခွန်အားရှိတဲ့လူလို့ ခေါ်ရမယ်ကွဲ့၊ အဲဒီလို သတ္တိရှိတာမျိုးကို ဘယ်ပတ်ဝန်းကျင်ကမှ လူစွမ်းကောင်းကြီးလို့ သတ်မှတ်မှာမဟုတ်ဘူးကွဲ့၊ ဒါ့ကြောင့် ဖိုးကုလား ယူဆထားသလို သူ့ကြက်ကလေးကို အရက်ဆိုတဲ့ရဲဆေးတင်ပြီး မိုက်ရူးရဲလုပ်ခိုင်းတာ တကယ်တော့

လွဲမှားတဲ့အယူအဆပဲကွဲ့၊ အမူးပြေသွားတော့ ကြောက်တဲ့စိတ်ဝင်လာတတ်တယ်. . . ”

“ဟင်. . . ဒါဆို စစ်သားကြီးတွေ လုံးဝမကြောက်ဘူး ပေါ့နော် ဘွားရွှေလ”

“ဒါပေါ့ကွယ်၊ သူတို့ရင်ထဲမှာ တိုင်းပြည်နဲ့လူမျိုးအတွက် ဆိုတဲ့ ဆင်ခြင်အသိကြောင့် ကြောက်စိတ်လုံးလုံးမရှိတော့ ဘူးကွဲ့၊ ဒါ့ကြောင့် သူတို့ကို အာဇာနည်ကြီးတွေ သူရဲကောင်း ကြီးတွေလို့ လူတွေအားလုံးက အသိအမှတ်ပြုကြတာပေါ့ကွယ်၊ အေး. . မင်းတို့မှတ်ထားဖို့က သေရည်အရက်ဟာ ဘယ်တော့မှ ကောင်းကျိုးပြုမယ့်အရာ မဟုတ်ဘူးကွဲ့၊ ပြီးတော့ ဒီကနေ့ ပေါ်ပေါက်လာတဲ့ မူးယစ်ဆေးဝါးတွေဟာလည်း အရက်ထက် ပိုပြီး ကြောက်စရာကောင်းလှတဲ့ အရာပဲကွဲ့”

“ဟို. . . ဘိန်းဖြူကို ပြောတာလား အဘွား”

“ဒါပေါ့ မိညက်ရဲ့၊ အဲဒီဘိန်းဖြူကို တချို့က နံပါတ်ဖိုးလို့ ခေါ်တယ်၊ အဲဒီလိုပဲ အလားတူ ကုတ်ကင်း၊ မော်ဖင်း၊ ဖင်စီဒိုင်း အက်ဖီတမင်းဆိုတဲ့ မူးယစ်ဆေးဝါးတွေဟာလည်း လူတွေအားလုံး ဘဝတုံးသွားအောင် အသက်ဆုံးသွားအောင်၊ အသိဉာဏ်မိုက် မဲသွားအောင်လုပ်နိုင်တယ်ကွဲ့၊ သူတို့ကို သောက်သုံးလိုက်တဲ့ အခါမှာ စောစောကအရက်သောက်သလိုပဲပေါ့ကွယ်၊ ဘယ်သူ့ သတ်ရမလဲ၊ ဘယ်သူ့ဖြတ်ရမလဲနဲ့ အလွန်ပဲကြောက်စရာကောင်း တာကွဲ့”

“ဟုတ်ကဲ့ ဘွားရွှေလ”



“ဒါပေါ့ကွယ်. . အင်း. . ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဘွားရွှေလ ပြောချင်တာ ရှိသေးတယ်ကွဲ့၊ အဘွား မြို့ရောက် တုန်းကပေါ့ကွယ်. .၊ အဲဒီမှာ သိပ်ချမ်းသာတဲ့ အမျိုးသမီးကြီး တစ်ယောက်ရှိတယ်၊ အမည်က ဒေါ်စိန်မြသာတဲ့၊ ချမ်းသာလိုက် တာမှ ကားသုံးလေးစီး၊ တိုက်သုံးလေးလုံးနဲ့ကွဲ့၊ တစ်ကိုယ်လုံး လည်းစိန်တွေက တဖိတ်ဖိတ်လက်လို့ကွဲ့၊ အဲဒီလို ချမ်းသာ လွန်းတဲ့ ဒေါ်စိန်မြသာမှာ ဖိုးသည်းဆိုတဲ့ သားလေးတစ်ယောက် ရှိတယ်။ အဲဒီ ဖိုးသည်းဟာ မိခင်ကြီးကလည်း အလိုလိုက်၊ အသိုင်းအဝိုင်းတစ်ခုလုံးကလည်း အလိုလိုက်ဆိုတော့ ဆိုးချင် တိုင်းဆိုးတာပေါ့ကွယ်၊ အရွယ်ကလည်း ငယ်ငယ် ပိုက်ဆံ ကလည်း ရေလိုသုံးနိုင်ဖြုန်းနိုင်တာမို့ မိုးမမြင်လေမမြင် ဖြစ်နေ တာပေါ့. . .၊ ဒီလိုလွတ်ချင်တိုင်းလွတ်၊ ဆိုးချင်တိုင်းဆိုးနေ တာကို မအေလုပ်သူက လက်ပိုက်ကြည့်နေခဲ့တယ်၊ ပြီးတော့ သူကိုယ်တိုင်လည်း ခေတ်မီအောင် ခေတ်ရှေ့ပြေးအောင် နေတတ်၊ ထိုင်တတ်၊ ဝတ်တတ်၊ စားတတ်တာကွဲ့၊ လက်ကြား ထဲမှာ အမြဲတမ်းကြည့်လိုက်ရင် စီးကရက်ကို ဘယ်တော့မှ မချဘူး”

“ဟင်. . . စီးကရက် သောက်တယ်”

“ဒါပေါ့ကွယ်၊ ပြောရရင် လူကုံထံ လူချမ်းသာအသိုင်း အဝိုင်းမှာနေတဲ့ မိန်းမမို့ လူအထင်ကြီးအောင် စီးကရက်တဖွာ ဖွာလုပ်တတ်တာပေါ့”

“ပြော်. . . ”

"အေး. . . အဲဒီလိုနေလာလိုက်တာ ဖိုးသည်းလေးရဲ့ အခြေအနေဟာ တစ်နေ့တခြား ဆိုးလာသကွဲ့၊ ပြောရရင် ဘွားရွှေလက ဖိုးသည်းတို့ကျောင်းက ကျောင်းဆရာမလေ၊ ဒီတော့ ဖိုးသည်းအခြေအနေကို သူ့အမေသိအောင် ဘွားရွှေလကိုယ်တိုင် သွားပြောခဲ့ဖူးတယ်"

"ဟုတ်လား ဘွားရွှေလ"

"ဒါပေါ့ကွယ်. . . အဲဒီလို ပြောခဲ့လို့လည်း သူ့အမေ ဒေါ်စိန်မြသာဟာ အဘွားကို မုန်းပြီး ကလေးကို ကျောင်းက ထုတ်လိုက်တယ်လေ"

"ဟင်. . . ဘာဖြစ်လို့လဲ အဘွား"

"ဩော်. . . သူက သူ့သားမကောင်းကြောင်းပြောတာကို ကြိုက်မှမကြိုက်ဘဲကွယ်၊ အဘွားဟာ သားတပည့်တွေ ဒုက္ခတွေ့မှာစိုးလို့ ပူပန်ပြီးပြောတာပဲကွယ်၊ နောက်ဆုံးမှာ အဘွားလေ မျက်ရည်ကျပြီး ကျောင်းကမထုတ်ဖို့ ပြောတာကွဲ့၊ ဒါပေမယ့် မရပါဘူးကွယ်၊ ဒေါ်စိန်မြသာဟာ သူ့သားလေးကို အဘွားတို့ကျောင်းထက် အဆင့်အတန်းမြင့်တဲ့ ကျောင်းကြီးမှာ သွားထားတယ်လေ"

"ဩော်. . ."

"အဲဒီလိုလည်းထားရော ဖိုးသည်းဟာ အပေါင်းအသင်း ပိုစုံလာတယ်၊ သူငယ်ချင်းတွေများလာတော့ ငယ်ငယ်လေးနဲ့ အရက်တွေ၊ လောင်းကစားတွေကအစ တတ်လာတယ်၊ ဒီလိုနဲ့ အရက်ကတစ်ဆင့် မူးယစ်ဆေးဝါးစမ်းပြီး သုံးကြည့်တာ



ပေါ့ကွယ်၊ ပြောရရင် ဘိန်းဖြူကို စီးကရက်ထဲထည့်ပြီးသောက်ကြည့်တာပေါ့၊ အဲဒီလိုသောက်တာကို မအေလုပ်သူက မသိဘူးကွဲ့၊ အဲဒီလိုနဲ့ ခိုးသောက်ရင်း၊ ခိုးသောက်ရင်း ဘိန်းဖြူစွဲသွားတာပေါ့၊ ဒီအခါမှာ မအေကြီး မသိအောင်တစ်မျိုး၊ သိအောင်တစ်မျိုး ပိုက်ဆံတွေတောင်းတာပေါ့၊ ပိုက်ဆံမပေးရင် မရှိ၊ ရှိတာ အတင်းတောင်းတာကွဲ့"

"ဟင်. . . သိပ်မိုက်တာပဲနော် ဘွားရွှေလ"

"ဒါပေါ့ကွယ် အဲဒီလိုဆိုးမိုက်လာတာကို မအေက ဂရုမထားနိုင်ဘူးလေ၊ အလုပ်ကလည်း မအားမလပ်ဘူးပေါ့၊ အဲဒီလို ဖိုးသည်းလေးဟာ ဘိန်းဖြူစွဲလာတော့ မိခင်ကြီးပိုက်ဆံတွေ မရ၊ ရအောင်ခိုးဝှက်ပြီး ဘိန်းဖြူဝယ်တော့တာပေါ့၊ ပြီးတော့ သူငယ်ချင်းတွေကလည်း သူမကောင်းမှုလုပ်ဖို့ တိုက်တွန်းတာပေါ့၊ အဲဒီလိုလုပ်လာရင်းနဲ့ တစ်နေ့ မိခင်လုပ်သူက သတိထားမိလာတယ်လေ၊ ဒါ့ကြောင့် ပိုက်ဆံတွေကို သိုသိုဝှက်ဝှက်သိမ်းဆည်းတော့ ဖိုးသည်းဟာ ဘိန်းဖြူတန်ခိုးကြောင့် ဒေါသတွေဖြစ်နေတာပေါ့၊ ပြောရရင် ဘိန်းဖြူတစ်နေ့မသောက်ရရင် မနေနိုင်တော့ဘူး ဖြစ်လာတယ်လေ၊ ဒါ့ကြောင့် ပိုက်ဆံရအောင် ဘယ်လိုကြံရမလဲ စဉ်းစားတဲ့အခါမှာ သူငယ်ချင်းတွေရဲ့ အကြံဉာဏ်ကြောင့် သူဟာ ကြောက်စရာကောင်းလှတဲ့ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်ဖို့ ကြံစည်လိုက်သတဲ့ကွယ်"

"ဘာ. . . ဘာအမှုလဲ အဘွား"

"အေး. . . အမှုကတော့ တခြားမဟုတ်ဘူးကွဲ့၊ သူဟာ စီးကရက်ထဲ ဘိန်းဖြူထည့်ပြီး၊ သူ့မိခင်ကြီး သောက်နေကျ စီးကရက်ဘူးထဲ လဲထည့်ခဲ့တယ်၊ ဒီအခါမှာ သူ့မိခင်ကြီးကတော့ မသိရှာဘူးပေါ့ကွယ်၊ ဒါ့ကြောင့် ဖိုးသည်းထည့်ထားတဲ့ ဘိန်းဖြူ စီးကရက်တွေကို တစ်လိပ်ချင်းတစ်လိပ် သောက်ရာက ကြောက်စရာကောင်းလှတဲ့ ဘိန်းဖြူအရသာကို စွဲမက်သွားတယ်လေ"

"ဟင်. . . ဟင်း. . . ဒါဆို ဖိုးသည်းက သူ့အမေကို လိမ်လည်ပြီး ဒုက္ခပေးတာပေါ့နော်"

"အေးပေါ့ကွယ်. . . အဲဒီလိုနဲ့ မိခင်ကြီးလည်း ဘိန်းဖြူစွဲလာတော့ ဖိုးသည်းကို ဝယ်ခိုင်းတာပေါ့၊ ဖိုးသည်းကလည်း၊ မိခင်ကြီးထုတ်ပေးသမျှ ပိုက်ဆံနဲ့ ဘိန်းဖြူဝယ်၊ သူလည်းသောက်၊ သူငယ်ချင်းတွေလည်းသောက် မအေကိုလည်း တိုက်နဲ့ ကြောက်ခမန်းလိလိ ဆိုးဝါးကုန်တာပေါ့၊ အဲဒီလို ဆိုးဆိုးဝါးဝါး ဖြစ်လာတဲ့အခါမှာတော့ ဖိုးသည်းလေးရဲ့ အခြေအနေဟာ အတော့်ကို ဆိုးနေပြီကွဲ့၊ မိခင်ကြီး ဒေါ်စိန်မြသာခမျာလည်း ကျန်းမာရေး နဂိုကတည်းက မကောင်းတာမို့၊ ဘိန်းဖြူလည်း စွဲရော အစားအသောက်ကိုတောင် မစားမသောက်တော့ဘဲ ဘိန်းဖြူမှ ဘိန်းဖြူ ဖြစ်လာတယ်လေ၊ ဒီလိုနဲ့ နောက်ဆုံးတော့ အဲဒီ ဘိန်းဖြူစိတ်နဲ့ ဒေါ်စိန်မြသာတစ်ယောက် အိပ်ရာထဲလဲတော့တာပဲ၊ နဂိုတုန်းက ဝဝဖြိုးဖြိုး ခန့်ခန့်ညားညားရှိတဲ့ ဒေါ်စိန်မြသာဟာ ယူပစ်လိုက်သလိုပဲ တစ်ခါတည်းကို ပိန်းချုံး



ပြားချပ်သွားတာပေါ့၊ ဒီအချိန်မှာ အတွင်းပစ္စည်းတွေလည်း ကုန်လုမတတ်ဖြစ်နေပြီလေ၊ အလုပ်လည်းမလုပ်နိုင်၊ ရှိသမျှတွေလည်းရောင်းချပြီး ဘိန်းဖြူကိုပဲစွဲစွဲလမ်းလမ်း လုပ်နေကြတော့ အဲဒီလို ဒုက္ခကြောင့် နောက်ဆုံး ဒေါ်စိန်မြသာလည်း မအိပ်နိုင်၊ မစားနိုင်ဖြစ်ပြီး အသက်ပါ ဆုံးတာပေါ့ . . . "

"ဟင် . . . သနားစရာပဲ ဘွားရွှေလရယ်"

"ဒါပေါ့ကွယ်၊ အဲဒီလို မအေဆုံးတာကို ဖိုးသည်းက ဂရုမထားနိုင်ဘူး၊ ဘိန်းဖြူသောက်လို့ကောင်းတုန်း ဒီအချိန်မှာ ရဲအဖွဲ့က သတင်းရသွားပြီး ဖိုးသည်းကို တက်ဖမ်းတော့ သူတို့အားလုံး ဘိန်းဖြူပိုက်တွေ၊ အပ်တွေ၊ ဆေးမှုန့်တွေနဲ့ မိသွားတယ်လေ၊ သူထောင်ကျသွားတဲ့အချိန်မှာ သူ့မိခင်ဒေါ်စိန်မြသာရဲ့ အသုဘချလိုက်ရတဲ့အချိန်ပေါ့၊ ဒီလိုနဲ့ ထောင်ထဲရောက်မှပဲ ဖိုးသည်းဟာ နောင်တတရားရတယ်လေ၊ ဘိန်းဖြူကြောင့် သူ့မိခင်ကို သူသတ်သလိုဖြစ်သွားပါလားလို့ သတိတရား ရလာသတဲ့၊ ဒါပေမယ့် အချိန်က နှောင်းနေပြီလေ . . . "

"ဒါ ဟုတ်တာပေါ့ ဘွားရွှေလရယ်"

"အေး . . ဖိုးသည်းလေးဟာ ထောင်ထဲလည်းရောက်ရော သူ့အပြစ်တွေ သူသတိရလာပြီး အကြီးအကျယ်ခံစားနေရတာပေါ့၊ ပြီးတော့ ဘိန်းဖြူမသောင်ရရင် မနေနိုင်တဲ့အဖြစ်မို့ သူဟာ ထောင်ထဲမှာ လူးလူးလိမ့်လိမ့် ခံစားနေရတာပေါ့၊ ဒီလိုနဲ့ နောက်ဆုံးတော့ ဖိုးသည်းကို ထောင်ဆေးရုံတင်ပြီး

ကုသပေမယ့် မရတော့ဘူးကွဲ့၊ ဘိန်းဖြူက ကျွမ်းနေပြီ၊ အရိုးတွေ၊ အရေတွေ ဆွေးမြေ့နေပြီကွဲ့ . . .”

“ဟင် . . . ကြောက်စရာကြီးနော် . . . ”

“ဒါပေါ့ကွယ်၊ အဲဒီလိုနဲ့ ဆေးရုံက ဆရာဝန်တွေ ကြိုးစားကုပေမယ့် ဖိုးသည်းခမျာ ဖုတ်လိုက်ဖုတ်လိုက်ပဲ ကျန်တော့တာပေါ့ကွယ်၊ နောက်ဆုံးတော့ ဘာမှ မစားမသောက်တော့ပဲ သူဟာ သေဆုံးသွားခဲ့တယ်လေ . . .”

“ဟင် . . . သနားပါတယ် ဘွားရွှေလရယ်”

“အေး . . . အဲဒါကြောင့် ပြောတာပေါ့ကွယ် ‘မူးယစ်သေရည် တစ်တို့မီက လူ့ပြည်ကျောခိုင်း ခြေလှမ်းပြင်’ တဲ့၊ အဲဒီ ကဗျာလေးလိုပေါ့ကွယ်၊ အဲဒီလို မူးယစ်သေရည်ကို တစ်တို့တစ်ပေါက်သောက်စို့လိုက်တာနဲ့ သေရွာကို ခြေလှမ်းပြင်လိုက်တာနဲ့ အတူတူပဲကွဲ့ . . .”

“ဟုတ်ကဲ့ပါ အဘွား”

“အေး . . . အဲဒါကြောင့် သေရည်မူးတဲ့စိတ်ကြောင့်ဖြစ်လာတဲ့ ရဲစိတ်ဟာ တစ်လွဲဆံပင်ကောင်းတဲ့စိတ်ကွဲ့၊ ပြစ်မှုမကင်းတဲ့စိတ်ပေါ့ကွယ်၊ အဲဒီစိတ်ရှိလာပြီဆိုရင် ထောင်ကျကျ တန်းကျကျ သေသေကျေကျေ မပူတော့ဘူးကွဲ့၊ ဒါကြောင့် မင်းတို့အတွက် ရှောင်အပ်တဲ့တရားပေါ့ကွယ်၊ ဘွားရွှေလ ပြောတာ နားလည်ပြီလား ဖိုးကုလား . . .”

“ဟုတ် . . . ဟုတ်ကဲ့ ဘွားရွှေလ သားအမှားလုပ်မိပါတယ်အဘွား”



“အေး . . . သတိထားပေါ့ကွယ်၊ ပြီးတော့ ဘွားရွှေလ မင်းတို့ကို ပြောပြဦးမယ်၊ တစ်ချိန်တုန်းက တိုင်းပြည်တစ်ခုမှာ အုပ်ချုပ်နေတဲ့ ဘုရင်တစ်ပါးရှိသကွဲ့၊ သူဟာ အစားအသောက်လည်းကျူးသလို သေရည်သေရက်တွေကိုလည်း မက်မက်မောမောသောက်တာကွဲ့၊ ပြီးတော့ အရက်သောက်ရင် သူဟာ အသားပါမှ စားချင်သောက်ချင် မြည်းချင်တာပေါ့ကွယ်၊ အဲဒီလိုနဲ့ သူ အရက်မြည်းဖို့ ထမင်းချက်၊ ဟင်းချက်တွေက စီစဉ်ပေးရတာပေါ့၊ ပြီးတော့ ဘုရင်ကြီးက အရက်သောက်ပြီဆို အမြည်းက အသားပါမှဖြစ်တာကွဲ့၊ ဒီလိုနဲ့ တစ်နေ့ ဘုရင်ကြီးဟာ အရက်သောင်းရင်းနဲ့မြည်းဖို့ အသားပန်းကန်ကိုရှာတော့ အသားတုံးတစ်ဘက်မှ မတွေ့တာနဲ့ စားတော်ချက်ကို ခေါ်ပြီး မေးတာပေါ့ကွယ်၊ အဲဒီလိုမေးတဲ့အခါမှာတော့ စားတော်ချက်က -

“စားတော်ချက်ဆိုတာ ဘာလဲအဘွား”

“သြော် . . စားတော်ချက်ဆိုတာ ထမင်းချက်၊ ဟင်းချက်တဲ့လူပေါ့ကွယ်”

“သြော် . . . ဟုတ်ကဲ့”

“အေး . . . အဲဒီလိုလည်းမေးရော စားတော်ချက်က ဘုရင်ကြီးကို ဘယ်လိုပြောသလဲဆိုတော့ ဒီနေ့ဟာ ဥပုသ်နေ့ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဈေးထဲမှာ အသားငါး လုံးဝမရောင်းပါဘူး၊ သတ္တဝါတွေကို မသတ်မဖြတ်တာမို့ အသားလုံးဝ ဝယ်လို့မရဘူး ပြောသတဲ့၊ ဒီအခါမှာ ဘုရင်ကြီးက တအား

စိတ်ဆိုးတာပေါ့၊ ဒေါသတကြီးနဲ့ အော်တော့ဟစ်တော့တာပေါ့ကွယ်၊ အဲဒီလို ဒေါသအိုး ပေါက်ကွဲလည်း ကွဲရော နန်းရင်ပြင်တစ်ခုလုံး တုန်လှုပ်သွားတာပေါ့၊ ဒီအချိန်မှာ ဘုရင်ကြီးက အရက်လည်း အတော်ကို မူးနေပြီကွဲ့၊ အသိတရားလည်း မရှိတော့ဘူးပေါ့ကွယ်၊ အဲဒီလို ဆူပူအော်ဟစ်နေတဲ့အသံကြောင့် မိဖုရား အိပ်ဆောင်ထဲမှာ အိပ်ပျော်နေတဲ့ ဘုရင့်သားတော်ကလည်း လန့်ပြီး ငိုတာပေါ့၊ အမှန်တော့ ဘုရင်ကြီးက သူ့သားလေးကို တအားချစ်တာကွဲ့၊ အဲဒီလို ချစ်ပေမယ့် အရက်မူးလာတော့ ဘုရင်ကြီးဟာ လူစိတ်ပျောက်သွားပြီလေ၊ ဒါကြောင့် စောစောက ငိုတဲ့အသံက ဘယ်သူ့အသံလဲ၊ အဲဒီ ငိုနေတဲ့သူရဲ့ အသားကို ငါစားချင်တယ်လို့ ပြောတာပေါ့၊ ဒီအခါမှာ ဘုရင့်မိဖုရားရော၊ မှူးကြီးမတ်ရာတွေကပါ သားတော်လေးဖြစ်ကြောင်း ဝိုင်းဝန်းတောင်းပန်တာပေါ့ကွယ်၊ ဒါပေမယ့် ဘုရင်ကြီးက အသိစိတ်ကင်းလွတ်နေတာမို့ ငိုနေတဲ့သူ့သားလေးကို အတင်းသတ်ဖြတ်ခိုင်းလိုက်သတဲ့ . . .”

“ဟာ . . . ရက်စက်လိုက်တာနော် ဘွားရွှေလ”

“ဒါပေါ့ကွယ် အရက်ကြောင့် အသိစိတ်ကင်းသွားတာပေါ့၊ ဒီလိုနဲ့ အားလုံးကလည်း မတတ်သာတော့ပဲ ဘုရင့်အမိန့်ကြောင့် သားတော်လေးကို သတ်ဖြတ်ပြီး ဘုရင်ကြီးမြည်းဖို့ အသားတွေ ချက်ပေးလိုက်သတဲ့၊ ဒီအခါမှာ ဘုရင်ကြီးက သူ့သားရဲ့ အသားမှန်းမသိဘူးပေါ့ကွယ်၊ အရက်နဲ့ မြိန်ရည်ယှက်ရည် စားသောက်တာပေါ့၊ ဒီလိုနဲ့ မူးမူးနဲ့အိပ်ပျော်သွားပြီး



နောက်တစ်နေ့ မိုးလည်းလင်းရော သားတော်လေးကို ချီဖို့ ရှာတော့ မမြင်ရတာနဲ့ မိဖုရားကိုမေးတာပေါ့၊ ဒီအခါမှာ မိဖုရားကြီးက မျက်ရည်စက်လက်နဲ့ ဖြစ်ကြောင်းရယ် ကုန်စဉ် ပြောပြတာပေါ့၊ ဒီအခါမှာ ဘုရင်ကြီးဟာ အကြီးအကျယ်ချောက်ချားသွားပြီး သေရည်ကြောင့် ကိုယ့်အသွေးအသားကိုတောင် စားမိပါလားလို့ နောင်တကြီးစွာရသွားသတဲ့၊ ဒါနဲ့ပဲ သူဟာ အဲဒီနေ့ကစပြီး အရက်ကို ရာသက်ပန်ဖြတ်လိုက်တာပေါ့ကွယ် . . .”

“အင်း . . . ကြောက်စရာကြီးနော် ဘွားရွှေလ”

“ဒါပေါ့ကွယ်၊ ဒါကြောင့် အဲဒီသေရည်သောက်မိပြီဆိုရင် ဘွားရွှေလပြောခဲ့တဲ့အချက်တွေကို ကျူးလွန်ဖို့ ဝန်မလေးတော့ဘူးကွဲ့၊ လိမ်ရဲတယ်၊ ခိုးရဲတယ်၊ သူတစ်ပါးအသက်သတ်ရဲတယ်၊ သူတစ်ပါး သားမယားကိုလည်း ပြစ်မှားရဲတယ်ကွဲ့၊ ဒါကြောင့် သားတို့သမီးတို့အားလုံး မှတ်ထားရမှာက သေရည်ကိုတစ်စက်ကလေးတောင် မထိမိ၊ မတို့မိကြစေနဲ့ကွဲ့၊ အေး . . ထိမိတို့မိပြီဆိုရင်တော့ ဘဝတစ်ခုလုံး ပျက်ပြီဆိုတာ မှတ်ကြပေတော့၊ ကြားလား ကလေးတို့ . . .”

“ကြားပါတယ် ဘွားရွှေလ”

“အေး . . အထူးသဖြင့် ပြောချင်တာကတော့ ဖိုးကုလားနဲ့ ချိုတူးတို့ နှစ်ယောက်ပဲ၊ ဘာကြောင့်လဲဆိုတော့ မင်းတို့ ဖခင်တွေဟာ အရက်ကို တစွတ်စွတ်သောက်နေကြတာကွဲ့၊ ဒီတော့ အတုမြင် အတတ်သင်ပြီး လမ်းမှားရောက်သွားမှာကို ဘွားရွှေလ

စိုးရိမ်မိပါတယ်၊ ဒါကြောင့် မင်းတို့နှစ်ဦးက အဘွားစကားကို နားထောင်ကြနော် . . .”

“ဟုတ်ကဲ့ အဘွား”

“အေး . . . လောကမှာ ဘွားရွှေလပြောခဲ့တဲ့ တရားငါးချက်ကို လူကလေးတို့ စောင့်ထိန်းကြည့်၊ လူချမ်းသာ လူတော် လူကောင်းလေးတွေ ဖြစ်လာမှာ သေချာတယ်ကွဲ့၊ ကိုယ်ကျင့်တရားဆိုတာ ဘွားရွှေလပြောခဲ့တဲ့ အချက်ငါးချက်ကို စောင့်ထိန်းခြင်းပဲကွဲ့၊ အဲဒီလို စောင့်ထိန်းသူကို ကိုယ်ကျင့်တရားကောင်းလှသူလို့ ဆိုရမှာပေါ့ကွယ်၊ ဒါကြောင့် သားတို့သမီးတို့ အဘွားပြောတဲ့ အချက်ငါးချက်ကို မမေ့ကြနဲ့နော် . . .”

“ဟုတ်ကဲ့ပါ ဘွားရွှေလ”

“အေး . . . . ညလည်း နက်လှပြီ၊ ဒီတော့ အဘွားရွှတ်ပြမယ့် ပဥ္စမသံပေါက်ကလေးကို လိုက်ရွှတ်ပြီး ပြန်ကြပေတော့ကွယ် . . .”

“ဟုတ်ကဲ့ပါ အဘွား . . .”

“အေး . . . အေး၊ ဒါဆို နားထောင်ကြ . . .”

ပြောပြောဆိုဆိုနှင့် ဘွားရွှေလသည် ပဥ္စမအချက်က သံပေါက်ကလေးနှင့် ရွှတ်ပြလိုက်လေ၏။

**F မူးယစ်သေရည် မမှီဝဲနဲ့**
**လူမွဲ သူမွဲဖြစ်တတ်တယ် . . .။**
**F ဆင်ခြင်စိတ်တွေ ကွယ်ကာပလို့**
**မိဘကိုပင် မှားတတ်တယ် . . .။**



**F ဒုက္ခကိုပင် ရွှေတောင်ထင်လို့**
**မစင်ထဲက လောက်ကောင်နှယ် . . .။**
**F ကြောက်စရာကွယ် ဒီအဖြစ်ကြောင့်**
**ဆန်းစစ် ဆင်ခြင်ကြပါကွယ် . . .။**
**စောင့်ထိန်းမယ် . . . စောင့်ထိန်းမယ်။ ။**

ဖိုးကုလားတို့လူသိုက် ဘွားရွှေလချပေးသော ပဥ္စမသံပေါက်ကို ညီညီညာညာ ရွှတ်ဆိုလိုက်ကြပြီးသည်နှင့် ဘွားရွှေလကို ဦးချလိုက်ကြ၏။

ထို့နောက် သူတို့အားလုံး ဘွားရွှေလချပေးသည့် သံပေါက်ကိုရွှတ်ခါ အိမ်ဘက်သို့ အသီးသီးပြန်ခဲ့ကြလေတော့၏။ ။